www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဆောထက် ကြီးကြပ် စီစဉ်သည်

ယော်မှန်စာပေ့ အမှတ်စဉ်(၂၈)

နန္ဒဝိုး

# စုံထောက်စိန်ဘန်း

# ဇိဝမိစ္ဆာ

ရုံ့ ယောက်ျား၏ထက်ဆန်းကြယ်

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ ☺ ဒေါ်သင်းသင်းမွန်၊ သင်းစာပေ
အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊ လှည်း
တန်း၊ ကမာရွတ်မြို့နယ်။

ပုံနှိပ်သူ ☺ ဖွဲ့မာန်သစ် ရောင်စုံပုံနှိပ်တိုက်
အမှတ်(၂၀၄)၊ ၃၉-လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်။

မျက်နှာဖုံးဝန်ဆို ☺ သိန်းရွှေကြည်

အဖုံးဖလင် ☺ စတား

အတွင်းဖလင် ☺ ကိုဦး

ကွန်ပျူတာစာစီ ☺ ဘိုတိုး (၃၉-လမ်း၊ အထက်)

ထုတ်ဝေသည့်လ ☺ ၂၀၁၃-ခုနှစ်၊ ဇွန်လ။

အုပ်ရေ ☺ ၅၀၀

တန်ဖိုး ☺ ၁၅၀၀ကျပ်

□□□

၈၉၅.၈၃
နန္ဒစိုး
စုံထောက်စိန်ဘန်းနှင့် ဇီဝမိစ္ဆာ / နန္ဒစိုး – ရန်ကုန်
စာမျက်နှာ– ၁၈၀ ၊ သင်းစာပေ၊ ၂၀၁၃။
၁၈၀ – စာ ၊ ၁၄ × ၁၉ စင်တီမီတာ
(၁) စုံထောက်စိန်ဘန်းနှင့် ဇီဝမိစ္ဆာ


BURMESE CLASSIC

စာရေးဆရာနန္ဒစိုး

၏

## ထွက်ရှိပြီး စာအုပ်များ


၁။ မေတ္တာသဘော ဖွင့်ကာပြောမည် (၁၉၉၁၊ ဇူလိုင်)

၂။ ကမ္ဘာကျော်စုံထောက် ဝတ္ထုတိုများ (၁) (၂၀၀၈၊ ဩဂုတ်)

၃။ ကမ္ဘာကျော်စုံထောက် ဝတ္ထုတိုများ (၂) (၂၀၀၉၊ ဇူလိုင်)

၄။ လောကနီတိစိန်ဘန်း နှင့် မြွေဟောက်မာယာ
(၂၀၁၁၊ အောက်တိုဘာ)

၅။ လောကနီတိစိန်ဘန်း နှင့် မိန်းမချောရန်စ သုံးရက်လ
(၂၀၁၁၊ ဒီဇင်ဘာလ)

၆။ လောကနီတိစိန်ဘန်း နှင့် စနေသား အံ့ပြားတိုက်မောင်း
(၂၀၁၂၊ မတ်လ)

၇။ လောကနီတိစိန်ဘန်း၊ ထွင်းဝိဇ္ဇာနှင့်ဝက်ပါကေရီ
(၂၀၁၂၊ ဇူလိုင်လ)

၈။ စုံထောက်စိန်တန်းနှင့်ကျောက်သလင်းဒေဝီ (၂၀၁၂၊ အောက်တိုဘာလ)


ယခု

# စုံထောက်စိန်ဘန်း နှင့် ဇီဝမိစ္ဆာ

ဆက်လက်၍

စုံထောက်စိန်ဘန်းပါဝင်သော မှုခင်းဝတ္ထုရှည်များ

www.burmeseclassic.com

www.burmeseclassic.com

## ထုတ်ဝေသူ၏အမှာ

ဖော်မွန်စာပေတိုက်အနေဖြင့် စာရေးဆရာနန္ဒစိုး၏ လုံးချင်းဝတ္ထုများကို ထုတ်ဝေခဲ့သည်မှာ ယခု 'စုံထောက်စိန်ဘန်းနှင့် ဇီဝမိစ္ဆာ' လုံးချင်းဝတ္ထုသည် ဆရာ၏အဌမမြောက်ဝတ္ထုဖြစ်ပါသည်။

ဆရာ၏လုံးချင်းဝတ္ထုများကို ၂၀၁၁–ခုနှစ်တွင် စတင်ထုတ်ဝေခဲ့ပါသည်။ ဆရာ၏ပထမဆုံး လုံးချင်းဝတ္ထုမှာ 'လောကနီတိစိန်ဘန်းနှင့် မြွေဟောက်မာယာ'ဖြစ်ပါသည်။ ယင်းပထမ လုံးချင်းစာအုပ်အချို့ကို မလေးရှား၊ စင်္ကာပူ၊ ဩစတြေးလျနှင့် အမေရိကန် နိုင်ငံရှိ မြန်မာဝတ္ထုချစ်နေသော မိတ်ဆွေများထံပေးပို့ခဲ့ရာ မိတ်ဆွေများထံမှ ချီးကျူးအားပေးစာများ လက်ခံရရှိခဲ့သဖြင့် စာပေတိုက်အနေဖြင့်လည်းကောင်း၊ စာရေးဆရာနန္ဒစိုးအနေဖြင့်လည်းကောင်း ဝမ်းမြောက်အားတက်ခဲ့ရပေသည်။

ဆရာနန္ဒစိုးသည် လုံးချင်းဝတ္ထုများကို ဖန်တီးရာတွင် ဇာတ်ကောင်(အဓိကဇာတ်လိုက်)၏ အကျင့်စရိုက်၊ စံနမူနာပြ ပြယုဂ်ဖြစ်ခြင်း၊ ဇာတ်လမ်းအချိတ်အဆက် ကောင်းမွန်ပိရိခြင်း၊ နက်နဲမှုရှိခြင်း၊ သည်းထိတ်ရင်ဖို လျှို့ဝှက်ဆန်းကြယ် ဇာတ်အိမ်ဖြင့် စာဖတ်သူအား ဇာတ်အဆုံးတိုင်သို့ ဆွဲဆောင်သွားနိုင်ခြင်း၊ အကြောင်းအရာဖြစ်စဉ်၊ ဇာတ်အခင်းအကျင်းကို လေးလေးနက်နက် တင်ပြခြင်းစသည့် ကောင်းခြင်းအင်္ဂါရပ်များအား အတတ်နိုင်ဆုံး ကြိုးစားရေးသားခြင်းကို ကြည့်ခြင်းအားဖြင့် ဆရာ၏စာပေနှင့် စာဖတ်ပရိသတ်အပေါ် ထားရှိသည့် စေတနာကို သိမြင်နိုင်ပါသည်။

ထို့ကြောင့် ဈေးကွက်နှင့်စီးပွားရေး အကျိုးအမြတ်ကို မကြည့်ဘဲ ဆရာ၏စေတနာနှင့် ကြိုးစားအားထုတ်မှုကို ယုံကြည်သည့်အလျောက် ဆရာ၏ဝတ္ထုများကို ဆက်လက်ထုတ်ဝေခဲ့ရာ ယခုအဌမမြောက်အဖြစ် "စုံထောက်စိန်ဘန်းနှင့် ဇီဝမိစ္ဆာ"လုံးချင်းဝတ္ထုကို ဆက်လက်ထုတ်ဝေရခြင်းဖြစ်ပါသည်။

လျှို့ဝှက်ဆန်းကြယ် သည်းထိတ်ရင်ဖို ခံစားမှုရသကို ပေးစွမ်းနိုင်စွမ်း ရှိ/မရှိ စာဖတ်သူမိတ်ဆွေ လက်ဝယ်ရောက်ရှိနေသော ယခုဝတ္ထုကို ဖတ်ရှုအကဲဖြတ်ပေးနိုင်ပါရန်...။

ဖော်မွန်စာပေ



## အခန်း ( ၁ )

### မိုးသည်းညမှ ကြောက်စရာ့ညသည်

"ဖေဖေ၊ 'မေမေတို့ ဘယ်ရောက်သွားလဲ..."

သဘော်ာမြုပ်လေသလား။

သဘော်ာကို ပြန်ပေးဆွဲသွားသလား။

မုန်တိုင်းဖြင့် ပင်လယ်ပြင်တွင် မျောပါသွားလေသလား။

သေသလား၊ ရှင်သလား။

* * * * * * *

မိုးတို့သဲသဲမဲမဲ ရွာချနေ၏။

လေကလည်းတိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းကပင် ရွာနေသည့် မိုးမှာခုည ရှစ်နာရီ ဒင်ဒင် ထိုးသည့်တိုင် တိတ်၍မသွား။ စဲ၍မသွား တိုး၍တိုး၍သာ သဲသဲမဲ မဲရွာနေလေတော့သည်။

ဝါဆိုမိုးဟု ဆိုသော်ငြား သည်လောက်သည်းထန်စွာ ရွာ သောမိုးလှမြဲသွေး မကြုံစဖူး...။

ခုကြုံတွေ့ရသောအခါ စာကြည့်ဆောင် မှန်ပြတင်းမှအပြင် ကို တအံ့တသြငေးမောနေမိသည်။

မှန်ပြတင်းကို အဆက်မပြတ် ပက်ဖျန်းနေသည့် မိုးစက်၊ မိုးပေါက်၊ မိုးမှုန်တွေကိုကြည့်ကာ သူမ၏တိုက်ပတ်လည် ခြံတွင်းမှ မိုးရေစီးတို့ အနိမ့်ပိုင်းချိုင့်ဝှမ်းလမ်းဆီသို့ တသွင်သွင် စီးကျနေပေ တော့မည်ဟုလည်း တွေးနေမိ၏။

ဟုတ်သည်။ သူတို့ခြံက ကုန်းမြင့်ကလေးပေါ်တွင် တည် ရှိ၏။ ဆိုရပါလျှင် ဂဝံကျောက်သားဆန်ဆန် မြေနီတောင်ကုန်းမို့ပေါ် တွင် ထီးထီးကြီးတည်ရှိနေသော ခြံကြီးဖြစ်၏။

ယခုလို မိုးကြီးရွာသည့်အခါ ခြံတွင်းမှမိုးရေတို့မှာ ခြံရှေ့ အနိမ့်ပိုင်း ချိုင့်ဝှမ်းလမ်းများဆီသို့ စီးဆင်းမြဲပင် ဖြစ်၏။

ထိုအခါ မိုးရေမှာ မြေနီကိုတိုက်စား၍ ရေနီစီးကြောင်းကြီး များဖြစ်၍ နေတတ်သည်။

ငယ်စဉ်က ဆိုလျှင်တော့ သူသည် ဒလဟောစီးဆင်းနေ သော ရေနီစီးကြောင်းများကြား ပြေးလွှားဆော့ကစားနေကျဖြစ်၏။

ခုလည်း မိုးကြောင့် ငယ်စိတ်တို့နိုးကြွလာခဲ့သည်။

ရေစီးကြောင်းအတွင်းသို့ ပြေးဆင်းမဆော့သည့်တိုင် ရေနီ စီးကြောင်းကိုတော့ ကြည့်ချင်လာ၏။



အခန်းတံခါးကို လုံခြုံစွာပိတ်ထားသည့်ကြားက ကြာမြင့်စွာ ရွာသည့်မိုးကြောင့် သူ့တစ်ကိုယ်လုံး စိမ့်စိမ့်လေး အေးလာသဖြင့် အိပ်ခန်းသို့သွားကာ သားမွေးညဝတ်အင်္ကျီ ရှည်တစ်ထည်ကို ထပ်၍ ဝတ်လိုက်ကာ အောက်ထပ်သို့ ဆင်းအံ့ဆဲဆဲ။

ဂျိန်းခနဲ မိုးချုန်းသံကြီးကို ကြားလိုက်ရသဖြင့် ခြေလှမ်းတုန့် ကာ ရင်ဖိုသွားမိသည်။

စာကြည့်ခန်းကိုဖြတ်စဉ် လျှပ်တစ်ချက် ဝင်းခနဲလက်သွား သည်ကို ပြတင်းမှမြင်လိုက်ရသည့်နောက် မိုးချုန်းသံ၊ ဒါမှမဟုတ် မိုးကြိုးပစ်သံပေလား၊ နားကွဲမတတ်ဆူသွား၏။

စာကြည့်စာပွဲကိုလှမ်းမြင်၏။

ဒေါက်တာမြသွင်

**ဇီဝဗေဒပါရဂူ** ဟူသော ကျွန်းသားဆိုင်းဘုတ်ကို မြင်ရ၏။

အို... ဒါဟာ ဖေ့ဖေ့ရဲ့စာကြည့်ခန်းပါလား။

ဖေဖေရှိစဉ်ကဆိုလျှင် နေ့ရောညပါ ဖေဖေသည် ထိုစာပွဲ၊ ထိုစာကြည့်ခန်းတွင်ထိုင်လျက် စာအုပ်တွေ၊ ဓာတ်ပုံတွေ၊ မှတ်စု၊ မှတ်တမ်းတွေဖြင့် မနားမနေ အလုပ်လုပ်၏။

မေမေလှက နံဘေးမှ ထိုင်ကာတစ်ခါတစ်ရံ ယပ်ခပ်ပေး ၏။ တစ်ခါတစ်ရံ ပြင်သစ်မှလာသော ကော်ဖီပြင်းပြင်းကလေးကို ဖျော်ကာတိုက်၏။

တစ်ကြိမ်တစ်ခါများတွင် ဖေဖေက ကုလားထိုင်တွင် ထိုင် ရင်းနားနေ၏။ မျက်စိကိုမှိတ်ထားစဉ် ခွေးတံဆိပ်ဓာတ်ပြားစက်ကို တိုးညှင်းစွာ ဖွင့်ပေးတတ်၏။

နွေရာသီများဆိုလျှင်တော့ တောင်ကုန်းပေါ်ရှိ ဇီဝဗေဒခြံ

www.burmeseclassic.com

www.burmeseclassic.com



ကြီး၏ တစ်ဦးတည်းသော ခြံစောင့်၊ တစ်ဦးတည်းသော ဥယျာဉ်မှူး၊ တစ်ဦးတည်းသော ကားဒရိုင်ဘာကြီးဦးလေးဖိုးမှိုက သူမကိုခေါ်၍ ခြံတွင်းရှိ သစ်ခွပင်များ၊ စပယ်ရုံများ၊ နှင်းဆီပင်များ၊ ဂမုန်းပင်များ ကြားတွင် လိပ်ပြာကလေးများ၊ ရောင်စုံငှက်ကလေးများကို ကြည့်ရင်း နေနေကျ။

ခုလိုမိုးရာသီ မိုးတို့သည်းထန်ပြီဆိုလျှင် ရေနီစီးကြောင်း သုံးလေးခုစီးနေရာမှာ သူမကပြေးလွှားဆော့ကစား၊ ဦးလေးမှိုက စောင့်ရှောက်။

တစ်ခါတစ်ရံတွင် ညစ်ပတ်ပေရေ နေသော သူမအား ဦးလေးမှိုခေါ်လာသည့်အခါ ဖေဖေက အားပါးတရ ရယ်မောရှု၍ကြည့် နေတတ်၏။

မေမေလှကမူ "ဒီကောင်မလေး ဖျားတော့မယ်"ဆိုကာ ချက်ချင်းပင် ရေချိုးပေး၍ နွေးနွေးထွေးထွေး အဝတ်တွေဝတ်ပေး နေကျ။

ခုတော့.....

ဖေဖေ ဒေါက်တာမြသွင်နှင့် မေမေလှတို့မရှိကြတော့။

သူမ အသက်နှစ်ဆယ်ပြည့်သည့်နှစ်မှာပင် ဖေဖေသည် မေမေ့အား အဖော်ပြုလျက် အဏ္ဏဝါဇီဝကို လေ့လာရန်ဟု ထွက်သွား ရာပြန်ရောက်မလာတော့...

ခုဆိုလျှင် တစ်နှစ်ပြည့်လုလု။

ဖေဖေ့အမည်ဆိုင်းဘုတ်အား အားကြည့်ရင်း သူမရင်မှာ လှိုက်ဖိုလာကာ မျက်ရည်တို့ပြည့်လျှမ်းစပြုလာသည်။

ဖေဖေနှင့်မေမေသည် သူမအားထားရစ်ခဲ့ကြသည်။

သေသည်ရှင်သည်ကို သူမ မသိရ။ နေ့စဉ်နှင့်အမျှ သူမ



စောင့်မျှော်နေခဲ့ရသည်။ နာရီ၊ မိနစ်၊ စက္ကန့်နှင့်အမျှ သတင်းစုံစမ်း ခဲ့ရသည်။ ဘာသတင်း အချက်အလက်ကိုမျှ မရပါဘဲ ပူဆွေးသောက နှင့်မိဘနှစ်ပါး ပြန်လာနိုး လာရာလမ်းကို မှန်းမျှော်နေခဲ့ရသည်မှာ တစ်နှစ်နီးပါးရှိခဲ့လေပြီ။

အအိပ်အစားပျက်၍ မျက်ရည်စက်လက်ဖြင့် ရှိခဲ့သည်မှာ ဆောင်း၊ နွေ၊ မိုး သုံးပါးဥတုတိုင်လှလေပြီဖြစ်၏။

သူမက ကျလာသည့်မျက်ရည်စတို့ကို သုတ်ပစ်လိုက်ပြီး စာကြည့်ခန်းကို အကြည့်လွှဲလိုက်၏။

အပြင်တွင် မိုးနှင့်လေက သည်းထန်နေဆဲပင်ဖြစ်သည်။ ဖေဖေနှင့်မေမေအတွက် ပူပန်သောကစိတ်တွေကို မေ့ပျောက်နိုင်ဖို့ မိုးရေစီးကြောင်းတွေကို ဆင်းကြည့်ဖို့ သူအောက်ထပ်သို့ဆင်းခဲ့ သည်။

ဆင်းပင်ဆင်းခဲ့သော်လည်း သည်သောကစိတ်က တစ်ခဏ ပင်မေ့၍မရနိုင်ကြောင်း သူမကိုယ်သူမသိနေ၏။

တစ်အိမ်လုံး တစ်ခြံလုံးရှိ ဘယ်အရာကိုပဲကြည့်ကြည့် ဖေဖေ မေမေတို့၏အရိပ်အငွေ့က လွတ်သွားသည်မရှိ။ ကြည့်လေမြင်လေ ရာမှာ သတိရစရာတွေချည်းသာ။

ခုပင်လျှင် လှေကားတစ်ထစ်ချင်း ဆင်းရင်း မေမေ့ကို သတိ ရနေ၏။ ဖေဖေ့ကို တမ်းတမိသည်။

ခု ဖေဖေ မေမေတို့ ဘယ်ဆီမှာလဲ။

လှမြသွေး သိချင်လှ၏။ ကြားချင်လှ၏။

သတင်းကောင်းဖြစ်စေ၊ အို-မတွေးကောင်း တွေးကောင်း သတင်းဆိုးပင် ဖြစ်စေကြားလိုလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ဘာတစ်ခုကိုမျှ စိုးစဉ်းမျှမသိရ။

ဖေဖေနှင့်မေမေ အိမ်ကကားလေးဖြင့် ခြံဝမှထွက်ခွာသွားခဲ့သည့်ပုံရိပ်သည်သာ မနေ့တစ်နေ့ကလို စောစောကလို ထင်ယောင်မြင်နေမိသည်။

ဦးလေးမိုက ကားမောင်း၊ ဖေဖေနှင့်မေမေကနောက်ခန်းကထိုင်ပြီးနောက် ကားစက်နိုးသံ၊ ဖေဖေ မေမေ၏ပြုံးရွှင်သောမျက်နှာနှင့် သူမအား လက်ပြနေပုံများ၊ ကားကလေးက မောင်းထွက်သွား...

ဒါပါပဲ။ ဒါသည်ပင် နောက်ဆုံးဖြစ်ခဲ့၏။

"ဦးလေးမို သူတို့ကို ဘုန်းကြီးလမ်း ဂျက်တီကိုလိုက်ပို့ခဲ့တယ်။ အဲဒီမှာ ဒေါက်တာမာတင်ကင်းရဲ့ "အက်စ် အက်စ် ကင်း" သင်္ဘောပေါ်ကို ပစ္စည်းတွေသယ်ပြီး တင်ပေးခဲ့တယ်။ သူတို့ဟာ ဒေါက်တာမာတင်ကင်းနဲ့အတူ ရယ်ရယ်မောမောပဲ သူတို့နေမယ့် အခန်းဆီကိုသွားကြတယ်။ နောက် ဦးလေးမို ပြန်လာခဲ့တယ်။ ဒါပါပဲ ကလေးလှ"

ဦးလေးမိုက သူလုပ်ဆောင်ပေးခဲ့ရသမျှကို ဟိုတုန်းကလည်း ရှင်းပြ၏။ နောင်သောအခါတွင်လည်း အကြိမ်ကြိမ် ပြောပြခဲ့၏။

သူမအား 'ကလေးလှ'ဟုခေါ်တတ်သော ဦးလေးမို သိသမျှ ဒါပဲဖြစ်လေ၏။

ထိုနေ့က ၁၉၃၉-ခုနှစ်၊ နိုဝင်ဘာလ(၂၀)ရက်။

ဒါဟာ နောက်ဆုံးနေ့ပေလား။

ထိုနေ့မှစ၍ ဖေဖေနှင့်မေမေတို့ ပြန်မလာတော့...။

စင်စစ်ဖေဖေသည် ဂျာမန်ဇီဝဗေဒပါမောက္ခကြီးဖြစ်သူ ဒေါက်တာမာတင်ကင်းနှင့်အတူ ဟိုင်းကြီးကျွန်းဘက်သို့ ပင်လယ်



တွင်းမှ သက်ရှိသတ္တဝါများကို ကွင်းဆင်းလေ့လာရန် သွားကြခြင်းဖြစ်၏။

ပညာရပ်ဆိုင်ရာ စကားနှင့်ဆိုပါက ရေကမ္ဘာသို့ လေ့လာရေး(သို့မဟုတ်) ရေငြုပ်ဟော်စွန့်ဆင်ရေးဟုခေါ်သော ထိုခရီးမျိုးကို သွားသည်မှာ ခုတင်ကြိမ်သာမဟုတ်။ ဒါပါနှင့်ဆို သုံးကြိမ်တိတိရှိ၍သွားလေပြီ။

ခုတော့...

တစ်လကျော်ကြာ ဆက်သွယ်ရေး ပြတ်သွားသည်နှင့်ပင် လူမြသွေးတစ်ယောက် ဦးလေးမိုနှင့်အတူ ဒေါက်တာမာတင်ကင်း၏ ကင်းဘဲလ်လမ်းရှိ ရုံးခန်းသို့လည်းကောင်း၊ ဘုန်းကြီးလမ်း ဂျက်တီတာဝန်ရှိသူများထံသို့လည်းကောင်း၊ ပြည်တွင်းရေကြောင်း ရေဝတီဖလုပ်တီးရာရုံးသို့လည်းကောင်း၊ ဟိုင်းကြီးကျွန်းဆိပ်ကမ်းဆိုင်ရာ အာဏာပိုင်များထံသို့လည်းကောင်း၊ မိုးလေဝသ ကွပ်ကဲရေးဌာနများသို့လည်းကောင်း အကြိမ်ကြိမ်သွားရောက် ဆက်သွယ်စုံစမ်းခဲ့သည်။

**အက်စ်-အက်စ်-ကင်း**ဟူသော ပင်လယ်ဖြတ်သင်္ဘော တစ်စင်း ဆိပ်ကမ်းများမှ ထွက်ချိန်၊ ရေဝန်ရုံးများသို့ သတင်းပို့ချိန်မှလွဲ၍ ဘာသတင်းမျှမရ။

ရန်ကုန်ဆိပ်ကမ်းမှ ထွက်ချိန် ပုသိမ်ဆိပ်ကမ်းသို့ ဝင်ချိန် ထွက်ချိန်မှလွဲ၍ အခြားဘာမျှမသိရ။

မိုးလေဝသကွပ်ကဲရေးဌာနမှာလည်း ထိုနေ့၊ ထိုရက်၊ ထိုအချိန်က မြေပြင်ရေပြင်လေသည် ပုံမှန်။ မုန်တိုင်းမပြောနှင့် လေပြင်းပင်လျှင်မရှိ။

နောက်ဆုံးတွင်မူ ရန်ကုန်ပုလိပ်အဖွဲ့ကြီးကိုပင် သူပျောက်တိုင်ကြားခဲ့သေး၏။

www.burmeseclassic.com

www.burmeseclassic.com



အင်းစိန်စီအိုင်ဒီမှ ပုလိပ်အရာရှိများ၊ စုံထောက်များ၏ အကြိမ်ကြိမ်စစ်ဆေးမေးမြန်းခြင်းကိုသာ လှမြသွေး စိတ်ဖိစီးစွာခံလိုက်သည်သာ အဖတ်တင်၏။ ဘာမျှအကြောင်းမထူး။

သို့တိုင်အောင်ပင် လှမြသွေး ငြိမ်၍မနေခဲ့။

ရန်ကုန်မှ ပုသိမ်ခရီးတစ်လျှောက်ရှိ မြို့များ၊ ရွာများတွင်လည်း မေးမြန်းစုံစမ်းခဲ့သေး၏။ ဘာကိုမှစုံစမ်းလို့မရ။

နောက်ဆုံးတော့ လှမြသွေး ငိုကြွေး၊ ပူဆွေးနေရုံမှတစ်ပါး အခြားမတတ်နိုင်တော့။

ဖေဖေ၊ မေမေတို့ ဘယ်အချိန်ခြံတွင်းသို့ ကားမောင်းဝင်လာသံကြားရလေမလဲ။ ဘယ်အခါ အိမ်တံခါးခေါက်၍ ပြန်လာလေမလဲ။ မျှော်လင့်ခြင်းတို့ဖြင့် အအိပ်အစားပျက်ကာ လှမြသွေး ဆရာဝန် ပြ၍ ဆေးကုသနေခဲ့ရသည်ပဲ။

**ဖေဖေ၊ မေမေတို့ ဘယ်ရောက်သွားလဲ။**

**သဘောၤမြုပ်လေသလား။**

**သဘောၤကိုပြန်ပေးဆွဲယူသွားသလား။**

**မုန်တိုင်းဖြင့် ပင်လယ်ပြင်တွင် မျောပါသွားလေသလား။**

**ဒေါက်တာမာတင်ကင်းတို့နှင့် အချင်းချင်း သတ်ပုတ်သေကြေကြလေသလား။**

'လှမြသွေး'အဖို့ ဘာဆိုဘာမှ ရေရေရာရာသိခွင့်မရနိုင်သောဘဝ။

ထိုသောအခါ မျက်ရည်သည်သာလျှင် အဖော်...။





လှမြသွေး မျက်ရည်စို့စို့မျက်နှာဖြင့် အောက်ထပ်သို့ ရောက်လာ၏။ အောက်ထပ်နောက်ခန်းတွင် မီးလင်းနေ၏။ အတူနေအိမ်၏ အကူဖြစ်သူ မစောလေးနှင့် ကြီးကြီးဝင်းတို့ အဝတ်အစားတွေ မီးအိုးထိုးနေပုံရပေသည်။ ဦးလေးမိုကတော့ ခုချိန်ဆိုလျှင် အိပ်ယာထက်တွင် တရားမှတ်နေမည်လား၊ ပုတီးစိပ်နေမည်လား မအိပ်သေးပဲရှိနေတတ်၏။

တစ်အိမ်လုံးရှိ သူတို့က သူမ မအိပ်မချင်း၊ အိပ်လေ့အိပ်ထမရှိကြ။ အရိပ်တကြည့်ကြည့် စောင့်မကြည့်သည့်တိုင် သတိဝီရိယနှင့်တော့ စောင့်ရှောက်ကြ၏။

ဖေဖေ၊ မေမေတို့ရှာဖွေထားသော ပစ္စည်းဥစ္စာသည် သူမဘဝအတွက် တစ်ဘဝသာမဟုတ်နှစ်ဘဝပင် စားမကုန်။ ဤမျှရွှေပုံငွေပုံကြီးရှိသော်လည်း 'လှမြသွေး'မှာ ခဏတာပင် ပျော်စရာမရှိခဲ့။

သူမဘဝတွင် အလိုအပ်ဆုံးအရာက ဖေဖေနှင့်မေမေ။ မည်သူကမှ မတားမဆီးကြပါလျှင် လမ်းမသို့ထွက်ကာ...

"ဖေဖေရေ... မေမေရေ"

ဟု သံကုန်ဟစ်ကာ ငိုပစ်လိုက်ချင်သည်။

"ပြန်လာပါတော့"

ဟုအော်လိုက်ချင်၏။

ခုတော့...ပညာတွေ၊ ဂုဏ်တွေ၊ အသိုင်းအဝိုင်းတွေက အလိုလိုဆီးတားပြီးသားရှိနေ၏။

ထိုသောအခါ ကြိတ်ငိုရသူက လှမြသွေးဖြစ်၏။

သူမသည် မျက်ရည်စတို့ကို ထပ်မံသုတ်ပစ်လိုက်ပြီး ခြေဖွ



www.burmeseclassic.com

www.burmeseclassic.com



ဖွနင်းကာ တံခါးဝသို့လာခဲ့သည်။ မစောလေးတို့၊ ကြီးကြီးဝင်းတို့ မသိအောင်ဖြစ်၏။

သူတို့သိပါက လိုက်လာလျှင် တံခါးဖွင့်၍ ဆင်ဝင်အောက် မီးဖြင့် ရေနီစီးကြောင်းကို အေးအေးဆေးဆေး ကြည့်ရမည်မဟုတ်။

"အလှလေးရယ် အေးပါတယ်၊ ဝင်ပါတော့"

ဟု မစောလေးက ပြောသလို...

"တူမလှကြီးရယ် ဖျားဦးမယ် အိပ်ပါတော့"

ဟုကြီးကြီးဝင်းက ဆိုလေမည်။

သူမအတွက်ဆိုလျှင် ဦးလေးမိုကစ၊ မစောလေးနှင့် ကြီးကြီးဝင်းတို့က အစိုးရိမ်ကြီးတတ်ကြသည်။ သူမကို 'ပိုး'မွေးသလို မွေးနေကြသည်။

သူမအနေနှင့်ကတော့ ဖေဖေ၊ မေမေတို့အတွက် ပူပန်သောကရှိနေလင့်ကစား အားနွဲ့နွဲ့နှင့် ဂရုစိုက်ခံ၍ မနေလို။ ခေါင်းတိ မောင်းတိနေချင်လှသည်။ အားကြိုးမာန်တက်ဖြင့် ဖေဖေ၊ မေမေတို့ကိုရှာချင်လှ၏။

မေးခွန်းတွေသာရှိ၍ အဖြေမသိရသော ဘဝမှာမနေလိုလှ။

ဘာတစ်ခုမျှ စွန့်စားလုပ်ရခြင်းမရှိဘဲ အသက်ရှင်နေရခြင်းကိုပင် သူမ မကျေမနပ်ဖြစ်နေမိသည်။

သို့ကြောင့်သာ သူတို့မသိအောင် ခြေဖွနင်း၍ တံခါးဝသို့ လာခဲ့ခြင်းဖြစ်လေသည်။

အပြင်တွင် မိုးကရွာနေဆဲ...

သူမက ခြေဖွဖွဖြင့် ကျွန်းသားတံခါးဖုအား လှည့်၍ဖွင့်ရန် ရှိစဉ်မှာပင်...





"ခေါက်...ခေါက်...ခေါက်"

ဟူသော တံခါးခေါက်သံကို ကြားရလေ၏။

အပြင်မှတံခါးခေါက်သံဖြစ်လေ၏။

ခပ်ပြင်းပြင်း ခေါက်လိုက်လေသည့် တံခါးခေါက်သံကြောင့် ကြားစက ရင်မှာထိတ်ခနဲ ဖြစ်သွားရသေးသည်။

ညကြီးမင်းကြီး ဘယ်သူဘာလိမ့်ဟု စိုးရိမ်မှုလည်းရှိသွားရ၏။

တစ်ခဏအတွင်းမှာပင် သူမရင်မှာ လှိုက်လှိုက်ဖိုသွား၏။ ဝမ်းသာစိတ်ပင် ဖြစ်လေသည်။ သူမတစ်နှစ်နီးပါးနားစွင့်နေရသည့် တံခါးခေါက်သံ။ ဒါဟာ ဖေဖေ၊ မေမေတို့ ပြန်လာသံ...။

တံခါးကို သူမလျှင်မြန်စွာ ဆွဲဖွင့်လိုက်၏။

ဖျတ်ခနဲ ပွင့်သွားသော တံခါးမှမိုးရနံ့ပါသည့် လေအေးအေးကလေးကို ခံစားလိုက်ရသလို မြင်လိုက်ရသည့် မြင်ကွင်းကြောင့် မင်တက်ငေးမောမိသားဖြစ်သွားရ၏။

ကြည့်လေ၊ မြင်လိုက်ရသည်က တံခါးဝတွင် ရက်နေသည့် လူတစ်ယောက်။

တိတိပပဆိုရလျှင် မိုးရေတို့ စက်လက်စိုရွှဲနေသည့် အမည်းရောင် မိုးကာရှည်ကြီးကို ဝတ်ထားသည့် လူ။

ခေါင်းမှသည် ခြေဖျားတိုင် အမည်းရောင်မိုးကာနှင့် မျက်မှန်ဆည်းကြီးတပ်ထားသူ။

ထိုသူက သူမအား ငုံ့ကြည့်လျက် မိုးကာဝတ်ရင်ဘတ်ကြားမှ တစ်စုံတစ်ခုကို ကမ်းပေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် သူ့လက်မှ အရာအားဆတ်ဆတ်တုန်သော လက်ဖြင့် ကမ်းပေး၏။

"ရှင်... ဘယ်သူလဲ ဘယ်ကလဲ"

သူကမူ ယူပါဟူသော အမူအရာဖြင့် လက်ကမ်းပေးနေ၏။

လှမြသွေးက မယူဝံ့ဘဲနောက်သို့ ဖြည်းဖြည်းဆုတ်နေမိစဉ် ထိုသူ့ထံမှ အသံတစ်သံထွက်လာခဲ့၏။

"ဝေါင်း...အောင်း"

စေ့ထားသော နှုတ်ခမ်းကျယ်ကြီး ဟလျက်ဖွေးခနဲသွားစွယ်များကြားမှ ပေါ်လာသည့် "ဝေါင်းအောင်း"ဆိုသော ဝမ်းခေါင်းသံကြီးကြောင့် လှမြသွေးမှာ ထိတ်လန့်စွာ အော်ဟစ်လိုက်၏။

လှမြသွေး၏ အော်သံမှာ မိုးသံလေသံကို ဖောက်ထွင်းလာခိုက်မှာပင် ဓာတ်မီးတိုင် ဖျတ်ခနဲမှိတ်သွားကာ အိမ်ကြီးတစ်အိမ်လုံး မှောင်အတိဖြစ်သွားရတော့သည်။

* * * * * * *



# အခန်း ( ၂ )

## ဘဝခြားက စာတစ်စောင်

သူမ သတိရလာသည့်အခါ သူမအခန်း ခုတင်ပေါ်သို့ သူမ ပြန်ရောက်နေလေပြီ။

သူမအား စိုးရိမ်သော မျက်လုံးများက ငုံ့ကြည့်နေကြသည်။

သူမမျက်လုံးဖွင့်၍ လှူးလွန့်လိုက်သောအခါ အားလုံးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ဦးလေးမို၊ ကြီးကြီးဝင်းနှင့် မစောလေးတို့ သုံးယောက်။

"ကလေးလှ သတိရလာပလား"

"အလှလေး"

"တူမလှ"

www.burmeseclassic.com



အားလုံး၏ ဝမ်းသာသံတွေကို ကြားနေရ၏။

သူမသည် အားလုံးသော မျက်နှာတို့ကို လိုက်ကြည့်ရင်း မြင့်ခဲ့ရသော သွားဖွေးဖွေးပါးစပ်မှ ဝမ်းခေါင်းသံကြီးကို ကြားယောင်လာကာ ရင်မှာကတုန်ကယင်ဖြစ်လာ၍...

"ရေ..... ရေ"

ဟု တမ်းတမိ၏။

ကြီးကြီးဝင်းက ထူမပေးပြီးနောက် မစောလေးက ဖန်ခွက် မြင့်ရေတိုက်၏။

သူမသည် ရေကို အငမ်းမရပင် သောက်နေမိ၏။ ရေအေး အေးလေး သောက်လိုက်ရမှပင် ရင်တုန်ပြေသွားသလို ဖြစ်သွား သည်။

အပြင်တွင်လည်း မိုးတိတ်သွားပြီထင်၏။ မိုးသံ၊ လေသံ မကြားရတော့။

"လှလေး အရမ်းကြောက်တယ်"

သူမ ပြောကာ ဘေးဘီသို့ ဝေ့သီကြည့်မိ၏။

"ဘာကို ကြောက်ရမှာလဲ တူမလှရယ်၊ ကြီးကြီးတို့ ရှိနေ တာပဲ။ ပြောစမ်း.... ဘာတွေ့လို့လဲ"

"အို... မဝင်းကလဲ ကလေးကြောက်ရတဲ့အထဲ ဘာတွေ မေးနေတာလဲ"

ကြီးကြီးဝင်း၏ စကားကို ဦးလေးမိုးက ဝင်ဟန့်လိုက်ပြီး။

"ကလေးလှ အော်သံကြားလို့ ဦးလေးမို ပုတီးစိပ်နေရာက ထပြီးပြေးလာခဲ့တာ။ ဓာတ်မီးက ပျက်သွားတော့ တုတ်မီးအိမ်(လက် နှိပ်မီး)ရှာနေရတာနဲ့ ကြာသွားတာ"



ဦးလေးမိုးက ပြော၏။

"ဟုတ်တယ် လှလေး။ အော်လိုက်မိတယ်။ လှလေး မအော်ခင်မှာ သူ့...သူ့ဆီက ကြောက်စရာ အော်သံကြီး ကြားလိုက် ရတယ် ဦးလေးမို"

"အင်း... ခပ်အစ်အစ် အော်သံတစ်ခုကိုတော့ ဦးလေးမို ကြားလိုက်ရသလိုလိုပါပဲ။ အမှတ်တမဲ့ပဲ ဆိုပါတော့။ ဦးလေးမို တုတ်မီးအိမ်ဆွဲပြီး ပြေးလာတော့ မဝင်းတို့လဲ တံခါးဝကိုရောက်နေ ကြပြီ။ တံခါးပွင့်နေလို့ မီးထိုးကြည့်တော့ ဘာမှထူးထူးထွေထွေ မတွေ့ရဘူး။ ကလေးလှ မေ့လဲနေတာကို မဝင်းတို့ ရွှေ့နိုင်းပြီး ဦးလေးမို ခြံထဲထွက်ကြည့်သေးတယ်။ ခြံတံခါးကလဲ အနိုင်အမာ ပိတ်ထားတာပဲ။ ဘာကိုမှ မသင်္ကာစရာမတွေ့ပါဘူး။" ဒါထက် "ကလေးလှ"ကရော ဘာကိုများထူးထူးခြားခြား..."

"ကဲ...ခက်ပီ ကမိုးမို ရှင်လဲမေးပြန်ပကော"

ကြီးကြီးဝင်းက သူ့ကိုဟန့်တား၍ မေးလေသော ဦးလေးမို အား ပြန်၍တားပြန်၏။

လှမြသွေးက ကြီးကြီးဝင်းအား လက်ကာပြလိုက်ပြီး...

"မေးပါစေ ကြီးဝင်း၊ လှလေးလဲ ပြောချင်ပါတယ်။ လှလေး ကြောက်တာတော့ အမှန်ပါပဲ။ ဒါပေမယ့် လှလေးပြောမှ ဖြစ်မှာ။ လှလေး...လေ၊ မိုးတွေရွာတော့ ခြံထဲက စီးနေတဲ့ ရေနံစီးကြောင်း တွေကို သတိရလာတယ်။ ငယ်ငယ်က ပြေးလွှားကစားနေကျ။ ရေနံစီးကြောင်းကို ဆင်ဝင်အောက်ကနေ ကြည့်ချင်လာတယ်။ ဒါနဲ့ အောက်ထပ်ကိုဆင်းအလာ တံခါးဖွင့်ဖို့ လုပ်နေတုန်း တံခါးခေါက် သံ သုံးချက်ကြားရတယ်"

"တံခါးခေါက်သံ ဟုတ်လား"

ဦးလေးမိုက ဝင်မေး၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တ ယ်၊ ညကြီးမင်းကြီးမှာ တံခါးခေါက်သံ ကြားလိုက်တော့ လုလေး ပထမကြောက်နေမိသေးတယ်။ နောက် ဖေဖေ၊ မေမေတို့ကို သတိရပြီး ဝမ်းသာအားရတံခါးဖွင့်ပေးလိုက်တော့ သူ့ကိုတွေ့ရတာပါ"

"သူ... ဟုတ်လား၊ ဘယ်သူလဲ"

ဦးလေးမိုက မေးသံ။

"ဘယ်သူလဲတော့ မသိဘူး။ လူပဲ တစ်ကိုယ်လုံး မိုးကာမဲကြီးဝတ်ပြီး၊ မျက်မှန်မဲကြီးပါတပ်ထားတော့ လူတစ်ယောက်၊ အရပ်ရှည်ရှည်၊ ခါးကိုင်းကိုင်း လူတစ်ယောက်လို့ပဲ မြင်နေရတယ်။ သူက ရင်ဘတ်ကြားထဲကနေ တစ်စုံတစ်ခုကို ထုတ်ပေးတယ်။ ယူပါဆိုတဲ့ အမူအရာလဲပြတယ်။ လုလေး လှမ်းမယူမိဘူး။ ကြောက်ကြောက်နဲ့ နောက်လှည့်ပြေးမယ် ကြံလိုက်မိတော့ သူ့ဆီကအသံကြီးတစ်သံ ထွက်လာတယ်"

"အသံ...ဟုတ်လား"

ဦးလေးမိုက ဝင်၍ဆိုပြန်၏။

"ဟုတ်တယ် အသံ စကားမဟုတ်ဘူး။ အသံ။ အဲဒီအသံက အစွယ်ဖွေးဖွေးနဲ့ သူ့ပါးစပ်ကြီးထဲက ထွက်လာတာ။ တကယ့်ကြောက်စရာအသံကြီး။ ဒါကြောင့်လုလေး အော်ပစ်လိုက်မိတာ"

ပြောရင်းနှင့်ပင် မြင်ကွင်းကို ပြန်လည်မြင်ယောင်လာကာ လုမြသွေး သူ့ရင်ကို သူဖိနေမိသည်။

"အင်း... ကလေးလု အော်သံနဲ့အတူပဲ ကလေးလု မေ့သွားရောဆိုပါတော့။ ဓာတ်မီးကလဲ ပျက်သွားတာကိုး၊ ကလေးလုကို ပွေ့ချီပြီး အိမ်ပေါ်ရောက်တော့ ဓာတ်မီးပြန်လာတယ်။ ဦးလေးမို အဲဒီနေရာကို ရောက်တယ်။ ဟောဒါတစ်ခု တွေ့ခဲ့ရတယ်"





ဦးလေးမိုက ကပုံစအတွင်းမှ လက်တစ်ဝါးခန့် သားရေပြားကလေးတစ်ခုကိုပြ၏။ အားလုံးဝိုင်းကြည့်ကြသည်။

"ဟုတ်တယ်၊ အဲဒါပဲ။ အဲဒါကို သူက လုလေးကို ပေးတာ"

လုမြသွေး ကြောက်ကြောက်နှင့်ပင် ထိုပစ္စည်းကိုဆွဲယူ၍ သေချာစွာကြည့်၏။

ထိုပစ္စည်းမှာ ထူးထူးထွေထွေမဟုတ်။ ခေါက်ထားသော သားရေပြားတစ်ချပ်သာဖြစ်လေ၏။

တိရစ္ဆာန်တစ်ကောင်ကောင်၏ အရေခွံအား မိုးစိုခံအောင် ပြုပြင်ထားသော လက်တစ်ဝါးခန့် အနက်လိုလို၊ အညိုလိုလို အရောင်ရှိ သားရေပြားလေးသာဖြစ်၏။

ဘာမှုထူးထူးထွေထွေမရှိ။ လုမြသွေး သေသေချာချာကြည့်၏။

သားရေပြား၏ ခေါက်ထားသည့် အတွင်းပိုင်းတွင်မှ ဖောင်တိန်မင်ဖြင့် မညီမညာရေးထားသော အင်္ဂလိပ်စာတန်းတစ်တန်းကို တွေ့နေရ၏။

သိပ်ပြီးထင်ထင်ရှားရှားတော့ မဟုတ်။

လုမြသွေး ဂရုပြုစူးစိုက်ဖတ်ကြည့်၏။

အင်္ဂလိပ်စာ၏ အဓိပ္ပာယ်မှာ...

***သမီး...***

***ဖေဖေ မသေပါ။***<br>
***ဒါပေမယ့် ဘဝခြားနေပြီ။***<br>
***ဆက်သွယ်ဖို့ ခက်နေတယ်။***

***ဖေဖေ***



www.burmeseclassic.com

www.burmeseclassic.com



စာပါအကြောင်းအရာက ဒါပဲဖြစ်၏။ သမီးဟု ရည်ညွှန်းလေသဖြင့် သူမ ဖေဖေထံမှ ဖြစ်မည်။

"ဖေဖေဆီက စာ၊ ဖေဖေ့ဆီကစာ"

လှမြသွေး ဝမ်းသာအားရ အော်လိုက်မိသည်။

"ဟုတ်လား၊ မောင်မြသွင်ဆီက စာလား..ဘာတဲ့တုန်း"

ဦးလေးမိုက လှိုက်လှဲစွာဆို၏။

"ဆရာကြီးဆီက စာဟုတ်လား"

မစောလေး၏ ရွှင်ပြသောအသံ။

ကြီးကြီးဝင်း၏ မျှော်လင့်တကြီးစကား။

လှမြသွေးစာကို ဖတ်ပြလိုက်၏။

နောက်တစ်ကြိမ်ထပ်၍ ဖတ်ပြပြန်၏။

"ဘယ်လိုပါလိမ့်"

အားလုံး ငိုင်သွားလေသည်။

လှမြသွေးကိုယ်တိုင်ပင် သားရေပြားလေးကို ကိုင်ကာငိုင်နေမိသည်။ စာက အတိအကျ ဘာမှမရှိ။ ဝမ်းသာရမလိုလို၊ ဝမ်းနည်းရမလိုလို...။

ကြည့်လေ...၊

သမီး

ဖေဖေ မသေပါ။

ဒါပေမယ့် ဘဝခြားနေပြီ။

ဆက်သွယ်ဖို့ ခက်နေတယ်။

ဖေဖေ





စာတွင် ဝမ်းသာစရာ ဝမ်းနည်းစရာ၊ တိတိကျကျဘာမှမရှိ။ "ဖေဖေမသေပါ"တဲ့။ သူမအတွက် ဝမ်းသာစရာပဲပေါ့။ နောက်တစ်ကြောင်းကျတော့... "ဒါပေမယ့် ဘဝခြားနေပြီ"တဲ့။

ဘယ်လိုပါလိမ့်။ မသေပါပဲ ဘာကြောင့် ဘဝခြားရပါသလဲ။ "ဆက်သွယ်ဖို့ခက်နေတယ်"ဟုရေးပြန်၏။

စာ..စာ။ သည်စာကို လှမြသွေး အပြန်ပြန် အလှန်လှန်ဖတ်နေမိသည်။ ဖေဖေသည် အင်္ဂလိပ်စာကို အရမ်းကျွမ်းကျင်သူဖြစ်နေသလိုလက်ရေးအရမ်းလှ၏။ သို့သော်သည် စာပါလက်ရေးကဖေဖေ လက်ရေးမဟုတ်။ ပြီးတော့ စာလာပေးသူကလည်း ဘယ်လိုလူ။ ဘယ်လို အသံပါလဲ။ တွေးရင်းဖြင့် မြင်ကွင်းကို ပြန်၍မြင်ယောင်မိလာကာ ရင်တွေ တုန်လာပြန်တော့သည်။

ထိုနေ့ညက လှမြသွေး အိပ်လို့မရပေ။

အိမ်ရှိ လူအားလုံးမှာလည်း လှမြသွေးအခန်းမှာပင် နေကြ၏။လှမြသွေးမှာကား ညဦးကမြင်ကွင်းကို မေ့ပျောက်၍ မရသလိုသားရေပြားပေါ်မှစာကိုလည်း အထပ်ထပ်ဖတ်ရင်း အဖြေရှာမရဖြစ်နေ၏။ တစ်နှစ်နီးပါး ပျောက်ကွယ်နေသည့်ဖေဖေထံမှ ပထမဦးစွာသတင်းပင်ဖြစ်၏။ သို့သော် သည်သတင်းက မရေရာ၊ မသေချာ။ ဝမ်းသာဝမ်းနည်းမရှိ။ ပဟေဠိဖြစ်လို့နေ၏။

ဘာပဲဖြစ်ဖြစ် ဘဲဥအစရှာမရသလို ပျောက်နေသည်နှင့်စာလျှင်တော့... အို.. ဒါလည်း ဘာမှမထူးပါ။ သို့တစေ သူမ၏ဖေဖေအမှန်ပင် မသေလျှင်တော့ နောက်တစ်ကြိမ်ဆက်သွယ်လာဦးမည်ထင်၏။ "ဆက်သွယ်ဖို့ ခက်နေတယ်"ဆိုသဖြင့် ဖေဖေတွင်အန္တရာယ် တစ်စုံတစ်ရာများ ကျရောက်နေလေပလား။

ဖြစ်နိုင်၏။ သားရေပြား စာလာပေးသူသည် ဖေဖေ၏



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတည်းသော ထွက်ပေါက်ကို ဖွင့်ပေးမည့်လူဖြစ်ရမည်။ သို့သော် ထိုလူ၏အသွင်နှင့်သဏ္ဌာန်မှာ လူနှင့်မတူပြန်။

ထို့ပြင်ရုပ်နှင့် အသံပင်လျှင် လူနှင့်မတူလေသဖြင့် ဖေဖေ့တွင် အလွန်ပင်ကြီးမားလှသော အန္တရာယ်ဆိုးကြီး ကျရောက်နေပြီဟု လှမြသွေး တွေးမိကာ စိုးရိမ်ပူပန်စိတ်တို့ လှိုင်းထလာပြန်သည်။

ဒေါက်တာမြသွင်ဟူသော ဖေဖေ၏စိတ်ဓာတ်နှင့် အလုပ်တို့ကိုတွေးမိပြန်တော့လည်း စိတ်မှာသက်သာရပြန်သွား၏။ စင်စစ်တော့ ဖေဖေသည် အလွန်ထူးချွန် ထက်မြက်သူတစ်ဦးဖြစ်ပေ၏။ ဖေဖေကိုယ်တိုင်ပြောပြ၍ ဖေဖေအကြောင်း ဖေဖေ့ဘဝမှာ လှမြသွေးအဖို့ အလွန်ပင် အားကျစရာကောင်းလှ၏။

ဖေဖေသည် ပညာရပ်တစ်ခုတွင် ဒေါက်တာဘွဲ့ပါရဂူဘွဲ့ ရခဲ့သော်လည်း ချမ်းသာသည့် မျိုးရိုးမှမဟုတ်။ မြို့အသိုင်းအဝိုင်းမှ မဟုတ်။ အလွန်ပင်လမ်းပန်း ဆက်သွယ်ရေးခက်ခဲပြီး ခေါင်ကျလှသည့်ကျေးလက်တောရွာကလေးဖြစ်၏။

ဆိုရပါလျှင် မော်ကျွန်းမြို့နယ်ရှိ "ငှက်တော်" ဆိုသော ရွာကလေးမှဖြစ်ပြီး၊ အိမ်ခြေသုံးလေးဆယ်ရှိ လယ်လုပ်သူထဲတွင် သူတို့မှာ တစ်ဦးတည်းသော လယ်ကူလီဖြစ်သည်ဆို၏။

လယ်ကူလီဆိုသည်မှာ လယ်ပိုင်၊ ကျွဲပိုင်၊ ထွန်ပိုင်၊ ထယ်ပိုင် မရှိ။ လယ်ကျွဲ၊ ထွန်းထယ်ပိုင်သူတို့က လူငှားလိုလျှင် အငှားလယ်လုပ်ရသည့် လယ်သမားမျိုးပင်။ သားဟူ၍ သူတစ်ဦးတည်းသာရှိပြီး အစ်မတစ်ဦးရှိ၏။ ဖခင်မှာ သူငယ်စဉ်ကပင် ကွယ်လွန်သွားခဲ့၏။ မိခင် နောက်အိမ်ထောင်ပြုသောအခါ ပထွေးတော်သူနှင့်နေရ၏။

သူငါးနှစ်သားလောက်တွင် အစ်မက ကျောက်ကြီးရောဂါဖြင့် ကွယ်လွန်ခဲ့ပြန်ရာ တစ်ဦးတည်းကျန်ရစ်၏။ အစ်မကွယ်လွန်ပြီးရှေ့ ဆင့်နောက်ဆင့်ပင် မိခင်ကပါ ကွယ်လွန်ပေရာ တွယ်ရာမဲ့ မြသွင်လေး



မှာပုသိမ်မြို့မှ သာသနာပြုရောက်လာသော ကရင်အမျိုးသားဆရာဦးစောဘစိ။ အင်္ဂလိပ်ကျောင်းဆရာ ခရစ်ယာန်သာသနာပြုဒီနိကော ဆိုသူတို့နှင့် ပုသိမ်သို့လိုက်လာခဲ့တော့သည်။

မြသွင်လေးသည် ဆရာများ၏ကောင်းမှုဖြင့် ပုသိမ်အနောက်ပိုင်းရှိ တိုင်တစ်ရာကျောင်းခေါ် ကိုသာဖြူကျောင်းတွင် ကျောင်းတက်ရလေ၏။

(မှတ်ချက်=ကိုသာဖြူမှာ ကရင်အမျိုးသားဖြစ်ပြီး ပုသိမ်တွင် ခရစ်ယာန်သာသနာပြုစဉ်က ပထမဦးစွာကိုးကွယ်ခံယူသဖြင့် ယင်းအား ဂုဏ်ပြုသောအားဖြင့် တိုင်တစ်ရာကျောင်းကြီးအား ကိုသာဖြူကျောင်းဟု ပြောင်းလဲခေါ်ကြခြင်း ဖြစ်ပေသည်။ ကိုသာဖြူမှာ ခရစ်ယာန်ဘာသာကိုးကွယ်ခြင်း မပြုခင်က ဓားပြဗိုလ်ကြီးတစ်ဦးဖြစ်ပြီး အလွန်ပင်ဆိုးသွမ်းသော လူရမ်းကားကြီးဖြစ်၏။ခရစ်ယာန်ဘာသာကိုးကွယ်ပြီးနောက် ကြည်ညိုလေးစားဖွယ် အကောင်းဆုံးသောဘာသာရေး ခေါင်းဆောင်ဖြစ်လာခဲ့သည်။ ထို့အတူ မြန်မာလူမျိုးထဲမှ ပထမဦးဆုံးသော ခရစ်ယာန် ဘာသာဝင်သူမှာ လှိုင်သောလယ်ရွာသား သစ်ဖောင်အလုပ်သမား မောင်နော်ဖြစ်သည်။ ယခုတိုင် ရန်ကုန်လသာမြို့နယ်၊ အနော်ရထာလမ်းနှင့် စဥ့်အိုးတန်းလမ်းထိပ်တွင်"ဦးနော" ဓမ္မာရုံဟူ၍ ရှိသေးပါကြောင်း အလျဉ်းသင့်၍ ဖော်ပြအပ်ပါသည်။ စာရေးသူ)

ကိုသာဖြူကျောင်းမှာ တက်နေသော မြသွင်လေးမှာ စာအလွန်ကြိုးစား၍ ထူးချွန်ထက်မြက်သဖြင့် ခရစ်ယာန်သာသနာပြုဆရာကြီးဒီနီကောက အလွန်ပင်ချစ်ခင်လေ၏။ သုံးနှစ်တာ ပညာသင်ကြားပြီးနောက် ဆရာကြီးဒီနီကောက ဆဋ္ဌမတန်းကို ဝင်ရောက်ဖြေခိုင်းရာ အောင်မြင်ခဲ့သဖြင့် သတ္တမတန်းတွင် စကောလားရှစ်စာမေးပွဲသို့သွင်းရာ အောင်ခဲ့ပြန်သည်။ သို့ဖြင့် တစ်နှစ်တစ်တန်း

www.burmeseclassic.com

www.burmeseclassic.com



ဧကအောင်သလို ထူးချွန်ဆုတွေပါ အမြဲရသဖြင့် ဆရာကြီးဒီနီကောနှင့် အတူအင်္ဂလန်သို့ လိုက်ပါခွင့်ရလေသည်။

အင်္ဂလန်တွင် ဆရာဒီနီကော၏ညီမ အိမ်တွင်နေရင်းကလေး ထိန်း အားယားအလုပ်ကိုလုပ်၍ ကျောင်းတက်၏။ အကျီသုံးစုံ ဖျင်လွယ်အိတ်တစ်လုံးဖြင့် ပုသိမ်မှ အင်္ဂလန်သို့ရောက်လာကာ ဗီဝနှင့် အဏ္ဏဝါဗေဒ ဒေါက်တာဘွဲ့ကို ရရှိခဲ့သည်။

ဆရာကြီးဒီနီကောက မြသွင်လေးအား ခရစ်ယာန်ကျောင်း များစွာတွင် ဘာသာရေးပညာများ လေ့လာလိုက်စားကာ နယ်လှည့် သာသနာပြုဆရာတစ်ဦး ဖြစ်စေချင်၏။

မြသွင်လေးက ဘာသာရေးကို စိတ်မဝင်စား၊ သာမန် ခရစ်ယာန်ဘာသာဝင်အဖြစ်နှင့်သာ နေထိုင်ခဲ့၏။ သူ့ဝါသနာပါရာ ဇီဝဗေဒပညာရပ်များကို အလုပ်မျိုးစုံလုပ်ရင်း သင်ကြားခဲ့သဖြင့် အရှေ့ပိုင်း အာရှဇီဝပါရဂူဘွဲ့ကို အမေရိကန်တွင်လည်းကောင်း၊ ဂျာမန်တွင်လည်းကောင်း ရယူခဲ့လေသည်။

မြသွင်လေး ပါရဂူဘွဲ့ရသည့်နှစ်တွင်ပင် ဆရာကြီးဒီနီကော ကွယ်လွန်ခဲ့လေ၏။ မြသွင် ရန်ကုန်တွင် ပြန်အခြေချပြီး သူ့ပညာ ရပ်နှင့် အသက်မွေးနိုင်ရန်အတွက် ကြိုးစား၏။ ရန်ကုန်သို့ ပြန် ရောက်ပြီးနောက် မြသွင်သည်မြောင်းမြ၊ ပုသိမ်တို့ သို့သွားလေ သည်။ ခရစ်ယာန်ဘုရားကျောင်းများတွင် တည်းခိုရင်း အလုပ်ရှာ ၏။ မရ။

ရန်ကုန်သို့ပြန်၏။ ရန်ကုန်တွင်မြို့ပိုင်တွေ၊ အရေးပိုင်တွေ ပုလိပ်အရာရှိတွေသာ တန်းဝင်၏။ အခြားပညာရပ်ဆိုင်ရာ အထူး သဖြင့် သူလိုပညာတတ်အတွက် အလုပ်မရှိ။ သို့နှင့် ဘိလပ်ပြန်၊ အမေရိကန်ပြန် ဂျာမန်ပြန် ဒေါက်တာမြသွင်မှာ အလုပ်လက်မဲ့ ဘဝဖြင့်ကျင်လည်ရင်း မေမေလှနှင့် ဖူးစာပါခဲ့၏။ မေမေလှက ခေတ်



ပညာမတတ်။ ရေနံချောင်းသူ တွင်းစားမျိုးရိုးမို့ မျိုးရိုးစဉ်ဆက် ချမ်းသာသည်။

ဒေါက်တာမြသွင်အဖို့ ဘာအလုပ်မှ လုပ်စရာမလို၊ ထိုင်စား နေလို့ရ၏။ သည်လိုလည်း ဒေါက်တာမြသွင် မနေတတ်။ သစ်တော ဌာနတွင်လည်းကောင်း၊ ရေနံကုမ္ပဏီ ဘီအိုစီတွင်လည်းကောင်း ဝင်ရောက်လုပ်ကိုင်သေး၏။သို့သော် ဝါသနာဖြင့်မကိုက်၊ အံဝင် ခွင်ကျမဖြစ်လေသောကြောင့် အလုပ်ထွက်လိုက်သည်။အလုပ်လက်မဲ့ ဘဝနှင့်ပင် လှမြသွေးလေးကိုမွေး၏။

ယောက်ျားတစ်ယောက်၊ အိမ်ထောင်ဦးစီးတစ်ယောက် ဖြစ်ပါလျက် မိန်းမစည်းစိမ်အား ထိုင်သုံးစွဲနေရသည်ကို ဒေါက်တာ မြသွင် လုံးလုံးမလိုလား။

အထူးသဖြင့် သမီးလေးလှမြသွေးကို ဂုဏ်မငယ်စေချင်။ ပညာတတ် အလုပ်လက်မဲ့အဖေ၏သမီး မဖြစ်စေချင်ဟု ဖေဖေ အမြဲပြော၏။

ရည်မှန်းချက် ပြည့်သည်လားမသိ။

ဖေဖေက အင်္ဂလန်မှ ကျောင်းနေဖက် သူငယ်ချင်းနှင့် ပြန်တွေ့သည်။ မြန်မာနိုင်ငံ ရန်ကုန်မြို့တော်၊ ကင်းဘဲလ်လမ်း (ယခု ငါးထပ်ကြီးဘုရားလမ်းတွင်) ရုံးခန်းဖွင့်ထားသော ဒေါက်တာ မာတင်ကင်းဆိုသည့် ဂျာမန်လူမျိုးနှင့်ဖြစ်၏။

ထိုသူဖွင့်ထားသော အက်စ်-အက်စ်-ကင်းဇီဝဗေဒ ရုံးခန်း တွင် ဖေဖေ အလုပ်ရ၏။

ဇီဝဗေဒ၊ အဏ္ဏဝါဗေဒနှင့် မနုဿဗေဒရပ်များအပြင် ရှေးဟောင်း ကုသခြင်းဆိုင်ရာ ပညာများကိုပါ လေ့လာခွင့်ရသလို ရန်ကုန် ယူနီဗာ စတီပါမောက္ခလစာနှင့်ညီသော လစာကိုလည်းရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေဒေါက်တာမြသွင် အလွန်ပင်ပျော်ရွှင်သွားသည်။

ထိုစဉ်က ရန်ကုန်တွင် ဇီဝပညာရပ်နှင့်ပတ်သတ်၍ ဗြိတိသျှရေတပ်ဌာနမှာသာလျှင်ရှိပြီး ဗြိတိသျှလူမျိုး ဇီဝဗေဒပညာရှင်ဆရာဝန်တစ်ဦးရှိနေသဖြင့် အလုပ်သွားလျှောက်သော်လည်းမရ။ ဒေါက်တာမာတင်ကင်းနှင့်အတူ အလုပ်လုပ်ရသောအခါ ဝါသနာနှင့်ဝမ်းစာတစ်ထပ်တည်းကျသဖြင့် ဒေါက်တာမြသွင် ပျော်ရွှင်နေသည်ကို မိသားစု သုံးဦးစလုံး ခံစားခဲ့ရ၏။

ဖေဖေက ဤမျှရုန်းကန်ခဲ့ရသလောက် လှမြသွေးဘဝအေးချမ်း၏။ အကောင်းဆုံး ကျောင်းတွေမှာ အကောင်းဆုံးပညာတွေကိုသင်ခွင့်ရခဲ့သည်။ ဘွဲ့ဒီကရီတစ်ခုကို ပိုက်ကာနီးဆဲဆဲမှာပင် ခုကဲ့သို့ ဖေဖေနှင့်မေမေ ခရီးထွက်ရင်း ပျောက်ဆုံးခဲ့ရသည်။

ဆုံးရှုံးမည့် ဆုံးရှုံးတော့လည်း ကြီးမားလှပါကလားဟု တွေးကာ လှမြသွေး ကြေကွဲမဆုံး။

ခုကော မရေရာလှသည့် သားရေပြား စာလေးတစ်စောင်က ကြောက်လန့်ဖွယ်သတ္တဝါလိုလို လူလိုလိုထံမှ ရောက်လာသောကြောင့်…

ထိုည။

လှမြသွေးအိပ်လို့မရတော့…။

* * * * * * *



# အခန်း(၃)

## လူကျားနှင့်ကျားလူ

လှမြသွေး သပြေတောရဘုန်းကြီးကျောင်းသို့ ရောက်သည့်အခါ ဆယ်နာရီခွဲပြီဖြစ်၏။

ဘုန်းတော်ကြီးကျောင်းမှာ အိမ်နှင့်နှစ်ခြံကျော်တွင်ရှိပြီး မေမေလှနှင့်ကြီးကြီးဝင်း တို့မျိုးရိုးစဉ်ဆက်ကိုးကွယ်သည့် ကျောင်းဖြစ်လေ၏။

ဖေဖေသည် ခရစ်ယာန်ပင်ဖြစ်လင့်ကစား မေမေလှ ကိုးကွယ်ရင်းကို မည်သည့်အခါမျှ မကန့်ကွက်။

တစ်ခါတစ်ရံ သူကိုယ်တိုင်ပင်လျှင် ဆွမ်းကွမ်းတို့ကို ပို့ပေး၏။ ဘုန်းကြီးကျောင်းသို့ လိုက်၏။ ဘုန်းကြီးကိုတော့ ရှိခိုးခြင်းမရှိ။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ သူက ကြည်ကြည်ဖြူဖြူရှိပြီးသား...။

ဘုန်းတော်ကြီးကျောင်းသို့ ရောက်လျှင် မေမေလှ၊ ကြီးကြီးဝင်း၊ မစောလေး၊ လှမြသွေးနှင့် ဦးလေးမိုတို့ ဆွမ်းကပ်၊ တရားနာနေလျှင် ဖေဖေသည် သစ်ပင်တစ်ပင်အောက်တွင် တိုင်ရင်းငေးနေတွေးနေ၊ တစ်ခါတစ်ရံမှု လိပ်ပြာငယ်ကလေးတွေ၊ ငှက်ကလေးတွေကိုကြည့်နေတတ်စမြဲ။

လှမြသွေး ခုတစ်ခါ ကျောင်းသို့လာလေသောအခါ ဖေဖေရော၊ မေမေရော မပါတော့။

ညကအဖြစ်အပျက်ကြောင့် ကြီးကြီးဝင်းက ဘုန်းကြီးကျောင်းသို့သွားရန် ခေါ်သြ၍ လာရခြင်းဖြစ်ပေရာ အိပ်ရေးပျက်နေသော လှမြသွေးမှာ မလန်းဆန်းရှိနေ၏။

ဟုတ်သည်။ အမှန်ပင် စိတ်ကမလန်းဆန်း၊ ကျောင်းဝင်းတွင်းရောက်၍ သစ်ပင်တွေကိုကြည့်တော့လည်း လန်းဆန်းသည်ဟု မထင်။

မန်ကျည်းပင်၊ ကုက္ကိုလ်ပင်၊ သရက်ပင်၊ မရမ်းပင်၊ သပြေပင်၊ ပိန္နဲပင်၊ မာလကာပင်တို့ အုပ်အုပ်ဆိုင်းဆိုင်းရှိနေသော ကျောင်းဝင်းကြီးမှာ၊ ညိုပုတ်ပုတ်ကြီးရှိလိုနေသည်။

ညက မိုးရိုန်ဖြင့် စိုစိုရွှဲနေသော်လည်း မှိုင်းညို့ညို့ကြီးရှိနေသဖြင့် လှမြသွေး စိတ်မှာမရွှင်နိုင်။

ဘုန်းတော်ကြီး ဦးဇာဂရအား ဆွမ်းကပ်၊ ပရိတ်တရားနာပြီးနောက် လှမြသွေး ကျောင်းအောက်သို့ ဆင်းခဲ့၏။

ဖေဖေ ထိုင်နေကြဇရပ်အနီး သပြေပင်ကြီး ခြေရင်းခုံတွင် ထိုင်ကာကျောင်းဝင်းကို ငေးနေမိသည်။

ညက မိုးကြီးလေကြီးကျချိန် ငှက်ကလေးတွေ ဘယ်မှာ



ပုန်းခိုနေသည်မသိ။ ခုတော့ သစ်ပင်၊ သစ်ခက်၊ သစ်လက်၊ သစ်ရွက်၊ ပန်းငုံ၊ ပန်းဖူး၊ ပန်းပွင့်တွေကြားမှာ ငှက်ကလေးတို့ ခုန်ကူးပြေးလွှားပျံသန်းသွားနေသည်ကို မြင်ရသဖြင့် 'လှမြသွေး'စိတ်မှာ ကြည်နူးလာ၏။

ဖေ့ဖေ့သွေးပါ၍လား မသိ။ အသက်ဇီဝရှိသော သစ်ပင်နှင့်ကျေးငှက်တိရစ္ဆာန်တို့ကို သူမ ချစ်တတ်၏။

"အသက်ဇီဝရှိတဲ့ သတ္တဝါတိုင်းဟာ သနားဖို့ကောင်းတယ် သမီး။ သူတို့ဟာ အသက်ရှင်နေထိုင်ရေးအတွက် ဒုက္ခခံရတယ်။ နောက် သားသမီးပွားစီးပြီး ပျော်တတ်ကြတယ်။ ဒုက္ခနဲ့သုခကြားမှာ နေကြရတာ။ ဖေဖေတို့လိုပါပဲ။ ဖေဖေတို့လဲ ဇီဝကောင်တွေပေါ့"

"ဒုက္ခနဲ့သုခတွေရဲ့ကြားမှာ သေခြင်းမရဏဆိုတာ ရှိသေးတယ်... သမီးရဲ့။ အဲဒီမရဏရှိလေမှ ရှင်သန်ခြင်းဆိုတာ အဓိပ္ပာယ်ရှိတာ။ ရှင်သန်ခြင်း၊ ရှင်သန်ထမြောက်ခြင်းပေါ့ကွယ်"

"ရှင်သန်ခြင်းဆိုတာ ဘဝပဲ။ အဲဒီအတွက် ဇီဝကောင်တိုင်းဟာရုန်းကန်လှုပ်ရှားနေရတယ်။ လှုပ်ရှားတိုင်းလည်း ဒုက္ခတွေ၊ သုခတွေ တွေ့နေရတယ်။ ဘယ်တော့မှ စိတ်မပျက်နဲ့။ စိတ်ပျက်ခြင်းဟာ မရဏ။ ဒုက္ခ၊ သုခဆိုတာ ဘဝဇီဝပဲ။ သမီးပျော်ပျော်ရွှင်ရွှင်ရင်ဆိုင်လိုက်"

ဖေဖေ့စကားတွေကို သူမသတိရနေ၏။ လွမ်းလည်းလွမ်း၏။ သပြေပင်နံဘေး ဇရပ်ပေါ်တွင် ဦးလေးမိုနှင့် သူတော်ကြီးတစ်ပါးတို့ ရေနွေးကြမ်း၊ ကွမ်းအစ်တို့ကို အလယ်တွင်ထားကာ စကားပြောနေ၏။ သူမအရင်က ထိုသူတော်ကို မမြင်ဖူးခဲ့။

သူတော်ကြီးမှာ ဦးလေးမိုတို့အရွယ်ရှိပြီ၊ အလွန်ဝဖြိုး၏။ ဝဝအသားမည်းမည်း၊ ခေါင်းဖြူဖြူ၊ အဝတ်ဖြူဖြူ သူတော်ကြီးမှာ ပုတီးကြီးကိုလည်မှာဆွဲလျက် စကားပြောရာတွင် ကျယ်လှသည်။

www.burmeseclassic.com



သူ့ရယ်သံ၊ စကားသံတို့ကို လှမြသွေးကြားနေရသည်။

"ကျုပ်ဘဝကဖြင့် စုံသလားမပြောပါနဲ့ ကိုယ့်ဆရာရေ...။ ဇာတိကတော့ မော်လိုက်ဘက်ကဗျ။ မိဘတွေမရှိကြတော့ ကျုပ် သစ်တောဘက်ကို လိုက်သွားခဲ့တာ။ ဝန်ထမ်းတော့ မဟုတ်ပါဘူးဗျာ။ သစ်တောအရာရှိတွေ တောတက်တဲ့အခါ သေနတ်ထမ်းပြီး လိုက်ရတဲ့ အလုပ်ဗျ။ ဟဲ...ဟဲ"

သူတော်ကြီးက တဟဲဟဲ ရယ်ရင်း ကွမ်းသီးကို ကွမ်းညှပ်ဖြင့် တဖျောက်ဖျောက် စိပ်နေ၏။

"ကျုပ်ကလဲ ငယ်ငယ်ကတည်းက ခြေထောက်မှာ မွေးပါလာတဲ့ နေ့ဗျ။ အဖေက မုဆိုးဆိုတော့ မော်လိုက်၊ ခန္တီး၊ ကလေးနဲ့ ချင်းတွင်းမြစ်ကြော တစ်လျှောက် တောတွေတောင်တွေမှာတော့ မရောက်ဖူးတဲ့ နေရာမရှိ။ မပစ်ဖူးတဲ့ အမဲမရှိဘူးဗျ"

"သေနတ်နဲ့ပစ်တာလား"

ဦးလေးမိုကာပင် မေး၏။

"ကျုပ်တို့ အဖေ့လက်ထက်ကတော့ ဘယ်သေနတ်ကိုင်မလဲဗျာ။ မိရိုးဖလာ လေးမြား၊ ဒူးလေးပေါ့...

"သေနတ်တွေ ဘာတွေရှိလဲ ဥပဒေနဲ့မလွတ်ကင်းမှာစိုးလို့ မကိုင်ကြဘူးဗျ။ အချို့ကတော့ ခွေးနဲ့လှံနဲ့ လိုက်ကြတယ်။ ညွှတ်တို့၊ ထောင်ချောက်တို့၊ သုပ်ကိုင်းတို့ ထောင်တဲ့လူလဲ ရှိတာပေါ့...

"ကျုပ်က ဒူးလေးသမားဗျ။ မြားကောင်းကောင်း သုံးဆယ်လောက်လုပ်၊ ကြပ်တင်ထားပြီး အဆိပ်စိမ်ထားတာ။ ဒါနဲ့ပဲ ပစ်တာ..

"ကျုပ်အဖေဟာ သိပ်တော်တဲ့ မုဆိုးကြီးဗျ။ ကျုပ်ကို



ရှင်ပြုတာဆိုရင် အမဲပစ်လို့ရတဲ့ ပိုက်ဆံနဲ့ပြုတာတဲ့။ အဲဒီတုန်းက တောဝက်သား တစ်ပိဿာမှ တစ်မူးပဲရတာ...

"ဒါတောင် ခန္တီးတက်ရောင်းရတာ။ ရတဲ့ငွေကို ငါးပိုးဆစ်ဗူးနဲ့စု၊ ငါးမူးရတော့မှ ရှင်ပြုတာတဲ့...

"ရှင်ပြု အလှူမှာကျွေးတာတောင် ဆတ်သားကျွေးတာဗျို့"

"အလို... တယ်ဟုတ်ပါလား"

"အဟုတ်ဗျ။ အင်း... ဘုန်းကြီးကျောင်းထဲမှာ သူတော်က အမဲအကြောင်း ပြောရတာတော့ မကောင်းလှဘူး။ ဘဝအကြောင်း ပြောရင်း ဗဟုသုတပေါ့ဗျာ...

"မော်လိုက်ဆိုတာက ဗမာဘုရင်တွေ လက်ထက်ကမြို့မဟုတ်ဘူး။ အခု အင်္ဂလိပ်မင်းလက်ထက်မှာ တည်ထားတဲ့ မြို့သစ်ဗျ။ ဟိုတုန်းက ဒီနေရာက အမဲနယ်မြေကြီးပေါ့...

"ခန္တီးစော်ဘွား၊ ခန်းပတ်စော်ဘွား၊ သောင်သွပ်စော်ဘွားတို့ အုပ်ချုပ်ကြသတဲ့။ ဟောဒီ မော်လိုက်အောက်ဘက် ကိုးတန်ချောင်းနားမှာ "စော်ဘွားဟင်းအိုး"လို့ခေါ်တဲ့ လွင်ပြင်ကြီးရှိသဗျ...

"ဆတ်ဆိုတဲ့ အကောင်ကလဲ တောတောင်နက်နက်မှာ နေလေ့နေထ မရှိကြဘူး။ မြက်ခင်းကောင်းကောင်း ချောင်းရိုးမြောင်းရိုးမှာကျက်စားကြတာ။ တောနက်တော့လဲ ကျားကိုကြောက်ရသကိုး...

"အဲဒီတော့ စော်ဘွားဟင်းအိုး လွင်ကြီးဟာ ဆတ်တွေထင်တိုင်းပေါ်သပေါ့။ စော်ဘွားတွေဟာ ပျင်းလာရင် အချင်းချင်း ချိန်းပြီး ဒီနေရာမှာ အမဲပစ်ကြသဗျ။ ဒီနေရာကို ဘယ်ရွာသူဘယ်ရွာသား မုဆိုးကမှ အမဲမပစ်ရဘူးလို့ အမိန့်ထုတ်ထားသဗျ...

"ဟော... အင်္ဂလိပ်လက်ထက်ကျတော့ အင်္ဂလိပ်မှူးမတ်များဖြူ အရာရှိအပျင်းပြေ အမဲပစ်တဲ့ကြိုးဝိုင်းပေါ့ဗျ...

www.burmeseclassic.com



"ဒီနေရာမျိုးမှာမှ ကျုပ်အဖေက အလှူမှာ ဆတ်သား ကျွေးဖို့ဆတ်လာပစ်တာဗျ။ ကျုပ်အဖေဟာ ကြိုးဝိုင်းထဲ ဝင်မပစ် ဘူး။ ကိုးတန်ချောင်းဖျား ရေမတက်တဲ့ မြက်ခင်းစပ်မှာ ခြိကာပြီး လနဲ့ချီ ကျင်ငယ်စွန့်သဗျ...

"အဲဒီမှာတဲထိုးနေရင်း နေ့ရောညပါ ကျင်ငယ်စွန့်လေ တော့... လကြာလာတော့ ဆားငန်ပေါက်လာတယ်။ ဆတ်ဆိုတဲ့ ကောင်မျိုးကလဲ ဆားကျင်းများတွေ့ရင် ဘေးအန္တရာယ်ကို မေ့တဲ့ အကောင်လေ...

"အဖေက ခြိကာကို ဖွင့်ပေးလိုက်ပြီး လေအောက်ပစ်ကွင်း ကောင်းကောင်းနေရာက ဒူးလေးနဲ့စောင့်ပစ်တာ။ ကြိုးဝိုင်းက ဆတ် တွေ၊ ချေတွေထွက်လာပြီး ဆားကျင်းယက်ကြတုန်း ပစ်လိုက်တာ အလှူမှာ ဆတ်သား ဟင်း၊ ချေသားဟင်းနဲ့ နှစ်နှပ်ကျွေးပြီးတဲ့အပြင် စဉ့်အိုးခွက်စိပ်ဝင် တစ်အိုးကျန်သဗျ..."

"အိုး..."

"အဲသလို အဖေမျိုးကမွေးတဲ့ ကျုပ်ဟာ အဖေ့သေွးက အပြည့်မို့ မော်လိုက်တစ်ခွင်မှာ မုဆိုးလိုင်စင်ယူပြီး လုပ်စားခဲ့တာ"

"မုဆိုးကလဲ လိုင်စင်ရှိရသလား"

"ရှိရတာပဗျာ။ လိုင်စင်လုပ်ရတယ်။ အခွန်ဆောင်ရတယ်။ ပြောင်၊ ဆတ်၊ စိုင်ဆိုရင် မုဆိုးလိုင်စင်ရှိမှ ပစ်ရတာ။ တစ်နှစ်အမဲ ဘယ်လောက်ရတယ်။ အထီးအမ ခွဲခြားပြီး အင်္ဂလိပ်အစိုးရဆီမှာ အစီရင်ခံရတာ...

"အမတွေ သားလွယ်ချိန်မှာဆို ဘယ်အမကိုမှ မပစ်ရဘူး ဗျ။ တားမြစ်ချက်ကို အတိအကျ လိုက်နာရတယ်။ နို့မို့ရင် လိုင်စင် သိမ်းခံရရော...



"ဆိုပါတော့ဗျာ။ ကျုပ်က မုဆိုးဘဝနဲ့ သစ်တောအရာရှိ တွေနောက်လိုက်ပြီး သူတို့စားဖို့ ပစ်ခတ်ရသလို၊ ကျုပ်စားဖို့ ပိုက်ဆံ လဲရှာရတာ။ သေနတ်က သူတို့ဆီကဆိုတော့ ကျည်ကလဲ ပေါ သပေါ့။ ဒူးလေးတောင် သိပ်မကိုင်ဖြစ်ဘူး...

"မုဆိုးတစ်ယောက်ဟာ ကျားကိုပစ်နိုင်တယ်ဆိုရင် မုဆိုး မှော်အောင်တာပဲဗျ။ ကျုပ်က ကျားသုံးကောင်ပစ်ခဲ့ဖူးတယ်။ ကျုပ်ရဲ့ ပထမဆုံး ကျားပစ်အတွေ့အကြုံကိုတော့ ပြောပြချင်သဗျာ"

"လုပ်စမ်းပဗျာ။ မုဆိုးအတွေ့အကြုံက နားထောင်လို့ ကောင်းသဗျ"

ဦးလေးမိုးက ထောက်ခံပေး၏။

လှမြသွေးလည်း နားထောင်နေမိသည်။

ကျားဆို၍ သူမလည်း စိတ်ဝင်စား၏။ ညက မိုးရွာထဲတွင် မျက်မှန်နက်ကြီးတပ်၊ မိုးကာနက်ကြီး ချုံထားသူသည် ကျားတစ် ကောင် မတ်မတ်ရပ်နေပုံနှင့် ဆင်ဆင်တူ၏။ ဟုတ်၏။ အသံကလည်း ကျားတို့၏တစ်သံလိုလို။

လှမြသွေးတွေးမြင်မိရင်း ရင်မှာဖိုလာစဉ် သူတော်ကြီး၏ ဖွံ့ခနဲပြည့်သော ကွမ်းတံတွေးထွေးသံနှင့်အတူ...။

"ပြောရမှာပဗျာ။ မုဆိုးဆိုတာ သူ့ရဲ့သားကောင်ကို စွန့် စွန့်စားစား ဖမ်းခဲ့ရတာ။ သိပ်ပြောချင်တာဗျ...

"ဒီလိုဗျို့... တစ်နေ့မှာ ကျုပ်သစ်တောအရာရှိနှစ်ယောက် ဝန်ထမ်းတစ်ယောက်နဲ့အတူ အမဲလိုက်ထွက်ခဲ့တာဗျ။ နေဦးဗျ။ အဲဒါ ဖောင်းပြင်ဘက်မှာ ချေတစ်ကောင်နဲ့ ဒရယ်တစ်ကောင်ရတာပဲ။ အရာရှိတွေက ချေ(ဂျီ)ကိုတော့ အသားမျှင်းပြီး ကြပ်တိုက်ယူသွား

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ဝမ်းတွင်းသားနဲ့ပဲ အရက်နဲ့မြည်းမယ်။ ဒရယ်ကိုတော့ ချက်စားကြတဲ့။ ကျုပ်တို့ မုဆိုးဆိုတာ အသားရွေးတယ် ကိုယ့်ဆရာရဲ့။

"ဒရယ်သား ကျုပ်မကြိုက်ဘူး။ ဘာနဲ့ကြီးမှန်းမသိဘူးဗျာ။ စိမ်းရွှေရွှေနဲ့။ ဟို... မျောက်ညို့ ချေးခါးသားကမှ စားကောင်းသေး။ ဒါ့ကြောင့် ကျုပ်ဟောင်ပါး အရက်လေး တစ်ပုလင်းသောက်၊ ပြန်မယ်လုပ်တာပေါ့...

"နေဦးဗျ။ ဟောင်ပါးအရက်ဆိုလို့ ပြောရဦးမယ်။ ဟောင်ပါးအရက်က ခန္တီးကချက်တာ ကိုယ့်ဆရာကြီးရဲ့။ ထန်းလျက်၊ အရက်လိုလဲ ချဉ်စုပ်စုပ်မနံဘူး။ ဆန်အရက်လိုလဲ အောက်သိုးသိုးမနံဘူး။ ဒီမှာကိုယ့်ဆရာကြီးရဲ့။ အဲဒီအရက်ကလေ ဟိုးအင်္ဂလန်ကလာတဲ့ ဘရန်ဒီထက်ကောင်းတယ်။ ဝီစကီနဲ့ကိုသင်းလို့ အရောင်ကလဲ စိမ်းလဲ့လဲ့ ပြာညိုကလေးဗျ။ ပြင်းတာလဲ မပြောနဲ့။ မီးတောက်တယ်...

"ပြောရရင်တော့ ဆရာကြီးရေ ချေ(ဂျို)ဝမ်းတွင်းသားနဲ့ ဟောင်ပါးတစ်လုံးသောက်။ ဦးလှတင်မောင်ဆိုတဲ့ သစ်တောအရာရှိဆီက အင်္ဂလိပ်ရိုင်ဖယ် ကျည်အပြည့်ထမ်းပြီး ဖောင်းပြင်မှာ ကျုပ်တည်းခိုနေကြ မုဆိုးကြီးစောထော်ထော်ဆီ ပြန်လာခဲ့တာ။

"ညနေစောင်းလေးဆိုပါတော့။ ကျုပ်လဲ မူးမူးနဲ့လျှောက်နေရင်း ကိုင်းလွင်ပြင်ကြီးတစ်ခုအဖြတ်မှာ အင်း...အဲဒီလို အဖြတ်ချောင်း ရိုးကလေးတစ်ခုကလည်းရှိသဗျ။ မူးနေပေမယ့် မြင်ကွင်းကရှင်းတယ်။ ကိုယ့်ဆရာကြီးစိတ်မှာ မှန်းကြည့်...

"ကျွဲကြီးတစ်ကောင်ဟာ ကန်ဖလို့ခေါ်တဲ့ ချောင်းတိုမြက်ခင်းမှာရပ်နေတယ်။ တောကျွဲကြီးပါ။ ဂျိုကားကြီး၊ သားရေကမဲပြောင်နေတာပဲ...

"ရပ်သာရပ်နေတယ်ဆိုပေမယ့် နောက်ခြေက မငြိမ်ဘူး။



ခွာယက်နေတယ်။ မြက်ပင်တွေ ဖွားဖွားလွင့်။ နှာမှုတ်သံကလည်း တရှူးရှူး၊ ဂျိုကိုလည်းမြေပြင်မှာ လည်စောင်းပြီးသွေးနေတာ...။

"ကျုပ်မုဆိုးလေ... သတ္တဝါကောင်တွေ အကြောင်းသိတယ်... ဒီကောင်တွေဟာ ဘယ်တော့မှ လွယ်လွယ်ကလေးနဲ့ သူတို့ရဲ့အသက်ဇီဝကို အသေမခံဘူး။ တိုက်ခိုက်မှာ အသေအချာပေါ့။ ဒီတော့ မြင်ကွင်းကို ကျုပ်စောင့်ကြည့်နေတယ်...

"ကျွဲရိုင်းတစ်ကောင်ဟာ ရန်သူမရှိဘဲ မြေပွအောင်မလုပ်ဘူးဆိုတာ ကျုပ်မုဆိုးသိတယ်။ လေလာရာကို ခံလိုက်တော့ ကျုပ်ဟာ လေအောက်ကဖြစ်တယ်။ ကျုပ်အနံ့ကို ဒီကျွဲမရနိုင်ဘူး။ ကျုပ်ကမူးနေပေမယ့်၊ ခြေလုံလုံထားပြီး စောင့်ကြည့်လိုက်တော့ လား... လား...

"အလို... ကျားတစ်ကောင်ပါလား။ ကျုပ်ရဲ့ရှေ့မှာ ငါးလံလောက်မှာ... ကျားတစ်ကောင်က ဝပ်လို့ဗျ။ ကျွဲကြီးကျားကို ချောင်းတာဗျ။ ကျားကလဲ ကျွဲကြီးချောင်းတာဗျ"

သူတော်ကြီးစကား အားရပါးရ ပြောရာ ကွမ်းဖတ်ပင်စင်၏။

မြင်နေရသော လှမြသွေး ရယ်မိသလို။ ဗျ... ဗျဟု အဆုံးသတ်တတ်သော သူတော်ကြီး၏အသံကို သဘောကျနေမိသည်။

"ဒါဟာ... သတ္တဝါတွေရဲ့ သူသေကိုယ်သေ တိုက်ပွဲပဲ။ ပြောရရင်တော့ မုဆိုးနဲ့သားကောင်၊ ဘယ်ကောင်မုဆိုး၊ ဘယ်ကောင် သားကောင်ဆိုတာ ရွေးတဲ့တိုက်ပွဲဗျ။ ဒါကြောင့် ကျုပ်က စောင့်ကြည့်နေတာ ကိုယ့်ဆရာရေ...

"ကျွဲကြီးကလဲ ကျားကိုချိန်နဲ့ စောင်ပြီးနောက်ခြေကိုခွေ၊ မြက်တွေကို ဖင်နဲ့ပွတ်၊ ကိုယ်ကိုယို့ပြီးစောင့်။ ကျားကလဲ အမြီးလေးဖုတ်ဖုတ်လှုပ်ပြီး ဝပ်နေတာ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လေ… အကြာကြီးစောင့်တယ်။ ဒီကောင်တွေ ဘာဖြစ်မလဲပေါ့။ တောင်ထိပ်ကနေ နေလုံးကြီးသာဝင်သွားတယ်။ မှောင်သာမှောင်ပ။ ဒီကောင်တွေ ဘာမှမလုပ်ကြဘူးလေဗျ…

"အဲဒီတော့ အင်္ဂလိပ်ရိုင်ဖယ်ကြီး ကျည်အသင့် ထည့်ထားတဲ့ ကျုပ်မနေနိုင်တော့ဘူးဗျ။ ဘယ်ရမလဲဗျ။ ကျုပ်က မုဆိုးလေ။ အဲဒီနှစ်ကောင်လုံးဟာ ကျုပ်ရဲ့သားကောင် ဖြစ်ရမယ်။ ဒါပဲ…

"စောင့်ကြည့်ရင်း စိတ်မရှည်တော့ဘူး။ ဒါကြောင့် 'ဟေး' ခနဲ ထအော်လိုက်တယ်။ ကျားဟာ ရုတ်ခနဲ ထခုန်ပြီး အသံလာရာ ကျုပ်ကိုရင်ဆိုင်လိုက်တာ။ သူနဲ့ကျုပ်ကြားမှာက ကိုင်းမြက်ခင်တန်းလေး တစ်ချုံပဲရှိတာ။ သူနဲ့ကျုပ်မျက်နှာချင်းဆိုင်ဗျ…

"ကိုယ့်ဆရာ စဉ်းစားကြည့်စမ်း။ ကျားနဲ့ကျုပ်မျက်နှာချင်းဆိုင်ဗျ။ သူက ကျုပ်ကိုကြည့်တယ်။ ကျုပ်က သူ့ကိုကြည့်တယ်။ ကျုပ်အာရုံကတော့ သေနတ်နဲ့ ခလုတ်ထဲမှာ။ သူအခုန် ကျုပ်အပစ်လို့အာရုံမှာရှိပြီးသား။ ဒါပေမယ့် သူကမခုန်ဘူး။ ကြည့်နေဆဲပဲ။ ကျွဲက ပြေးလာတယ်။ ကျုပ်ဆီကိုဗျ…

"ကျုပ် သေနတ်ပြောင်း ကျွဲဆီပြောင်းပြီး ခလုပ်ညှစ်ချလိုက်တယ်။ ကျုပ်လက် ကျုပ်သိတယ်လေ…

"ဒိုင်းခနဲမြည်သံ အဆုံးမှာ ကျွဲဟာတစ်ချက်ခုန်ပြီး ဘုန်းခနဲလဲသဗျ။ ဒီလိုဖြစ်နေတုန်းမှာပဲ ကျားဟာ ငြိမ်နေတာကနေပြီး လျှပ်တစ်ပြက်ပဲ ခုန်လိုက်တယ်။ ကျုပ်ကိုခုန်အုပ်တာ မဟုတ်ဘူး။ သေးကိုခုန်သွားတာ၊ မြင်ကွင်းကပျောက်သွားတာ…

"ကျားဟာ သတ္တဝါတွေ ထဲမှာသိပ်မြန်၊ သိပ်လည်းအကင်းပါးတာ။ ကျုပ်ကလည်း နာမည်ကျော် မုဆိုးကြီးရဲ့သားဗျ။ ဘယ်ရမလဲ။ သေနတ်ကို ကျည်အသင့်ထိုးစောင့်နေတာ…



"တောကလည်း ကြီးကြီးနက်နက်မဟုတ်ဘူး။ ကိုင်းပင်၊ မြက်ပင်၊ ကြူပင်နဲ့ တောသပွတ်ခင်တန်း ချုံကလေးတွေပဲရှိတာ…

"ကျုပ်မုဆိုးလေဗျ …

"ဟောင်ပါးအရက် သောက်ထားပေမယ့် အာရုံမှာ–သားကောင်သတိရှိနေတယ်။ ရှေ့ကလာမလား၊ နောက်ကလာမလား။ ဘေးနှစ်ဘက်က လာမလား။ အင်္ဂလိပ်ရိုင်ဖယ် သုံးရှာသုံးကို ကျုပ်အသင့်ပြင်ထားတယ်…

"သေနတ်ကို ဒူးလေးပစ်သလို ညှတ်ကွင်းထောင်သလို၊ သုပ်ကိုင်းဆင်ထားသလို၊ ထောင်ချောက်ဖမ်းထားသလို၊ မုဆိုးတို့ထားအပ်တဲ့ အာရုံကို ကျုပ်ထားနေတာ…

"လေတိုးသံ၊ သစ်ရွက်လှုပ်သံ၊ ငှက်အော်သံ၊ လိပ်ပြာတောင်ပံခပ်သံကအစ အာရုံမှာရှိနေတယ်။ အသက်ကို မှုင်းမှုင်းရှူပြီး စောင့်နေတယ်။ အမှောင်ကလဲ တိုးဝင်လာပြီ။ သိပ်မှောင်လာရင်မကောင်းဘူး။ ကျားမြန်မြန်လာစမ်းလို့ ဆုတောင်းရင်း စောင့်နေတုန်း။ မထင်မှတ်ဘူးဗျာ။ ဘယ်လိုမှ မထင်မှတ်တာ…

"ကျားဟာ ဘယ်ကနေ ဘယ်လိုရောက်လာမှန်း မသိဘူးဗျ။ မိုးပေါ်က ကျလာသလို ကျုပ်အပေါ် ဖျတ်ခနဲ ကျလာတာ။ ကျုပ်သာ မျက်တောင်တစ်ခပ်နှေးသွားလို့ကတော့ ကျားစာဖြစ်ပြီပေါ့ဗျ။ ကျားကအကျ၊ ကျုပ်သေနတ်က အထွက်၊ လူကလဲ တစ်ပတ်လိမ့်။ ကျည်ပြန်ထိုး၊ နောက်တစ်ချက်ပစ်ဖို့ပါပဲ…

"ကျားကို လှမ်းကြည့်လိုက်တော့ ကျုပ်နဲ့ဝါးတစ်ပြန်လောက်မှာ ကျားကဆန့်ငင်ဆန့်ငင် ဖြစ်နေပြီး၊ ကျုပ်ရဲ့ ကျည်က မေးရိုးက နေဦးနှောက်ကို ဖောက်သွားတာကိုး…

"ကဲ… ဘယ်လောက်ဂုဏ်ယူဖို့ကောင်းလဲ။ ကျုပ်ဟာ မှော်

www.burmeseclassic.com

www.burmeseclassic.com



အောင်မုဆိုးကြီးဗျ။ အဲဒီကာစလို့ ကျုပ်ဟာ ခန္တီးနယ်မှာ မုဆိုးကြီး ထွန်းပိုဆိုပြီး နာမည်ကြီး ကျားပစ်မုဆိုးဖြစ်ခဲ့တော့တာပါပဲ…

"ကျားပစ်မုဆိုးဘဝနဲ့ ကျားဆိုးရှစ်ကောင်ကို ကျုပ်ပစ်ခတ်ပေးခဲ့တယ်။ အရေးပိုင်မင်း ကိုယ်တိုင်ရွှေစလွယ်ဆုချခဲ့တယ်။ မုဆိုးထဲမှာ ပထမဆုံးရတဲ့ စလွယ်ဆုပေါ့ဗျ…

"အဲဒီအချိန်မှာ ကျုပ်ဟာ သိပ်တဝင့်မြင့်နေတဲ့ ကျားပစ်မုဆိုးပေါ့။ ဒါပေမယ့်ဗျို့ အဲဒီကျားကြောင့်ပဲ ကျုပ်ခုလို မုဆိုးဘဝကိုစွန့်ပြီး သူတော်ဖြစ်ခဲ့တာပါပဲ"

သူတော်ကြီးက သူ့ဦးပြည်းဖြူဖြူကိုပွတ်ကာ ပြော၏။ ဦးလေးမှိုမှာ စိတ်ဝင်စားပိုလာဟန်ဖြင့် သူတော်ကြီးရှေ့သို့ တိုးလိုက်ရင်း…။

"ဆက်ပါဦးဗျ။ သူတော်ဖြစ်ရတဲ့အကြောင်း"

ဟုဆိုလေ၏။

"အင်း… ပြောရရင်တော့ မယုံချင်စရာ ပုံပြင်တစ်ပုဒ်လိုပါပဲဗျာ။ ဘဝင်မြင့်နေတဲ့ ကျုပ်ဟာ ထမန်သီကို အသွား…လူကျားနဲ့တွေ့ခဲ့ရတာပါပဲ"

"လူကျား ဟုတ်လား"

ဦးလေးမှို အံ့ဩစွာမေး၏။

"ဟုတ်တယ်။ လူကျား ဆိုရရင်တော့ သမန်းကျားပေါ့ဗျာ။ တစ်နေ့ ကျုပ်ထမန်သီဘက်မှာ ကျားတစ်ကောင် သောင်းကျန်းနေတယ်ဆိုလို့ ရောက်သွားခဲ့တယ်။ ကန်ပေါက်ဆိုတဲ့ ရွာပေါ့ဗျာ။ ထမန်လူမျိုးတွေနေတဲ့ ရွာဗျ…

"ထမန်လူမျိုးဆိုတာက ကဒူး၊ ကထာန်းတို့လို လူမျိုးစု



ပါ။ သူတို့က ကျားဖြူကို ကိုးကွယ်ကြတယ်။ တစ်နှစ်တစ်ခါ ကျားဖြူနတ်ကို ပသပြီး ကျားနတ်ဝင်လာရင် သုံးထပ်အိမ်ပေါ်ကတောင် ကျွမ်းပစ်နိုင်တယ်ဆိုပဲ…

"အဲဒီရွာမှာ ကျားဆိုးတစ်ကောင် သောင်းကျန်းနေတာ၊ ပူဇော်ပသလို့လဲမရ။ မုဆိုးတွေရှိပေမယ့် ကျားကိုကိုးကွယ်တော့ မပစ်ရဲကြဘူး။ အဲဒီကျားဟာ လူငါးယောက်နဲ့ နွားခြောက်ကောင်ကို စားပြီးပြီဗျ။ သူတို့မှာ တောင်ယာမလုပ်ရဲ၊ တောမတက်၊ ထင်းမခွေ၊ ဟင်းရွက်မခူးရဲဆိုလို့ ကျုပ်ရောက်ခဲ့တာပေါ့။ ထမန်သီအုပ်စုဝင် ရွာလေ…"

(မှတ်ချက်။ ။ ထမန်သီ၊ တမ်သီဟု အရေးအသား ကွဲပြား၏။ ရှေးခေတ်ပေါင်းများစွာက ထမန်လူမျိုးတို့နေ၏။ ကျားဖြူနှင့် ကျားမဲကိုးကွယ်ကြသော ထမန်လူမျိုးနှစ်စုရှိ၏။

ကျားဖြူကို ကိုးကွယ်ကြသူများမှာ တစ်နှစ်တစ်ခါ ကောက်ပဲသီးနှံပေါ်ချိန်တွင် ကျားဖြူနတ်အား ပူဇော်ပသလေ့ရှိပြီး ကျားနတ်ပူးသူများက လူစိတ်ပျောက်ကာ ကျားဟိန်းသံပေးခြင်း၊ ကျွမ်းပစ်ခြင်းတို့ကို လုပ်လေ့ရှိပြီး ထိုကဲ့သို့ နတ်ပူးသူကို မိသားစုမှ ခြံဝင်းတံခါးပိတ်ထားကာ မနက်ခင်းကြမှပင် ဖွင့်ပေးလေ့ရှိ၏။

ကျားမဲကိုးကွယ်သူကား လူနည်းစုဖြစ်ပြီး၊ အသားစိမ်းများဖြင့် တစ်နှစ်တစ်ခါ ပူဇော်၏။ နတ်ပူးသူမှာ ကျားဟိန်းသံပြုပြီးနောက် သားစိမ်းစားကာ လူ့အဝတ်အစားချွတ်၍ ကျွမ်းပစ်ခြင်းအပြင် ကျားအသွင်သို့ပင် ပြောင်းသွားတတ်ကြောင်း ဆိုလေ၏။ အချို့ကမူ ပေါ်ရိုသာဒမော်ဟု ဆိုလေ၏။

ယခုမူ ထမံသီဟူသော ရွာရှိလေ၏။ ဟုမ္မလင်းနှင့် ခန္တီးကြားတွင်ရှိသည်။ ဟုမ္မလင်းမှ (၅၇)မိုင်၊ ခန္တီးမှမိုင်(၇၀)ရှိသော ရွာကြီးဖြစ်၏။ အိမ်ခြေ (၄၀၀)ကျော်၍ လူဦးရေ(၃၀၀၀)နီးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အကူရိနာဂတိုင်းရင်းသားများ နေ၏။ ခရီးသွားများအတွက် ထမင်းဟင်းဆိုင် အကောင်းဆုံးနေရာ ဖြစ်ပေသည်။

ထိုထမံသီရွာမှ မဝေးလှသည့်နေရာတွင် စာရာမေတိတောင်တန်းကြီးရှိကြောင်း သိမှတ်ဖွယ် ဖော်ပြပါ၏။ စာရေးသူ)

"အချိန်ကာလက တနင်္ဆောင်မုန်းလကြီးဗျာ။ ကျုပ်ကံပေါက်ကိရွာသူကြီးအိမ်ရောက်ခဲ့တယ်။ သူကြီးနာမည်က စောလတဲ့ဗျ။ အသက်ကကျုပ်နဲ့ မတိမ်းမယိမ်း။ မယားနှစ်ယောက်၊ သားသမီးလေးယောက်ရှိတယ်။ အိမ်ဝိုင်းကြီးက အကျယ်ကြီး။ အဲဒီမှာ မယားနှစ်ယောက်ရော၊ သားသမီးတွေပါ ကျွန်းနှစ်ထပ်အိမ်တွေနဲ့ နေကြတာ...

"သူကြီးစောလက မယားသာနှစ်ယောက်ရတာ။ လူက တုတ်တုတ်၊ အသားကလဲ ကျုပ်ထက်မည်းသဗျ။ မျက်နှာပေါက်ကလဲ ဆိုးလိုက်တာဗျာ။ ဒီကြားသွားက ခေါ်သေးဗျ...

"ဒါပေမယ့် စိတ်သဘောကတော့ ကောင်းပါတယ်။ တစ်ညနားတဲ့အချိန် ကျုပ်ကိုပြုံစုလိုက်တာဗျာ။ အရေးပိုင်ပွဲကျနေတာပါပဲ။ ဒီလိုနဲ့ ကျုပ်ရွာကို လှည့်ပတ်ကြည့်လေ့လာပြီး၊ သူကြီးစောလကို ကျုပ်ပြောတယ်...

"ကျုပ်ကျားပစ်ရင် ဘယ်တော့မှ ကျားကိုစောင့်မပစ်ဘူး။ ကျားရှိရာ ရှာပစ်တယ်။ အမဲကြီးပစ်ဖို့ ထွက်မယ်ဆိုရင် မုဆိုးဖော်တစ်ယောက်လိုတယ်။ အတွေ့အကြုံရှိတဲ့လူ၊ သစ္စာရှိတဲ့လူ၊ သတ္တိရှိတဲ့လူ၊ တောကျွမ်းတဲ့လူတစ်ယောက် ရှာပေးပါဆိုတော့...

"သူကြီးစောလက သူလိုက်မယ်တဲ့။ သူကလဲ ဟိုတုန်းက မုဆိုးဆိုတော့ အတော်ပဲပေါ့...

"နောက်နေ့ညနေစောင်း ကျုပ်တို့လိုအပ်သမျှ တောလည့်ပစ္စည်းတွေရှာပြီး တောထဲကိုထွက်ခဲ့ကြတယ်။ ကျားကိုညဘက် ပစ်



ကြမယ်ပေါ့။ ရွာအပြင်ဘက် တစ်မိုင်လောက်ရောက်တယ်ဆိုရင်ပဲ ကျားခြေရာ အသစ်တွေ တွေ့နေရတော့ ဂရုစိုက်သွားနေရင်း နေဝင်သွားတယ်...

"သစ်ရာပင်ကြီးနှစ်ပင်က လင့်ထိုးစရာမလိုအောင် ကိုင်းတက်ကောင်းနေတော့ ကျုပ်တို့နှစ်ယောက် သစ်ပင်ပေါ်တက်နေရာယူကြတယ်။ အောက်မှာက ကျားရဲ့သွားလမ်းလာလမ်း ခြေရာတွေ တွေ့နေရတဲ့နေရာပေါ့...

"နေရာယူစောင့်နေတုန်းမှာပဲ ကျားဟိန်းသံတွေ ကြားနေရသဗျ။ ဟိန်းတာမှ အနီးကပ်ဟိန်းနေတာ။ ကျုပ်က လက်ယားနေပြီ။ သူကြီးစောလကို လှမ်းကြည့်တော့ သစ်ကိုင်းပေါ်မှာ အေးအေးဆေးဆေးထိုင်လို့...

"လကလဲ အစောကြီးထွက်လာတော့ ပစ်ကွင်းကရှင်းနေတာပဲလေ။ တောချုံတွေကို မီးမောင်းထိုးပြထားတဲ့အတိုင်းပါပဲ။ ကျုပ်လဲ မျက်စိရှင်ရှင်ထား၊ ကျုပ်ရဲ့လက်စွဲတော် သေနတ်ကလဲ အဆင်သင့်ပဲလေ။ ကျား လာစမ်းပေါ့။ စိတ်ထဲကကြိမ်းနေခဲ့တာ...

"အဲဒီမှာဗျာ ကျုပ်လေ ဘယ်လိုဖြစ်မှန်းမသိဘူး။ အိပ်ချင်လိုက်တာ။ ဘယ်လိုမှတားလို့မရဘူး။ သူကြီးစောလကို စကားလှမ်းပြောလဲမရဘူး။ တဝါးဝါး သမ်းရင်းသမ်းရင်း ကျုပ်ဘယ်လိုဘယ်လို အိပ်ပျော်သွားမှန်း မသိဘူး...

"ကျားဟိန်းသံကြီးတွေ တဝေါင်းဝေါင်း ကြားရတော့လန့်နိုးလာတယ်။ နိုးလာတော့ ကျုပ်ရင်တွေ ဒိန်းခနဲ ခုန်သွားမိတယ်။ ကြည့်လေ ကျုပ်တစ်ကိုယ်လုံး သစ်ကိုင်းနဲ့ကပ်ပြီး ကြိုးတုပ်ခံထားရတာဗျ။ လှုပ်လို့တောင် မရတော့ဘူး။ သေနတ်၊ ကျည်ဆံဗူး၊ လွယ်အိတ်၊ ဓား ကျုပ်ဟာတွေ ဘာမှမရှိတော့ဘူးဗျာ...

"သူကြီးစောလဆီ လှမ်းကြည့်လိုက်တော့ သူကြီးစောလ

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူး။ ကျုပ်ဒေါကန်သွားတယ်။ ဒီလူသစ္စာဖောက်တာပဲ။ ဒါဟာ မုဆိုးအချင်းချင်း မလုပ်အပ်တဲ့အရာပဲ။ သိကြသေးတာပေါ့လို့တွေးနေတုန်း သစ်ပင်အောက်မှာ ကျားဟိန်းသံကြားရပြန်ရော...

"ငုံ့ကြည့်လိုက်တော့လား... လား... ကျားကြီးသုံးကောင်တောင်။ ကိုးတောင်ပြည့်ကျားကြီးတွေဗျ။ ကျုပ်ကိုမော့မော့ကြည့်ပြီးဟိန်းနေတာများ အသည်းယားစရာကြီး။ အဲဒီအချိန်မှာပဲ ချုံထဲက ရိပ်ခနဲ ခုန်ထွက်လာတဲ့ လူတစ်ယောက် မြင်လိုက်ရသဗျ...

"အဲဒါ ဘယ်သူမှတ်တုန်း၊ သူကြီးစောလပဲဗျ...

"သူကြီးစောလကို ရုတ်တရက် မြင်လိုက်ရတော့ လှမ်းခေါ်မလို့တောင် ဖြစ်မိသေးတယ်။ ဒါပေမယ့် သူကြီးစောလရဲ့ ပုံစံကြောင့် ကျုပ်မခေါ်မိခဲ့ဘူး...

"သူကြီးစောလဟာ အဝတ်အစားမရှိဘဲ မိမွေးတိုင်း၊ ဖမွေးတိုင်းကြီးဗျ။ လရောင်ကိုမော့ကြည့်၊ လက်နှစ်ဖက်မြှောက်ပြီး ကျားလိုဟိန်းနေတာ။ တစ်ခါမှ မကြောက်ခဲ့ဖူးတဲ့ ကျုပ်ကြောက်လိုက်တာဗျာ။ ခုပြောရင်းတောင် ကြက်သီးတွေထမိတယ်...

"ကျုပ်ကြိုးတုပ်ခံထားရတဲ့ ကြားက တစ်ကိုယ်လုံးတုန်ယင်နေမိတယ်...

"သူကြီးစောလက သူ့ရုပ်ဆိုးဆိုး၊ မျက်လုံးနီနီကြီးနဲ့ ကျုပ်ကိုတစ်ချက်စိုက်ကြည့်ပြီး ရှေ့ကျွမ်းနောက်ကျွမ်းနှစ်ပတ် ပစ်လိုက်တယ်။...

"ပြီးတော့ ကျားတစ်ကောင်လို လေးဘက်တွားပြီး ကျားသုံးကောင်ဆီကို လာပါရောဗျာ။ ကျားသုံးကောင်ကလဲ သူ့နားသွားဆောင့်ကြောင့်ထိုင်ပြီး ဟိန်းသံပြု၊ ကျုပ်ကိုမော့ကြည့်နေသဗျ...

"ကျုပ်ဘယ်လိုနေရမလဲ။ ကျုပ်အဖြစ်ကို စဉ်းစားသာကြည့်



ပါတော့။ ခေါင်းမွေးတွေထောင်ထ၊ ဇောချွေးတွေပြန် တုန်တုန်ယင်ယင်နဲ့ သေးတွေချေးတွေတောင် ထွက်ခဲ့ရတယ်...

"အဲသလိုနဲ့ တစ်ညလုံးကြောက်ကြောက် လန့်လန့်နေရင်း အသက်ပါထွက်မသွားအောင် အားတင်းလို့ မိုးလင်းစမှာပဲ သူကြီးစောလ ကျွမ်းပစ်ပြီး ချုံထဲဝင်သွား၊ ကျားကြီးသုံးကောင်လဲ အိပုံ့အိပုံ့ထွက်သွားမှ ကျုပ်အသက်ရှဲရှဲ ရှူခဲ့ရတယ်...

"မိုးစင်စင်လင်းလေတော့ သူကြီးစောလ ချုံထဲက ထွက်လာသဗျ။ သူဘာမှမဖြစ်သလိုပဲ၊ အဝတ်အစားတွေ၊ သေနတ်တွေနဲ့ သစ်ပင်ပေါ်တက်လာပြီး ကျုပ်ကိုကြိုးဖြည်ပေးသဗျ။ ကျုပ်မှာဖြင့် သူ့မျက်နှာကိုလဲ မကြည့်ရဲ၊ စကားလဲမပြောရဲ...

"ကြိုးလဲပြေရော ကျုပ်–ကျုပ်ပစ္စည်းလေးတွေ ကျုပ်ယူသူ့ကိုတောင် နှုတ်မဆက်တော့ဘဲ အဲဒီနေရာက ထွက်ခဲ့တာ။ အဲဒီကတည်းက ကျုပ်ဘယ်တော့မှ အမဲမပစ်၊ တောမလည်တော့ပဲ အညာကနေ အောက်ပြည်ဆင်းပြီး သူတော်ဝတ်ခဲ့တာ ခုထိဆိုပါတော့ဗျာ..."

သူတော်ကြီး၏စကားအဆုံး ဦးလေးမို၏ သက်ပြင်းချသံကိုကြားလိုက်ရ၏။

လှမြသွေးလည်း သက်ပြင်းချလိုက်မိသည်။

"ဒီလိုနဲ့ ကျုပ်သူတော်ဝတ်နဲ့တော့ ကျောင်းလေးတွေမှာ ဘုန်းကြီးဝေယျာဝစ္စ လုပ်၊ တရားလဲကျင့်ပေါ့။ သက်သတ်လွတ်စားခဲ့တာပဲ ငါးနှစ်ရှိပြီ။ ဒီလိုနေရင်း ပဲခူးနယ်ထဲက ဒေးစွန်ပါ ဘုန်းကြီးဦးသီလကျောင်းမှာနေတုန်း ကျားဟိန်းသံကြားလိုက်ရလို့ ကျုပ်မနေရဲတော့ဘဲ ဒီကိုပြောင်းလာတာ တစ်လမပြည့်သေးပါဘူးဗျာ။ ဒီရောက်တော့..."

"ဒီရောက်တော့ ဘာဖြစ်တုန်း သူတော်ကြီးရဲ့...။ ဆွမ်း၊

www.burmeseclassic.com



ကွမ်းကိစ္စတော့ ကျုပ်တို့တာဝန်ထားပါဗျ။ ဘုန်းဘုန်းဦးဇာဂရကလဲ သီလစင်ကြယ်ပြီး သဘောဖြူပါတယ်"

ဦးလေးမှိုက ပြော၏။

"အဲဒါ မဟုတ်ပါဘူးဗျာ။ မနေ့ကညနေစောင်း မိုးရွာကာစ မှာကျားကိုတွေ့လိုက်ရလို့"

"ဘာဗျ ဦးသူတော်ရ။ ရန်ကုန်မြို့ကြီးမှာ ကျားတွေ့ရ တယ်လို့ ဟုတ်မှလုပ်ပါဗျာ"

ဦးလေးမှို ပြောလိုက်စဉ် သူတော်က ဦးလေးမှိုထံသို့ အနည်းငယ်တိုးလိုက်ရင်း...

"တကယ်ပြောတာပါ ကိုယ့်ဆရာကြီးရာ။ ကျုပ်မညာတတ် ပါဘူး။ မနေ့က မိုးရွာလာတော့ ကျောင်းနောက်မှာ ခွဲထားတဲ့ ထင်း တွေ ထင်းတဲထဲသွင်းနေတုန်း ဟောဟိုမြယာချုံတွေကြားမှာ ရိပ်ခနဲ တွေ့လိုက်ရတာဗျ။ မိုးကာနက်ကြီးကိုခြုံ မျက်မှန်မည်းကြီးတပ်လို့ ကျုပ်ကိုလဲ တွေ့ရောချုံထဲဝင်ပြီး ပျောက်သွားတယ်။ ကျုပ်ဟာ နှစ်ပေါင်းများစွာ မုဆိုးလုပ်လာခဲ့တာ သိတာပေါ့။ ကျုပ်အကြာကြီး ကြည့်နေပြီးမှ သေချာအောင်လို့ ခြေရာကိုသွားကြည့်သေးတာ။ ကျားခြေရာမှ ကျားခြေရာ။ ဒါဟာ သူကြီးစောလလို လူကျားမဟုတ် ကျားလူ။

"ကျားလူ"

"ကျားလူ ဟုတ်လား"

သည် တစ်ခါတော့ ဦးလေးမှိုရော လှမြသွေးပါ မြိုင်တူရေ ရွတ်လျက် ပါးစပ်အဟောင်းသား ဖြစ်ခဲ့ရတော့သည်။

* * * * * * *



# အခန်း ( ၄ )

## ဒိုင်ယာရီထဲကတွင်းကကျား

ထိုညက လှမြသွေး အိပ်မပျော်။

သားရေဖတ်စာကို ဖတ်လိုက်၊ မနေ့ညက မြင်ကွင်းကို မြင်လိုက်၊ သူတော်ကြီး၏စကားကို ကြားယောင်လိုက်။

သူဘာကို ယုံရမလဲ။

သူ့မက ခေတ်ပညာတတ်ဖြစ်၏။ ဖေဖေက ဒေါက်တာ ဖြစ်သည်။ ဒေါက်တာမှ ဇီဝနှင့်ဆိုင်သော ဒေါက်တာ။ သူမသွေး ကြောင်နေ၍မရ။ သတ္တိမွေးမည်။ သူကြိုးစားစုံစမ်းမည်။ ဖေဖေရော မေမေပါမရှိပြီပဲ။ သူမ မရှိတော့ကော ဘာဖြစ်လဲ။

သူမ မကြောက်တရားကို မွေးလိုက်၏။

www.burmeseclassic.com



ဖေဖေ၊ မေမေပျောက်သွားခြင်းက ရန်သူရှိ၍ဖြစ်မည်။

သဘာဝရန်သူ သို့မဟုတ် ဇီဝရန်သူ။ ဖေဖေက နောက်ကြောင်းအတော်များများကို ပြောပြခဲ့သော်လည်း အတိအကျတော့ မဟုတ်နိုင်ဟု သူမသံသယရှိနေမိသည်။ သို့ကြောင့် ညက ဖေဖေ့စာကြည့်ခန်းသို့ဝင်၏။ ဖေဖေရှိစဉ်က အတိုင်းပင် (ဖုံသုတ်ယုံမှအပ) ခြေရာလက်ရာမပျက်ထားခဲ့သော ဖေဖေ့၏စာရေးစာပွဲ၊ စာရွက်စာတမ်း၊ စာအုပ်ဘီရို၊ ပညာရပ်ဆိုင်ရာ၊ သုတေသနပစ္စည်းများ အားလုံးကိုတစ်ခုစီ၊ တစ်ခုစီ ရှာဖွေကြည့်ရှုရန် ကြံစည်ခဲ့သည်။

ဖေဖေနှစ်ပေါင်းများစွာ လေ့လာခဲ့သော စာအုပ်များကို တစ်ညတည်းနှင့် ဖတ်ဖို့မဆိုထားနှင့် စုံလင်အောင်ကြည့်ရန်ပင် မလွယ်။

သို့ကြောင့် စာရေးစာပွဲပေါ်တွင်ရှိ စာအုပ်အချို့အား လှန်လှောကြည့်ခြင်းနှင့် စာရွက်တိုစာရွက်စများကိုသာလျှင် ဖတ်ရ၏။ ဖေဖေ၏စာများတွင် များသောအားဖြင့် ဇီဝဗေဒ၊ ပါဏဗေဒ၊ အဏ္ဏဝါဗေဒဆိုင်ရာ အကြောင်းအရာများသာလျှင် ဖြစ်၍၏။

အလွန်ပင် ပျင်းရိစရာကောင်းလှသော ပညာရပ်များတွင် ရုပ်ပုံကားချပ်များ၊ ဓာတ်ပုံများ၊ ဓာတ်မှန်များ၊ တိရစ္ဆာန်တို့၏ အရိုး၊ အဆစ်၊ အကြော၊ အသားမျှင်၊ ဦးခေါင်း၊ ဦးချို၊ အစွယ်၊ သွား၊ သန္ဓေသားပေါက်စ၊ နောက်သားစပ်ခြင်း။

သူတို့၏ နေထိုင်ပုံစရိုက်လက္ခဏာ၊ စားသောက်ခြင်း၊ မိတ်လိုက်ချိန်။

တော်တော့်ကို ပျင်းရိစရာကောင်းလှ၏။

သို့နှင့်စာအုပ်စာတမ်းတွေကို မကြည့်တော့။ အံဆွဲအတွင်းရှိ ဖေဖေဒိုင်ယာရီကို ထုတ်ယူလိုက်မိသည်။



သာမန်အချိန်မျိုးဆိုလျှင်တော့ သူတစ်ပါး၏ (အဖေသည်လည်း သူတစ်ပါး) ဒိုင်ယာရီကို ဖတ်လေ့မရှိ။ သည်အိမ်တွင် ဒိုင်ယာရီခေါ် နေ့စဉ်မှတ်တမ်းကို ရေးသူမှာ ဖေဖေသာဖြစ်၏။

မေမေသည် အိမ်မှုကိစ္စ၊ ဖေဖေ့ဝေယျာဝစ္စ၊ ဘာသာရေးမှလွဲလျှင် ဓာတ်စက်၊ ဓာတ်ပြားပင်လျှင် နားထောင်သူမဟုတ်။ စာလည်းမဖတ်၊ စာဖတ်တတ်သော်လည်း ဖိနပ္ပပကာသနီ၊ ကိုးခန်းပျို့၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ပရိတ်ကြီးပါဠိနှင့် အနက်မှလွဲလျှင် ဖတ်လေ့မရှိ။

"ဟယ်နင်တို့ ဘုတ်အုပ်တွေက ပေါ့ရှုံ့ရှုံ့နဲ့ ရှက်စရာ"

ဟု အေးအေးဆေးဆေးပင် ငြင်းဆန်လေ့ရှိ၏။

ဖေဖေကမူ စာဖတ်ခြင်းအားပေးသည်။

"ရသနဲ့သုတဆိုပြီး စာအုပ်တွေမှာ နှစ်မျိုးရှိတယ်။ ဖေဖေကတော့ သုတကိုပိုပြီးနှစ်သက်တယ်ဆိုရရင်တော့ ဇီဝကမ္ဘပိုင်းမှာ ဦးနှောက်ကိုပဲ ဦးစားပေးတယ်။ နှလုံးသားဆိုတဲ့ ခံစားချက်ကို ချန်ထားချင်တယ်"

ဟု ဖေဖေပြောခဲ့ဖူး၏။

"ဒါဆို ဖေဖေ့မှာ နှလုံးသားမရှိဘူးပေါ့"

လှမြသွေး မေးခဲ့ဖူး၏။

"အဲသလိုပဲ ထင်တယ်"

ဟု ဖေဖေက အပြတ်ဆိုသည်။

"ဒါဆို သမီးကို ဘယ်ကချစ်လဲ"

"ဦးနှောက်က"

www.burmeseclassic.com

www.burmeseclassic.com



ပြုံးစေ့စေ့ဖြင့် ဖေဖေဆိုသဖြင့် လှမြသွေးလည်း ရယ်မိ၏။

"မေမေ့ကိုရော"

လှမြသွေး ရယ်ရင်းမှမေးရာ "ဦးနောက်ကပဲပေါ့ သမီးရယ်" ဟုပြောရင်း ရယ်သဖြင့်…

"ဒီသားအဖတွေ ဘာဖြစ်နေတာလဲ"

ဟု ်ကာ မေမေ ထပြေးသွားလေ၏။

မေမေက အလွန်ရှေးရိုး ဗမာဆန်၍ ရိုးသားလှသူဖြစ်၏။

ဖေဖေ့စာအုပ်စာတမ်း မည်သည့်အခါကမျှမကိုင်။ စာကြည့်ခန်း သန့်ရှင်းရေးလုပ်၍ လှမြသွေးလိုက်သွားလျှင်…

"သမီး ဖေဖေ့စာအုပ်တွေ မကိုင်နဲ့နော်။ ဖေဖေ့ စာရွက်သေးလေးတွေကို လုံးဝမထိနဲ့"

ဟုပြောတတ်၏။ ဆိုဆုံးမခြင်း ဖြစ်လေသည်။

လှမြသွေးမှာလည်း တစ်ခါမျှမကိုင်ဖူးခဲ့ပါ။

ခုတော့ ဖေဖေ့ ဒိုင်ယာရီကို ကိုင်မိလေပြီ။ ကိုင်ရုံသာမဟုတ်။ ဖတ်နေရပြီ။

ဖေဖေ့ ဒိုင်ယာရီမှာ သုံးအုပ်ရှိ၏။ နိုင်ငံခြားတွင် ပညာသင်ဘဝနှစ်အုပ်၊ မြန်မာပြည်တွင် အက်စ်အက်စ်ကင်းတွင် အလုပ်ဝင်သည်မှစ၍တစ်အုပ်။

ဖေဖေ့မှတ်တမ်းတွေက စိတ်ဝင်စားဖို့ကောင်း၏။ ပညာရပ်ဆိုင်ရာတွေများလှသော်လည်း ရှန်းကန်ကြိုးစားမှုမှာ အံ့မခန်းပင်ရှိ၏။

လှမြသွေး ဖတ်ကြည့်၏။



*ကျွန်ုပ် အင်္ဂလိန်တွင်နေစဉ် ဆရာကြီးဒီနီကောက ခရစ်တော်၏ကျမ်းစာများအပြင်၊ အဲလစ်ကဲရီ၊ ဖိုဘီကဲရီ၊ လူစီလာကွန်း၊ ယူဂျင်း ဖီးတို့၏ကဗျာများကို ဖတ်ခိုင်း၏။ ထို့ပြင် နဆယ်ရီယန်ဟော်သွန်း၊ မေရီမိတ်ဒေါ၊ အောရစ်နှင့် ဘရင်ဒါမက်သယူတို့၏ စကားပြေ ပုံပြင်များကိုလည်း ဖတ်ခိုင်း၏။ ကျွန်ုပ်မကြိုက်။*

*ကျွန်ုပ်က ဂယ်လီလီအိုပါစတောနှင့် နယူတန်ကို ကြိုက်၏။ အင်းဆက်မျိုးစုံ၊ ပလာတီပတ်စ်၊ သားပိုက်ကောင်၊ မြင်း၊ မြည်း၊ လား၊ မြင်းကြား၊ ကြောင်မျိုးရင်း၊ ကျားများ၊ မျောက်သတ္တဝါတို့ကို နှစ်သက်၏။*

*သိပ္ပံစာရေးဆရာ မော်ရေးက ထိုအကြောင်းများ ရုပ်ပုံနှင့်တကွ ရေးသဖြင့် ကြိုက်၏။*

*ကျွန်ုပ်က သိပ္ပံပညာကို မြတ်နိုး၏။ ဦးနှောက်မှာစွဲ၏။*

*သိပ္ပံပညာဟူသည်မှာ ကျွန်ုပ်တို့ဝန်းကျင်၌ နေ့စဉ်ဖြစ်ပျက် လျက်ရှိသော သဘာဝချင်းရာများကို စနစ်တကျဆင်ခြင်သုံးသပ်ခြင်း၊ ဝေဖန်ပိုင်းခြားခြင်းဟု ခံယူ၏။*

*သိပ္ပံသည် ရုပ်ဖြစ်၏။ ရုပ်ပိုင်းဆိုင်ရာ သိပ္ပံတွင် သင်္ချာ၊ ရူပ၊ ဓာတု၊ ဘူမိ၊ မိုးလေဝသ၊ ဇလဗေဒပါ၏။ ဇီဝဆိုင်ရာ သိပ္ပံတွင်၊ သတ္တ၊ ရုက္ခ၊ ဇီဝိတသဘာဝပါ၏။ စိတ်သိပ္ပံသည် ဇီဝ။ ကျွန်ုပ်ဇီဝကို လေ့လာကြိုးစားမည်။*

*အထူးသဖြင့် အဏ္ဏဝါဗေဒဖြစ်၏။*

*ကျွန်ုပ်ပင်လယ်သို့ ဆရာကြီးမသိအောင် လာခဲ့စားစက်ဆီ ထိုးအဖြစ်နှစ်ကြိမ်လိုက်၍ လေ့လာ၏။ အဏ္ဏဝါတွင်းမှ သက်ရှိဇီဝတို့မှာ စိတ်ဝင်စားဖို့ကောင်း၏။ လူ*

www.burmeseclassic.com



အများက ဝေလငါးနှင့် ငါးမန်းကို သာဂရုပြုကြ၏။ ကျွန်ုပ်က မျှောလွှေး၊ ပင်လယ်ရေမြွေပ်ကောင်၊ ခရု၊ ခယင်း၊ ပင်လယ်ကြယ်၊ ဆီမီးတောက်၊ ပင်လယ်မှို၊ ပင်လယ်မျှော့၊ ယောက်သွား၊ မုတ်၊ ဖုံးကောင်နှင့် သဲပလုတ်စသည့် ဒီရေ ဇီဝကောင်များအား နှိုက်နှိုက်ချွတ်ချွတ် လေ့လာခဲ့၏။

ကျွန်ုပ်နှင့်အတူ လေ့လာသူ မိတ်ဆွေမှာ ရစ်ချတ် ဖြစ်၏။

သူက ဗြိတိသျှလူမျိုး ဖြစ်သည်။ ဟိတ်ဟန်ကြီး လွန်း၍ သိပ်မတည့်။

နောက်တစ်ယောက်က အမေရိကန်နိုင်ငံသား၊ အင်လိပ်၊ အီတလီအစစ်ဖြစ်၏။ စည်းကမ်းမရှိ၍ မပေါင်း။

ဂျာမန်လူမျိုး မာတင်ကင်း။

သူကတော့ သိပ်မဆိုး။ စာကြိုးစား၏။ သူ့တေသန တွင် စူးစူးနစ်နစ်ရှိ၏။ ဇီဝအပေါ်နှစ်မြှုပ်ထား၏။ ဘဝင်တော့ မြင့်သည်။ ဘယ်တော့မှမပြုံးမရယ်။

ကျောင်းတွင် စာအတော်ဆုံးမှာဂျာမန်ကောင်ဖြစ်၏။ စကားပြောဘုကျ၏။ သူက ကျားသတ္တဝါများကို အထူးပြု လေ့လာသူ။

သူ့ကို တစ်ကျောင်းလုံးက "ကျားဘုရင်"ခေါ်၏။

မာတင်ကင်းမှာ ကျားဘုရင်။

ဖေဖေ့ဒိုင်ယာရီ မှတ်တမ်းက ဖတ်ရင်းနှင့်ပင် စိတ်ဝင်စားဖို့ ကောင်းလာ၏။ ဒေါက်တာ မာတင်ကင်းအား တစ်ကျောင်းလုံးမှ ကျားဘုရင်ဟု အမည်ပေးပုံကိုပို၍ စိတ်ဝင်စား၏။



"ကျား"အား အထူးပြုလေ့လာ၏။

ကျားများပေါ်ရာ အာရှတိုက်သို့ သူသွား၏။

အထူးသဖြင့် အာရှတိုက်ရှိ ကျားပေါ်ရာ အိန္ဒိယနှင့် မြန်မာနိုင်ငံသို့သွားလေသည်။

မာတင်ကင်းက ဆံပင်တိုတို၊ နဖူးမောက်မောက်၊ မျက်ခုံးထူထူ၊ မျက်လုံးပြာပြာ၊ နှာတံစင်းစင်း၊ နှုတ်ခမ်းပါး၍ မေးရိုးကားသည်။

သူနှင့်ကျွန်ုပ်သည် တစ်ခါတစ်ရံ မတွေ့။

တွေ့ရလျှင်လည်း ထူးထူးထွေထွေ ပြောမဲ့။

ကျားများတွင် ခါးကအားဖြစ်ကြောင်း။ ကျားမျိုးရင်း အဓိကမှာ ကြောင်ဖြစ်သော်လည်း ကြောင်သည် အမွေးခံ၊ အမိန့်ခံ သတ္တဝါဖြစ်သွားကြောင်း၊ အမိန့်ခံရသူမှာ ဦးနှောက် မဖွံ့ဖြိုးကြောင်း။ ထို့ကြောင့် ကိုယ်ခန္ဓာသေးကွေးကြောင်းဟု သူကတင်ပြ၏။ သူတင်ပြပုံမှာ ဓာတ်ပုံတွေ၊ အရုပ်ချပ်တွေ၊ စာတမ်းတွေနှင့်ဖြစ်သည်။

ကျွန်ုပ်သိပ်မယုံပါ။

တိရစ္ဆာန်ကို တိရစ္ဆာန်လိုပဲ ကျွန်ုပ်မြင်၏။ အားလုံး မှာဇီဝကောင်တွေသာဖြစ်၏။ မာတင်ကင်းက ဇီဝတွေကို ဆန်းသစ်စေချင်သည်။

ဒီမှာ မစ္စတာမြသွင်၊ ကျုပ်တို့ဂျာမန်တွေဟာ ကမ္ဘာကြီးကိုကယ်တင်မှာဗျ။ ကျုပ်တို့ခေါင်းဆောင် ကိုယ်တိုင်က ပြောထားတာ။ မစ္စတာမြသွင်၊ ကျုပ်ဟာဇီဝနဲ့ ပတ်သက်ရင် ကမ္ဘာ့ခေါင်းဆောင် ဖြစ်ရမယ်။ ဖြစ်အောင်လဲ ကြိုးစားမယ်"

မာတင်ကင်းက ဤသို့ကြွေးကြော်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သိပ်မယုံ။ လူကြွားဟုထင်သည်။ သူသည် စစ်စိတ် စစ်သွေးကြွနေသူ ဂျာမန်ဆိုရှယ်လစ်ခေါင်းဆောင် ဟစ်တလာကို အားကျနေ၏။ သူက ဗိတ်ခေါ်၍ အင်္ဂလန်မှ ရထားဖြင့် ဂျာမန်သို့ ကျွန်ုပ်ရောက်ဖူး၏။ ဘာလင်သို့ နံနက်(၇)နာရီတွင်ရောက်၏။

မာတင်ကင်းက ဘူတာရုံမှထွက်သောအခါ ဘီယာဆိုင်သို့ဝင်၏။ သူလည်း သောက်သလို ကျွန်ုပ်ကိုလည်း အတင်းတိုက်သဖြင့် ဘီယာနှစ်ခွက်သောက်လိုက်ရသည်။

ထို့နောက် စည်းဝေးပွဲ တက်မည်ဆိုကာ အဆောက်အဦတစ်ခုအတွင်းသို့ ခေါ်၍လိုက်သွားရ၏။

အခန်းကျဉ်းကလေးတစ်ခုတွင် လူပေါင်းလေးဆယ်ခန့်ရှိ၏။ ကျွန်ုပ်တို့ထိုင်ပြီးနောက် မကြာခင် ခေါင်းဆောင်ဆိုသူဝင်လာ၏။

"ဟိုင်း... ဟစ်တလာ"

ဟုအားလုံး မတ်မတ်ရပ်၍ အလေးပြုကြ၏။

ကျွန်ုပ်လည်း ရောယောင်မတ်တပ်ရပ်မိ၏။ သို့သော် သူတို့အလေးပြုသလို မလုပ်တတ်သဖြင့် ရပ်ရုံသာနေခဲ့၏။

ထိုခေါင်းဆောင်က မိန့်ခွန်းပြော၏။

တက်ရောက်သူတို့ကား လက်ခုပ်တီးကြ၊ ရယ်ကြရှိ၏။ ကျွန်ုပ်နားမလည်။ ဂျာမန်လိုမတတ်။ ခေါင်းဆောင်မှာ စစ်ဝတ်စုံဝတ်၍ ဆံပင်တိုတို နှုတ်ခမ်းမွေး တိုနံ့နံ့ဖြစ်၏။ အရပ်မှာ ငါးပေကျော်ခန့် ရှိမည်ဖြစ်ပြီး၊ မျက်စိမှာအလွန်ရှင်သန်လှသူဖြစ်၏။



"အဲဒါ ဂျာမန်နဲ့ကမ္ဘာကြီးကို ကယ်တင်မယ့် ခေါင်းဆောင်ဟစ်တလာပဲ"

မာတင်ကင်းက ကျွန်ုပ်ကို တိုးတိုးလေးကပ်ပြော၏။ စစ်သွေးစစ်မာန်စစ်စိတ်ဖြင့် မိန့်ခွန်းချွေနေသော ထိုသူ့ကိုကြည့်ကာ ကျွန်ုပ်စိတ်ပျက်နေမိသည်။

ဗိဝကံကြမ္မာကို ဖျက်ဆီးမည့်သူများလားဟု တွေးခါ မိန့်ခွန်း မြန်မြန်ပြီးပါစေဟု ဘုရားသခင်ထံ ဆုတောင်းနေမိ၏။ ဆုတောင်းပြည့်၏။

လက်ခုပ်သံဖြင့် မိန့်ခွန်းပြီးသွား၏။ မာတင်ကင်း အထင်ကြီးနေသော ဟစ်တလာကို ကျွန်ုပ်တွေ့ခဲ့ပြီ။ ထိုနေ့ကနှစ်ယောက် သားဘီယာမူးကြလေ၏။

"ဟစ်တလာဟာ တစ်နေ့မှာ ကမ္ဘာကြီးကို စိုးမိုးရမယ်"

ဘီယာမူးမူးဖြင့် မာတင်ကင်း အော်နေ၏။

ကျွန်ုပ်သူ့ကို စိတ်ပျက်၏။

ဖေဖော်ဒိုင်ယာရီတွင် စိတ်ဝင်စားစရာ ဤမျှသာရှိမည်ထင်၏။ ဆက်ဖတ်သောအခါ ပညာရပ်ဆိုင်ရာတွေသာ တွေ့နေရ၏။ အချို့စကားလုံးတွေကို လုမြဲသွေး မသိ။ လေးငါးခြောက်ရွက်ကျော်လေမှ ကျားအကြောင်းပါ၏။

မာတင်ကင်း ကျားကိုအထူးပြု၏။

အာဖရိကနှင့်အရှေ့တိုင်းတို့မှ ကျားနှင့်ဆိုင်ရာ မှီးရာများကို လေ့လာ၏။

နိုင်ငံတိုင်း၊ လူမျိုးတိုင်းမှာ တိရစ္ဆာန်နဲ့ ပတ်သက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အယူသီးမှုတွေ၊ အစွဲအလန်းတွေ ရှိတယ်ကွ။ အဲဒါတွေကို လေ့လာရမယ်။ ထုတ်ယူရမယ်။ ကျားနဲ့ဆိုရင် အိန္ဒိယ၊ အာဖရိက၊ ဂျားဗားနဲ့ မြန်မာတွေမှာ အစွဲရှိတယ်။ ကျားနဲ့ ပတ်သက်လာရင် ငါအကုန် လေ့လာမယ်။

မာတင်ကင်းက ပြောသလိုလုပ်၏။

ကျွန်ုပ်အားလည်း ကျားအကြောင်း ပြောခိုင်း၏။

ကျွန်ုပ်က ငယ်စဉ်တွင် အမေပြောပြသော ရွှေယုန်နှင့်ရွှေကျားပုံပြင်အား ပြောပြလေသောအခါ ကျွန်ုပ်အားဆဲ၏။

အရူးဟုပြောလေသည်။

ထို့နောက် ဖေဖေသည် မြန်မာပြည်ရောက် မာတင်ကင်း အကြောင်း မှတ်တမ်းပြုရာ…

ဒီကောင် ရူးနေပြီထင်၏။

သမီးလှမြသွေး စာမေးပွဲရှိ၏။ သူက ကျားလေ့လာ ရန်ပဲခူးသို့ ခေါ်၏။ မလိုက်…..။

ဖနီးလှလှ နေမကောင်း။ ထမန်သီသို့သွားရန် ပြော၏။ မလိုက်…..။

နင်းကြမ်းဒေသ၊ သစ်ပုံရွာ၊ ကျားတစ်ကောင်သောင်း ကျန်းသွားကြည့်ရန်ပြော၏။ မသွား…..။

တွံ့တေးနယ်တွင် မိန်းမတစ်ဦး ကျားဝင်ပူး၍ အုန်း သီးကို သွားဖြင့် အခွံနွာကြောင်းကြား၍ သွားခိုင်း၏။ မသွား…..။

ဘိုကလေးနယ်တွင် ဦးရှင်ကြီးပွဲကရာ ပွဲကသူမှ ကျားဝင်၍ ကျွမ်းပစ်ကြောင်း၊ သွားရောက်လေ့လာခိုင်း၏။ ကျွန်ုပ်မယုံ။



ဒီကောင် ရူးနေပြီ။

မန္တလေး၊ မတ္တရာနယ်သို့ ခေါ်သွား၏။

သခင်မကောင်နှင့် တောင်ပြုံးရွာသို့ရောက်သည်။

မရွှေဥကိုဆွဲသော ကျားခြေရာ ရှာနေ၏။

ဒီကောင်… အရူး…

ဒီကောင်နှင့် အလုပ်သိပ်မလုပ်ချင်။ သို့သော် ကိုယ် ကိုယ်တိုင်က ဝါသနာပါနေ၏။

စိတ်ညစ်၏။

သမီးလှမြသွေးကို သနား၏။

ကနေ့ ကျိုက်ထိုသွားရမည်။ လူနှစ်ဦးကိုစားသော ကျားကိုပစ်ဖမ်းသည့် မုဆိုးကြီးထံဖြစ်သည်။

ပုပ္ပားနှင့်ဖိုးဝင်းတောင်သို့သွားကာ မျောက်တို့ကို လေ့လာရဦးမည်။

မျောက်သုံးကောင် ဖမ်းလာ၏။

နှစ်ကောင်ကို ခွဲစိတ်မည်။

* * * * * * *

ဒီကောင် ဘာလုပ်နေသည်မသိ။

မျောက်၏ဦးနှောက်ကိုထုတ်ကာ ယုန်တစ်ကောင်ထံ ထည့်နေ၏။ ထိုနေ့က ခွဲစိတ်မှုပင်ပန်းသည်။ မအောင်မြင်။ ယုန်ရော၊ မျောက်ပါသေ၏။ ဘီယာအမူးသောက်လိုက်ရ၏။

သဘော်ာတစ်စီးဝယ်၏။ အက်စ်အက်စ်ကင်း။

www.burmeseclassic.com



သဘော်ပေါ် တွင်မာတ်ခွဲခန်း၊ ခွဲစိပ်ခန်းပါ၏။ လူမည်းလေးဦး ငှားထားသည်။ နှာခေါင်းချွန်ချွန် ဂျာမန်စက်မောင်းပါ၏။

* * * * * * *

သဘော်တွင် ကျားငယ်တစ်ကောင်အား ခွဲစိပ်၏။

ကျွန်ုပ်မဝင်ရ။

ဒီကောင် ဘာလုပ်မှန်းမသိ။

* * * * * * *

ကျွန်ုပ်အားမခေါ်ဘဲ ပင်လယ်သို့ထွက်သွား...။

နှစ်လကြာ၏။

* * * * * * *

သည်ရက်အတွင်း အဏ္ဏဝါအတွင်း သက်ရှင်နေထိုင်သည့် ဇီဝကောင်များအကြောင်းကို လေ့လာ၏။ သန်လျင်ဂျမားရေတပ်ရှိ အင်္ဂလိပ်လူမျိုး မစ္စတာစကောက်ထံ သွားရောက်အချက်အလက် ယူရသည်။ သူလက်ဆောင်ပေးလိုက်သော ရေမှော်ပင်လေးတွေ ရလာ၏။

၁၉၃၉၊ စက်တင်ဘာလ(၃)ရက်၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်၏။ အင်္ဂလိပ်၊ အမေရိကန်ကတစ်ဘက်၊ ဂျာမန်၊ အီတလီက တစ်ဘက်ဖြစ်၏။ စစ်ပွဲသတင်းတို့ နေ့စဉ်ကြားရ၏။ ရန်ကုန်မြို့တွင်လည်း ပုလိပ်များ၊ စစ်တပ်များ လှုပ်လှုပ်ရှားရှားရှိ၏။ စုံထောက်တို့မှာ တို့ဗမာအစည်းအရုံးဝင် သခင်နှင့်ကျောင်းသားများကို မျက်စိဒေါက်ထောက် ကြည့်နေကြ၏။

ဒီစစ်မီးကြီးက မြန်မာပြည်ကို ကူးလေမလား။





သမီးလေး ကျောင်းပညာမကုန်သေး။

ဒေါက်တာမာတင်ကင်း ပြန်ရောက်လာ၏။

ခရီးကပြန်လာပြီးမှ ဒီလူရှင်လန်းတက်ကြွနေသည်။

လူငယ်ကလေး တစ်ယောက်လိုပင်ရှိ၏။

ကျွန်ုပ်အား ခါတိုင်းထက်ပို၍ ဖော်ဖော်ရွေရွေ ဆက်ဆံနေသည်။

အိန္ဒိယမှ မှာယူထားသော ခွဲစိပ်ကိရိယာအသစ်များ၊ ဆေးဝါးနှင့် ပိုးသတ်ဆေးတို့ရောက်လာ၍ ပန်းဆိုးတန်း ဂျက်တီတွင်သွားထုတ်၏။ ပြီးနောက် ရာဂျားတို့အား အက်စ်အက်စ်ကင်း သဘော်ပေါ်သို့တင်ခိုင်း၏။

ငါးသေတ္တာဗူးနှင့် အသားဗူးတချို့သွားဝယ်၏။

ခရီးထွက်ဦးမည်ထင်၏။

နိုဝင်ဘာ (၁၈) ၁၉၃၉ ညနေခင်း ပန်းဆိုးတန်းလမ်းရှိ နယူးအင်ပီးရီးယင့် ပျော်ပွဲစားရုံတွင် စားသောက်ရင်း ခရီးသွားမည့် အကြောင်းပြော၏။ ပင်လယ်ခရီးဖြစ်သည်။ လစာနှစ်ဆနှင့် အိုဘာတိုင် နှစ်ဆရမည်ဆို၏။ ငွေကြေးက အဓိကမဟုတ်။ ဇီဝဗေဒပညာရပ်တွင် အဆင့်အမြင့် ဆုံးဖြစ်သည့် သတ္တဝါတို့၏ မျိုးရိုးဗီဇများကို ပြောင်းလဲပစ်ရန် အဆင့်မြင့် ခွဲစိပ်ပြုပြင်ခြင်းအား အောင်မြင်ပြီဖြစ်သဖြင့် လက်တွေ့ကျကျ ပြသရန်ဟူသည့် မာတင်ကင်း၏ သုတေသနကိုကူညီရင်း အကဲဖြတ်လို၍ဖြစ်၏။

“မစ္စတာမြသွင် ကျုပ်ရဲ့အောင်မြင်မှုကို ကြည့်ပါ။ ကျုပ်ဟာ ကမ္ဘာကျော် ဇီဝဆိုင်ရာပညာရှင်ကြီး ဖြစ်ကြောင်း သိရမှာပါ။ စာတွေ့ မဟုတ်ဘူးဗျ။ လက်တွေ့ပြမှာ



www.burmeseclassic.com

www.burmeseclassic.com



*သို့နှင့် မာတင်ကင်းနှင့်လိုက်ရန် ဆုံးဖြတ်လိုက်၏။*

*ခရီးကနည်းနည်း ရက်ရှည်နိုင်သည်။*

*လှလှက သူလည်းလိုက်မည်ဆို၏။*

*သမီးကိုတော့ မဝင်းတို့နှင့် စိတ်ချရ၏။*

မနက်ဖြန် (၂၀)ရက်နေ့တွင် ခရီးထွက်ဖို့ပြင်။

ဖေဖေ့ ဒိုင်ယာရီက ဒါမျှသာပဲဖြစ်သည်။ စာရေးစာပွဲ အံဆွဲတွင် အလွယ်တကူ ထားခဲ့ခြင်းမှာ ခရီးထွက်ရာတွင် ယူသွားဖို့ ဖြစ်ဟန်တူ၏။

ဖေဖေ မေ့ကျန်ရစ်ပုံရလေသည်။ ဖေဖေ့ မှတ်တမ်းတွင် စိတ်ဝင်စားစရာက ဒေါက်တာမာတင်ကင်း၏ ကျားသတ္တဝါဆိုင်ရာ သုတေသနများဖြစ်၏။

ဖေဖေတို့ ပျောက်ဆုံးသွားရသည်မှာ ထို"ကျား"နှင့်များ ဆိုင်နေလမလားဟု လှမြသွေးတွေးမိ၏။

သို့ဆိုလျှင် မာတင်ကင်း၏ရုံးခန်းသို့ နောက်တစ်ခေါက် ထပ်သွားဖို့ လိုနေပြီ။ အရင်အခေါက်များက ဖေဖေတို့ပြန်မလာခြင်း အတွက် စုံစမ်းဖို့သာ သွားခြင်းဖြစ်၏။ အခုက မာတင်ကင်း၏ ကျားသုတေသနကိုပါ ခြေရာခံရတော့မည်။

လှမြသွေး ဒိုင်ယာရီကို ပိတ်လိုက်ပြီး နံနက်လင်းသည်နှင့် မာတင်ကင်း၏ရုံးသို့သွားရန် ဆုံးဖြတ်လိုက်လေသည်။

* * * * * * *



# အခန်း(၅)

## ပျောက်ဆုံးသူတော် နံရံပေါ်ကလက်ရေး

အိမ်ကထွက်ကတည်းက လှမြသွေးမှာ အခက်အခဲတွေနှင့် ကြုံရ၏။

အပြင်သို့ထွက်မည်ဆိုပါက လိုက်ပါကြမည့် ဦးလေးမို၊ ကြီး ကြီးဝင်းနှင့် မစောလေးတို့ကိစ္စ ဖြစ်၏။

သူတို့မှာ သူမအား ဖေဖေ၊ မေမေတို့ရှိစဉ်ကပင် စောင့် ရှောက်ခဲ့သူများဖြစ်၏။

ဖေဖေ၊ မေမေတို့မရှိသည့်နောက်ပိုင်းမှာလည်း သစ္စာရှိ စွာစောင့်ရှောက်ခဲ့သူများပင်။ အားလုံးမှာ သူမထက်လည်း အသက် ကြီး၏။ သူမအပြင်ထွက်မည်ဆိုပါက တစ်ယောက်မဟုတ်တစ်

www.burmeseclassic.com



ယောက်လိုက်ပါမြဲ ဖြစ်သည်။ သူတို့မလိုက်ပါပဲ လှမြသွေး ဘယ်မှ သွားလာခွင့်မရခဲ့။

ဆိုရပါလျှင် ခြံအပြင်ပင် ထွက်ခွင့်မရ။

သည်နေ့ထွက်မည်ဆိုသောအခါ လိုက်ဖို့ပြင်ကြသည်။

လှမြသွေး ကလေးဘဝမှသည် မနေ့ကအထိ တစ်ခါဖူးမျှ မသုံးဖူးသော စကားလုံးတွေ၊ တစ်ချက်လွှတ်အမိန့်တွေ၊ အာဏာတွေပြလိုက်ရ၏။ မလုပ်ချင်ပါပဲ လုပ်လိုက်ရခြင်းပင်ဖြစ်၏။

သူတို့တစ်ဦးဦးလိုက်လာလျှင် လှမြသွေးခရီးမပေါက်။ အမြဲတန်းလိုလို စိုးရိမ်နေတတ်ကြသူတွေအား ခေါ်သွား၍မဖြစ်။

"လှလေး သွားစရာရှိတယ်။ လှလေးနောက် တစ်ယောက်မှမလိုက်နဲ့"

လှမြသွေး၏ ရှင်းရှင်းပြတ်ပြတ်အပြောကြောင့် အားလုံး အံ့အားသင့်သွားကြသည်။

စီးနေကြဘောဘီအော်စတင်ကားကိုပင် မစီးဘဲ၊ ဖေဖေအကြမ်းသုံးနေသော စကိုဒါကို ကိုယ်တိုင်မောင်း၍ ထွက်ခဲ့သည်။

မောင်းစဉ်ကတော့ ကင်းဘဲလ်လမ်းရှိ အက်စ်အက်စ် ဗီဝဗေဒရုံးခန်းကို သွားဖို့ဖြစ်၏။ ခြံဝအလွန်ကျမှ တစ်ခုကိုသတိရလာသည်။ ဒါက သပြေထောရ ဘုန်းတော်ကြီးကျောင်းတွင် နေထိုင်သော သူတော်ကြီးထံကို ဝင်တွေ့ရန်ဖြစ်လေသည်။

သူမတွင် ဟိုနေ့ညက ရထားခဲ့သည့် သားရေပြားစာကလေးပါလာ၏။ ထိုသားရေပြားစာ လာပေးသူမှာ ခေါင်းမှခြေဖျားထိ အနက်ရောင် မိုးကာရှည်ကြီးကိုဝတ်၊ မျက်မှန်နက်ကြီးတပ်ထားသော်လည်း ကျားရုပ်ကြီးနှင့်တူသည်ဟု လှမြသွေး ခံစား



ရ၏။ ထို့ပြင် ထိုသူ၏အသံကြီးမှာလည်း ကျားတစ်ကောင်၏ဝမ်းခေါင်းသံလိုလိုပင် ကြားရ၏။

သူတော်ကြီးက ယခင်ခါများတွင် ကျားမုဆိုးဖြစ်ခဲ့သည်။

ကျားအကြောင်းကို ဃဿနတာသိထား၏။ ထို့ကြောင့် သူမကြုံတွေ့ခဲ့ရသည့် ထိုညကအဖြစ်အပျက်နှင့် ရရှိထားသော သားရေပြားစာကို ပြကာ သူတော်ကြီးထံမှ အကြံဉာဏ်များ၊ ကောက်ချက်များသိလို၍ ဖြစ်လေသည်။

သို့ကြောင့် ဘုန်းကြီးကျောင်းသို့ မောင်းခဲ့သည်။

ကျောင်းဝင်းအတွင်းသို့ ကားမောင်းဝင်ခဲ့သောအခါ ကျောင်းရှေ့စင်္ကြံလမ်းတွင် တံမျက်စည်းလှဲသော ဘုန်းတော်ကြီး ဦးဇာဂရကိုတွေ့ရလေ၏။

"ဟော... ဒကာမလေးပါလား။ ဒကာမို တို့ရော"

"မှန်ပါ၊ သူတို့ဆွမ်းအုပ်နဲ့ လာပါလိမ့်မည်ဘုရား။ တပည့်တော်မက အပြင်ကိုသွားရင်း ခဏဝင်လာတာပါ"

"အော်... အော်"

လှမြသွေး ဝတ်ဖြည့်လိုက်ပြီးနောက် သစ်ပင်နံဘေး ဇရပ်ဆီသို့ လှမ်းကြည့်၏။ ဇရပ်ပေါ်မှာ သူတော်ကြီးမရှိ။

ကျောင်းနံဘေး၊ ကျောင်းအောက်ထပ်၊ ထင်းစင်ဘက်ဆီသို့လည်း မျက်စိကစား၏။ သူတော်ကြီးကိုမတွေ့...။

"ဒကာမလေး၊ အကြောင်းထူးများ ရှိသလားကွဲ့"

လှမြသွေး ဟိုကြည့်သည်ကြည့် ဖြစ်နေသဖြင့် ဘုန်းတော်ကြီးကလှမ်းမေး၏။

www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘုရား…။ သူတော်ကြီး မတွေ့မိလို့"

လှမြသွေး အမှန်ကိုပင် တင်လျှောက်လိုက်၏။ မလိမ်ညာလိုပေ။

"အင်း… သူတော်ကြီး မရှိတော့ဘူးကွဲ့"

"ဘယ်လိုဘုရား" ဟု လှမြသွေး အံ့အားသင့်စွာ လျှောက်မိ၏။

"မနေ့က ညနေခင်းကတည်းက မတွေ့တော့တာပါ။ ကိုရင်လေးတွေကို ရှာခိုင်းလိုက်တော့ သူ့ဇရပ်မှာ သူ့လွယ်အိတ်ရော၊ ထန်းခေါက်ဖာရော မရှိတော့ဘူး ပြောတာပဲကွယ်။ အင်း… သူတော်ကြီးကတော့ မခေါ်ပဲနဲ့ရောက်လာပြီး၊ မနှင်ဘဲပြန်သွားတဲ့ ညှော်သည်ထူးတစ်ဦးပါပဲကွယ်"

ဘုန်းကြီးက လေးလေးတွဲတွဲ မိန့်လိုက်၏။

လှမြသွေး သက်ပြင်းချလိုက်သည်။

သူမအတွက် ကျားခြေရာခံစရာ လမ်းစတစ်ခု ပျောက်ရပြန်လေသည်။ ဘာပဲဖြစ်ဖြစ် မူလရည်ရွယ်ရင်းဖြစ်သည့် အက်စ်အက်စ် ဇီဝဗေဒရုံးသို့သွားရန် ဘုန်းတော်ကြီးအား နှုတ်ဆက်ဦးချထွက်ခဲ့သည်။

စိတ်လောနေ၍လား မသိ။ ကားကို ခပ်မြန်မြန်ပင် မောင်းလာခဲ့ရာ အချို့မြင်းလှည်းဆရာတို့ သူမကားအား ကျိန်ဆဲနေသည်ကိုပင်ကြားနေရ၏။

သူမစိတ်တွင်မူ သူတော်ကြီးနှင့်လည်း တွေ့ချင်၏။

အက်စ်အက်စ်ဇီဝဗေဒရုံးသို့ အမြန်ရောက်ချင်၏။ ဖေဖေတို့မရှိကတည်းက အက်စ်အက်စ်ရုံးမှာ ပိတ်ထားလေ၏။ ရုံးစောင့်



ဆစ်လူမျိုးတစ်ဦးနှင့် မင်းစေမိသားစုများသာ ရှိနေ၏။ ဖေဖေ မရှိသည့်နောက်ပိုင်း နှစ်ခါသွား၍ မေးမြန်းစုံစမ်းခဲ့ဖူးသည်။

သည်တစ်ခါလာခြင်းကတော့ မေးမြန်းရုံတင်မဟုတ်၊ မာတင်ကင်းနှင့် ဖေဖေတို့အတွက် ရုံးခန်းအတွင်း ဝင်ရောက်မွှေနှောက်ကာ စစ်ဆေးဖို့ပဲဖြစ်သည်။ လှမြသွေးသည် ဘာမှမဟုတ်။ သို့သော် ဖေဖေ့အတွက်တော့ တာဝန်ရော၊ ဝတ္တရားရောရှိနေ၏။

တားလိုသူကတား အတင်းဝင်၊ အတင်းထွက်၊ ရဲရဲတင်းတင်း လုပ်ရန်ဆုံးဖြတ်ထားပြီးဖြစ်သည်။ သေလိုက သေစေတော့။

လှမြသွေး နှလုံးသား ပိုင်းဖြတ်ပြီးသား။ ထို့ကြောင့် ကားကို မြန်နိုင်သမျှ မြန်မြန်မောင်းခဲ့သည်။

ကားတွေ၊ လန်ချားတွေ၊ မြင်းလှည်းတွေ၊ လူတွေ၊ အိမ်တွေ၊ တိုက်ခြံတွေကို အမြန်ပင်ဖြတ်ကျော်ပစ်လိုက်သည်။

ကားမောင်းနေရင်းနှင့်ပင် သူတော်ကြီးပြောလေသော လူကျားနှင့် ကျားလူကိုသတိရသလို သူမကိုယ်တိုင်ပင် မြင်ခဲ့ရသည်။ ကျားလိုလူကိုလည်း မြင်ယောင်မိ၏။ ထို့အတူ ဖေဖေ့ဒိုင်ယာရီမှ ဒေါက်တာမာတင်ကင်း၏ ကျားကိစ္စများကိုလည်း စိတ်မှာစွဲနေ၏။

ဒေါက်တာမာတင်ကင်းနှင့် ဖေဖေတို့သည် 'ကျား'တွေ နောက်ကိုလိုက်ရင်း တစ်ခုခုဖြစ်လေသလား။

စိတ်နှလုံးပူပန်ခြင်းနှင့်အတူ ကားကိုအမြန်မောင်းရင်း ကင်းဘဲလ်လမ်းသို့ ရောက်လာ၏။

အက်စ်အက်စ်ဇီဝရုံးရှေ့သို့ရောက်၍ ကားရပ်လေသောအခါ လှမြသွေး၏ တင်းထားလေသည့် အားမာန်စိတ်နှင့် သတ္တိတို့မှာ တိခနဲရပ်သွားခဲ့ရသည်။

ကြည့်လေ၊ မြင်ကွင်းက…။

www.burmeseclassic.com

www.burmeseclassic.com



အက်စ်အက်စ်ဗီဝပေဒရုံးခန်းရှေ့ မြေကွက်လပ်တွင် ကားတွေ၊ မြင်းလှည်းတွေ၊ လူတွေပြည့်နှက်နေ၏။

မြင်ရုံနှင့်ပင် ကားပေါ်က ဆင်းရန် စိုးရွံ့သွားသည်။

ပုလိပ်တွေကလည်း ပျားပန်းခတ်မျှ ရှုပ်ထွေးနေသည်။ လှမြသွေးက ကားကိုရပ်၍ ဆင်းရန်ပြင်သောအခါ နံပါတ်တုတ်ကိုင်ထားသော ပုလိပ်တစ်ယောက်က ပြေးလာပြီး...။

"ဟိတ်... ဒီနေရာမရပ်နဲ့။ အရာရှိတွေ လာလိမ့်မယ်"

ဟုဆိုလေရာ...

"နေပါဦးရှင့်၊ အရာရှိလာတာနဲ့ ကားရပ်တာ ဘာဆိုင်လို့လဲ"

လှမြသွေးကလည်း မဆိုင်းမတွပင် ပြန်ပြောလိုက်၏။

"ဆိုင်တာပေါ့ဗျ။ အခု... အရေးကြီးနေပြီ။ ရုံးထဲမှာ လူသတ်မှုဖြစ်သွားပြီ"

ပုလိပ်ကပြောလေ၏။

"ဘယ်သူက ဘယ်သူ့ကိုသတ်တာလဲရှင်"

လှမြသွေး ပုလိပ်အား မေးသည်။

"ဒါတော့ ကျုပ်မသိဘူးဗျ။ ကျုပ်သိတာက အရာရှိလာမှာ ဒါကြောင့် လမ်းရှင်းနေတာ"

"ဘာအရာရှိလဲ"

"စီအိုင်ဒီက အရာရှိ"

"အဲဒါ ကျွန်မ မသိဘူး"



ဟုပြောရင်း ကားတံခါးကို ပြင်းစွာဖွင့်၍ ဆင်းလိုက်စဉ် လူတစ်ယောက်နှင့် တိုက်မိကာခွေခနဲလဲ၏။

သို့သော် မြေသို့လဲမကျ။ ထိုသူက ပွေ့မလိုက်၏။ တင်းတင်းရစ်ရစ် ပွေ့မလိုက်သော ထိုသူ့ရင်ခွင်မှ အထိအတွေ့ကြောင့် ရှက်စိတ်၊ ကြောက်စိတ်တို့ဖြင့် ရှိုက်ဖိုရှိုက်ဖိုဖြင့် ထိုသူ့အားမော့ကြည့်မိ၏။

အလွန်ခန့်ညားသော တည်ကြည်၍ အားကိုးဖွယ်သော ယောကျ်ားချောတစ်ယောက် ဖြစ်ကြောင်းသိ၏။ နှလုံးသွေးတို့ ခုန်လှုပ်ကာ ရင်ဖိုနေရင်း...

"ရှင်... လွှတ်ပါ။ ဘယ်လိုလူလဲ။ လူကိုပွေ့လား၊ ထိလားနဲ့"

ဟု အသံတုန်ရင်စွာ ရန်တွေ့နေမိလေ၏။

"အလို... စွာလှပါလားအမိရယ်။ အမိကလဲ ကားတံခါးနဲ့ တိုက်၊ ကျုပ်ငိုက်အကျ အမိကလဲ၊ ကျုပ်ကပဲ ထူရတာပါ။ ခု ကျုပ်ကို ရန်တွေ့နေသေး"

ဆိုကာ သူမအား မတ်မတ်ထူပေးလိုက်၏။

ထိုသူ့အသံမှာ ချိုသာအောင်မြင်သလို ပြတ်သားလှ၏။

လှမြသွေးမှာ ထိုသူ့မျက်နှာအား စေ့စေ့ကြည့်၍ မျက်စောင်းလှလှထိုးပစ်လိုက်သည်။

ပြန်ပြောစရာစကားစတော့ ရှာမရ။ သို့တစေ မိန်းမပီပီပင် ယောကျ်ားတစ်ယောက်အပေါ် အကဲခပ်မိ၏။ တော်တော်ပင် ယောကျ်ား ပီသသည့် ယောကျ်ားတစ်ယောက်။

အရပ်အမောင်းကကောင်း၊ ပုခုံးကကျယ်၊ လက်မောင်းလက်ရုံး ပြောစရာမရှိ။ အထူးသဖြင့် ထိုသူ၏မျက်နှာ အလွန်ပင်

www.burmeseclassic.com



ချောမောလှပ လှ၏။ ခန့်ချောကြီး။ မိန်းမတစ်ယောက်အဖို့ နှစ်ခါသုံးခါလှည့်ကြည့်ရမည့် မျက်နှာပေါက်မျိုး။ ပြီးတော့ သူ့ရင်အုပ်ရင်ခွင်။ အို... တွေးပင်မတွေးရဲအောင် ခိုဝင်စရာ...။

ဝတ်စားထားပုံကလည်း...

မီးခိုးရောင် ရှပ်လက်ရှည်၊ အပြာရင့်ရင့် နက်တိုင်၊ မီးခိုးရောင်ဘောင်းဘီရှည်၊ အနက်ရောင်ပြောင်လက်သော ရှူးဖိနပ်။ အဝတ်အစားတွေမှာ မီးပူကျခေါက်ရိုးနှင့် သပ်ရပ်နေ၏။

အလွန်ပင်ကြည့်ကောင်းလှသော ယောကျ်ားတစ်ယောက်ပါ။ ပြောစရာစကားရှာမရပဲ ကြည့်နေဆဲမှာပင် ထိုသူက လှမြသွေးအား ဖုတ်လေသည့်ငပိ ရှိဟန်မတူထွက်သွား၏။

လှမြသွေး မကျေမချမ်းစိတ်ဖြင့် ထိုသူနောက်သို့လိုက်သွားမိသည်။ ထိုသူက ခြေလှမ်းကျဲကြီးနှင့် လျှောက်၏။ လှမြသွေးက မကျေစိတ်ဖြင့် ခြေဆောင့်၍လိုက်နေ၏။

အက်စ်အက်စ်ရုံးရှေ့ လှေကားတွင် ပုလိပ်တို့စုပြုံနေသည်ကိုတွေ့ရ၏။

ဘာဖြစ်လို့ပါလိမ့်။ လှမြသွေး ထိုလူကို ကျော်ကာလှမ်းကြည့်တော့ လှေကားရင်းမှာ ပက်လက်လန်လဲကျနေသော လူတစ်ယောက်ကို တွေ့ရလေ၏။

သူမ ရှေ့သို့နည်းနည်းတိုး၍ ခြေဖျားထောက်ကြည့်သည်။

"အို..."

ဟု လှမြသွေး အသံထွက်အော်လိုက်မိ၏။

လဲကျနေသူသည်ကား အခြားမဟုတ်။ ရုံးစောင့်ကုလား ရာဂျားဖြစ်လေ၏။



ရာဂျားမှာ ရင်ဘတ်နှင့် လည်ပင်တို့တွင် သွေးတို့ရဲရဲနီစေးကပ်လျက် ပြူးကျယ်သော မျက်လုံးဖြင့် မိုးကောင်းကင်အား မော့ကြည့်ကာ သေဆုံးနေပေသည်။

"အော်... ကိုစိန်ဘန်းရောက်လာသကိုး။ ကျုပ်ဖြင့် သတိရနေတာများ ကြည့်ပါဦး ကိုစိန်ဘန်းရယ်။ ဒီလူသတ်မှုက တော်တော်ကို ထူးဆန်းသဗျ။ သတ်တာက ဓားနဲ့ တုတ်နဲ့ သေနတ်နဲ့ မဟုတ်ဘူးဗျ။ ကုတ်သတ်၊ ကိုက်သတ်တဲ့ဒဏ်ရာ။ ကျုပ်လည်း ဘယ်လိုသဲလွန်စရှာရမှန်း မသိတော့ပါဘူးဗျာ"

အနက်ရောင် ဉရောပဝတ်စုံနှင့် လူတစ်ယောက်က ထိုလူ့အားရှင်းပြနေသည်။ ထိုလူအမည်အား သူသိလိုက်ရ၏။ ကိုစိန်ဘန်းတဲ့။ အမလေး... ယဥ်လိုက်တဲ့ နာမည်ကြီး။ လူနှင့်ပင်မလိုက်။

"ကျုပ် ခဏကြည့်ပါရစေ ကိုသက်ပြင်း"

ကိုစိန်ဘန်းက ပြော၏။

"ကြည့်ပါ... ကြည့်ပါ"

အနက်ရောင်ဝတ်စုံက ပြောလေလျှင် ပုလိပ်တို့က ဖယ်ပေးကြသည်။ ကိုသက်ပြင်းဆိုသော အနက်ရောင်မှာ အရာရှိဖြစ်ပုံရလေ၏။

ကိုစိန်ဘန်းဆိုသည့် ထိုသူက ပုလိပ်များအား တစ်ချက်ဝေ့ဝိုက်ကြည့်ရင်း ရာဂျားကုလား လူသေကြီးနားသို့ ကပ်သွားကာ ချစ်သူရည်းစားကို ကြည့်သကဲ့သို့ ခြေဖျားမှခေါင်းသို့တိုင် တစိမ့်စိမ့်ကြည့်၏။

ပြီးဒဏ်ရာကို ငုံ့၍နမ်းသေး၏။ ထို့နောက်လှေကားထိပ်တိုင်းတက်ကာ အက်စ်အက်စ်ရုံးခန်းတံခါးကိုကြည့်ခြင်း၊ လှေကားအောက်

www.burmeseclassic.com



မြေပြင်သို့ ဒူးထောက်ထိုင်ကာ မြက်ပင်များ၊ ကျောက်ခဲများကို ကြည့်ခြင်း၊ ပြီးရုံခန်းသို့ဝင်ကာ အတန်ကြာနေပြီးနောက် ဆင်းလာလေ၏။

"ဘာထူးလဲ ကိုစိန်ဘန်း"

ကိုသက်ပြင်းဆိုသူ ဆီးမေးသည်။

"စဉ်းစားကြတာပေါ့ဗျာ"

ထိုသူက ပြောစဉ်...

"ဒီမှာ ကိုယ့်ဆရာတို့ ဘာမှစဉ်းစားမနေနဲ့ဗျ။ ဦးနောက်ခြောက်တယ်။ ကုမ္ပဏီစောင့်ကောင်ဟာ ကျားကိုက်လို့သေတာဗျ။ ရင်ပွင့်တာက ကျားကုပ်တာ၊ လည်ပင်းအရာက ကျားစွယ်ရာတွေဗျ။ ဒီတော့ ဒီအမှုကို မာဒါးကေ့စ်အဖြစ်မလုပ်ဘဲ ကျားကိုက်သေတယ်လို့ သေမှုသေခင်းနဲ့ ပုလိပ်မင်းကြီးဆီ အစီရင်ခံလိုက်ပြီးတာပဲဗျာ။ မဟုတ်လား စီအိုင်ဒီဆရာကြီး"

ဟု အပွင့်တွေဖြင့် ပုပုဝဝပုလိပ်ကြီးက ဆိုလေရာ ကိုစိန်ဘန်းကမူ ပြုံးရုံသာပြုံးနေသော်လည်း ကိုသက်ပြင်းဆိုသော အနက်ရောင်မှာ...

"ဟော့လူ ပီအက်စ်အိုကျော်လှ ခင်ဗျားပုလိပ်ပျင်းပဲ။ လစာလေးထုတ်စား၊ ဘောဘမ်းက အမှုသယ်တွေဆီက တစ်ဆယ်နှစ်ဆယ်လာဘ်တောင်း၊ ဒါပဲလုပ်နေတာမဟုတ်လား။ ခင်ဗျားတို့ ပုလိပ်တွေဟာ အမိုက်ပုံထဲကလောက်တွေလိုပဲ အမိုက်ကိုဖွပြီးစားနေတာ။ ဘာအလုပ်မှ တိတိကျကျမလုပ်ဘူး။ ရန်ကုန်မြို့ကြီးပေါ်မှာ ကျားကဘယ်လိုလာကိုက်မလဲဗျ၊ စဉ်းစားဦး"

ဟု ဒေါသသံစွက်၍ ပြောလေ၏။

"အိုး... စီအိုင်ဒီက ဆားပုလင်းကိုသက်ပြင်းရယ်၊ သိပ်လဲဒေါသမဖြစ်ပါနဲ့။ ကျားဆိုတာ မြို့မှာရော၊ တောမှာရောရှိသဗျ။



မြို့ထဲမှာလဲ သမန်းကျားရှိသဗျ။ ခင်ဗျား ကြားဖူးလား မြတ်သျှတွေ ရန်ကုန် သိမ်းခါစမှာပဲ"

"ရွှေတိဂုံဘုရားမှာ ကျားတက်တာ"

ငါးရက်ကြာ...

ဂေါ်ရာတွေ နှိမ်နင်း ကျားစင်းစင်းသေ ဆိုတာလေ။ ဒီလမ်းကလည်း ရွှေတိဂုံနဲ့ နီးတယ်။ ငါးထပ်ကြီးဘုရားနဲ့ နီးတယ်။ တောထူတယ်။ ကျားရှိတာပေါ့ဗျာ။

*(မှတ်ချက်။ ။ ၁၉၀၃–ခုနှစ်၊ မတ်လ(၂၇)ရက်၊ မြန်မာသက္ကရာဇ် ၁၂၆၄–ခု၊ တပေါင်းလဆန်း(၂)ရက်၊ တနင်္လာနေ့၊ နံနက်(၈)နာရီတွင် ရွှေတိဂုံဘုရားပေါ်သို့ ကျားသစ်တစ်ကောင် တက်ခဲ့၏။ ထိုအချိန်က ဘုရားရွှေချရန် ငြမ်းဆင်ထားချိန်ဖြစ်၏။ ဘုရားဖူးများကျားကိုမြင်၍အော်သဖြင့် ကျားသည်ငြမ်းမှ တစ်ဆင့်ပြာသာဒ်ပေါ်တွင်ဝပ်နေ၏။*

*ဘုရားလူကြီး ဦးရွှေဝိုင်း ရန်ကုန်အရေးပိုင်ထံသွား၍ စာယူကာ ပိုလ်မှူးကြီးအီးလော့မိုစ်ကိုခေါ်၍ ကပ္ပတိန်ဘီဗီးလ်၏လီဗာပူးဘုရင့်တပ်ရင်းမှ ရိုင်ဖယ်သေနတ်ကိုင်(၁၄)ဦးဖြင့် ပစ်ခတ်နှိမ်နင်းရာ ကျားသေ၏။*

*ကျားမှာအမဖြစ်ပြီး အလျားရှစ်တောင်တိတိရှိလေသည်ဟု မှတ်တမ်းများအရ သိရကြောင်း ဗဟုသုတဖြစ်ဖွယ် ဖော်ပြပါ၏။* ***စာရေးသူ။*** *)*

ဟု ရဲလူဝကြီးက ရှင်းပြလေ၏။

"ဟုတ်ပါပြီ။ ကိုကျော်လှရဲ့ ဟုတ်ပါပြီ။ ဒီအတိုင်း အစီရင်ခံလိုက်ရင် မင်းကြီးက 'ဒမ်ဖရယ်ဒီဖူး... ဂဲဒေါက်'ဆိုပြီး ပုလိပ်အဖွဲ့လုံးကို မောင်းထုတ်တော့မှာပေါ့ဗျာ။ ကြည့်လေဗျာ... ကျားကရုံး

www.burmeseclassic.com

www.burmeseclassic.com



ခန်းသော့၊ ဘီရိုသော့၊ မှတ်စုစာအုပ်၊ ဖိုင်တွဲတွေကို ရှိုက်ဖွင့်ကြည့်လို့ ရသလား။ ပြီးနံရံမှာ 'ငါလာပြီဟေ့၊ မာတင်ကင်း။ မင်းလွတ်အောင်ပုန်း' ဆိုပြီး စာရေးနိုင်မလား"

ကိုသက်ပြင်းဆိုသည့် အနက်ရောင်လူက အချက်ကျကျ ပြောရင်း ဖိုးဖိုးဖစ်ဖစ်ဖြင့် လေ့ကားပေါ်သို့ ပြေးတက်သွားကာ ရုံးခန်း တံခါးကို ခြေကန်ဖွင့်ရင်း နံရံကိုပြလေ၏။ ပုလိပ်ဝဝကြီး ဖက်ပု သွား၏။

ဟုတ်သည်။ နံရံဖြူဖြူပေါ်တွင် သွေးရောင်နီနှင့် စာရေး ထား၏။

"ငါလာပြီဟေ့ မာတင်ကင်း၊ မင်းလွတ်အောင်ပုန်း"

ဟူသော မညီမညာ လက်ရေးကြီးနှင့် စာတန်းကိုလှမြသွေး မြင်လိုက်ရသဖြင့် ရင်၌ထိတ်ခနဲ ဖြစ်သွားပေသည်။

သူမသည် လက်ပွေ့အိတ်အား ဆုပ်ကိုင်ရင်း ရုံးပေါ်သို့ ပြေးတက်ခဲ့၏။ သို့သော် တက်ခွင့်မရ။ ပုလိပ်သားနှစ်ယောက်က တားထားလေသည်။

သူမသည် နံရံပေါ်မှ စာကိုသေချာစွာကြည့်ရင်း၊ သူ့ လက်ပွေ့အိတ်အတွင်းမှ သားရေပြားကို ထုတ်ကာတိုက်ကြည့်၏။

*"သမီး ဖေဖေ မသေပါ။*

*ဒါပေမယ့် ဘဝခြားနေပြီ။*

*ဆက်သွယ်ဖို့ ခက်နေတယ်"*

*ဖေဖေ*

ထိုသားရေပြားပေါ်မှ စာနှင့်နံရံပေါ်မှ...

*"ငါလာပြီဟေ့ မာတင်ကင်း၊ မင်းလွတ်အောင်ပုန်း"*



ဆိုသော စာနှစ်ခုမှာ အဓိပ္ပာယ်မတူသော်လည်း လက်ရေး လက်သား၊ အသတ်၊ အချ၊ အဝိုက်တွေက တူနေလေ၏။ ဒါဘာ ကြောင့်လဲ။ ဘာဖြစ်တာလဲ။ လှမြသွေး ငိုင်ကာစဉ်းစားနေမိသည်။

ပုလိပ်တစ်ယောက်က "ဟေ့ ဆင်းတော့၊ အလောင်းသယ် မယ်"ဟု သတိပေးလေမှ သားရေပြားစာလေးကို လက်ပွေ့အိတ် တွင်းခေါက်ထည့်ကာ အောက်သို့ဆင်းလိုက်၏။

ထိုသောအခါ လူတွေက သူမကိုဝိုင်းကြည့်နေကြောင်း သိလာ၏။

ထိုအထဲမှ မီးခိုးရောင်နှင့် ကိုစိန်ဘန်းဆိုသော ထိုလူ၊ အနက်ရောင်နှင့် ကိုသက်ပြင်းဆိုသောလူ၊ နှာခေါင်းချွန်ချွန် မျက်မှန် နက်၊ ဥရောပဝတ်စုံနှင့်လူအပြင် ဝဝတုတ်တုတ် ဝက်နှာခေါင်းနှင့် မျက်ပေါက်ကျဉ်းကျဉ်း တရုတ်လိုလို၊ ဂျပန်လိုလိုလူနှစ်ဦးကို မြင်လိုက် ရသဖြင့် ရင်မှာတုန်လျက် ခြေလှမ်းပင်မှားတော့၏။

လူအုပ်အား မကြည့်ရဲ ကြည့်ရဲလှမ်းကြည့်လိုက်ရင်း လူကြီး တစ်ယောက်အား လှမ်းမြင်မိ၏။

ထိုလူကြီးသည်ကား ခေါင်းတုံးဖြူဖြူ၊ အသားမည်းမည်း၊ ဝတ်ဖြူထက်အောက် ဆင်တူဝတ်ထားလေသော သူတော်ကြီးပင် တည်း။

"ဟာ... သူတော်ကြီး... သူတော်ကြီး"

လှမြသွေးနှုတ်မှ အော်ဟစ်၍ ပြေးဆင်းနေခိုက် သူတော် ကြီးက ရွတ်ခနဲနောက်သို့လှည့်ကာ ပြေးတော့၏။

"သူတော်ကြီး... သူတော်ကြီး"

သူမ လူတွေအား တွန်းတိုက်ရင်း လိုက်သည်။ သူတော် ကြီးကနောက်သို့ပင် လှည့်မကြည့်ဘဲ ပြေးလေ၏။ သူပြေးနေ သည်က တာမွေငှက်ပျောတောရွာသို့ ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သူတော်ကြီး... သူတော်ကြီး၊ ကျွန်မ လှမြသွေးပါ။ ဦးလေးမိုးရဲ့ တူမပါ။ သပြေတောရကျောင်းမှာ ဆုံဖူးတယ်လေ။ နေပါဦး"

လှမြသွေး အော်ရင်းလိုက်၏။

သို့သော် မမီ။

သူတော်ကြီးကား လူဝသလောက် အပြေးမှာ လျင်မြန်လှ၏။

လိုက်ရင်းလိုက်ရင်းနှင့် လှမြသွေး မောလာ၏။ အမောလွန်လဲကျမတတ် ဖြစ်လာသဖြင့် အပြေးရပ်လိုက်ရ၏။

ရပ်နေရင်း ဒူးတွေပင် တုန်လာ၏။ သူတော်ကြီးကို လှမ်းကြည့်လိုက်တော့ ဘယ်ဆီရောက်သွားပြီမသိ။ မမြင်ရတော့။ လူရိပ်လူယောင် မမြင်ရအောင်ပင် သူတော်ကြီး ပျောက်သွားလေပြီ။

သည်တော့မှ အက်စ်အက်စ်ရုံးဝင်းတွင် ထားခဲ့လေသည့် သူမ၏ကားကို သတိရလာသည်။ ကားဆီသို့ပြန်ရမည်။ သို့တစေ သူမမှာ ကားဆီသို့ ပြန်သွားဖို့ပင် အားအင်မရှိတော့။

ရပ်နေရင်းပင် တုန်ယင်လာသဖြင့် ကားငှားရန် အငှားကားကို ရှာ၏။ ကားမလာ။ သို့နှင့်တရကြမ်းမောင်းလာသည့် မြင်းလှည်း တစ်စီးကို "ဟိုး...ဟိုး"ဟု အတင်းတားကာ စီးခဲ့ရ၏။

အက်စ်အက်စ်ရုံးဝင်းအတွင်း ရောက်တော့ လူတွေတော် တော်ရှင်း၍နေလေပြီ။

ကျားကိုက်သွားသည့် ကုလားရာဂျူး အလောင်းအား ဆေးရုံသို့ သယ်ယူသွားသဖြင့် ပုလိပ်အရာရှိအချို့နှင့် စပ်စပ်စုစု လူတို့ပြန်သွားလေပြီ။





ဝင်းအတွင်းတွင် ရုံးဝန်ထမ်းမိသားစုများနှင့် ပုလိပ်အဖွဲ့မှ ချာပရာစီတို့သာ ကျန်တော့၏။

သူမ၏ကားကလေးက ရပ်ထားသည့်နေရာမှာပင် ရှိနေသည်။

ဝင်းအတွင်းမှာ သူမ၏ကားအပြင် မောရစ်မိုင်းနားကား တစ်စီးနှင့် သူမကားနောက် တည့်တည့်မှာ စတူဒီဘေကာ ကားနက်ကြီးတစ်စီး ရပ်ထားသည်ကို သူမ သတိပြုမိ၏။

ထို့ပြင် ကားကိုမှီ၍ရပ်နေသည့် လူနှစ်ယောက်ရှိ၏။

တစ်ယောက်က နှာခေါင်းချွန်ချွန်၊ ခါးကိုင်းကိုင်း၊ မျက်မှန်နက်နှင့် ကုလား။

တစ်ယောက်ကဝဝတုတ်တုတ်၊ ဝက်နှာခေါင်း၊ မျက်ပေါက်ကျဉ်းကျဉ်း လူတို့ရှိလေသည်။

ထိုလူများမှာ စောစောက အက်စ်အက်စ်ရုံးမှ သူမ အဆင်းတွင် စူးစူးရဲရဲကြည့်ကြသူများ ဖြစ်လေ၏။

ခု... လှမြသွေး ဝင်လာသောအခါ စူးစိုက်ကြည့်နေလေသဖြင့် လှမြသွေးမှာ အားအင်ချိနဲ့သွားသလို ခံစားနေရသည်။

ဘေးဘီကိုကြည့်လိုက်တော့ လူသိပ်မရှိ။

သူမနှင့်ဝင်တိုက်မိလေသော မီးခိုးရောင်ဝတ်စုံနှင့် လူလည်း မရှိတော့။

အက်စ်အက်စ်ဝင်းအတွင်း ဆက်နေဖို့ဘာအကြောင်းမှ မရှိတော့သည်မို့ ကားပေါ်သို့တက်ကာ မောင်းထွက်ခဲ့သည်။

လှမြသွေး ဘာဆက်လုပ်ရမည်နည်း။ ကားမောင်းရင်းဖြင့် သူမကိုယ်သူမ ပြန်မေးနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့သူမအိမ်မှ လူများကိုကလန်ကဆန်ပြု၍ စွန့်စားထွက်လာခဲ့ရသော စုံစမ်းရေးခရီးမှာ ဘာတစ်ခုမှအောင်မြင်မှုမရှိ။

ကြည့်လေ။ အိမ်ကထွက်၍ သပြေတောရ ဘုန်းတော်ကြီးကျောင်းသို့ဝင်၏။ သူတော်ကြီးနှင့် တွေ့ရန်ဖြစ်သည်။ သို့သော် သူမ တွေ့လိုသော သူတော်ကြီးက ကျောင်းမှာမရှိတော့။

တစ်ခါ ကင်းဘဲလ်လမ်း အက်စ်အက်စ်ရုံးသို့ ရောက်၏။ လူသတ်မှုဖြင့် ကြုံရ၏။

လူသတ်မှုဆိုသော်လည်း လူကိုလူကသတ်ခြင်းမဟုတ်။ လူကိုကျားက ကိုက်သတ်သွားခြင်းသာ ဖြစ်လေ၏။

အက်စ်အက်စ်ရုံးမှ ကုလားရာဂျား ကျားကိုက်၍သေရ၏။ ထိုလူသေမှုမှာ တစ်ခုတော့ ထူးဆန်း၏။ ရုံးနံရံမှာ ကျားလက်ရေးစာကိုသူမမြင်ရခြင်းပင် ဖြစ်၏။

ထိုစာ၏အရေးအသတ်မှာ သူမထံတွင် ရှိနေသည့် သားရေပြားအတွင်းမှ စာအရေးအသတ်နှင့် တူနေ၏။

ထိုစာနှစ်စောင်ကို ဆက်စပ်ကြည့်လေလျှင် လှမြသွေးထံသို့ညကြီးအချိန်မတော် ရောက်လာလေသော ကျားလိုလူ သည် ထိုအက်စ်အက်စ်ရုံး လူသတ်မှုနှင့် ပတ်သက်နေသည်မှာ သေချာပြီ။

သည်အတွေးဖြင့် လှမြသွေး ရင်မှာတုန်လှုပ်သွား၏။

အခက်အခဲပြဿနာ ဖြစ်လာသည့်အခါ တိုင်ပင်စရာပင်လျှင် မဲ့လေသည့် သူမဘဝ။

အလွန်ပင် အထီးကျန်ဆန်လှပါလားဟု တွေးရင်းမျက်ရည်စို့လာကာ အလိုလိုအားငယ်သွားမိသည်။

"အို... ဒီလိုလဲ မဟုတ်သေးပါဘူးလေ။ ဖေဖေ၊ မေမေတို့





ရှိနေကြတာပဲ။ ဖေဖေ၊ မေမေနဲ့ မကြာခင်သူ့ဆီပြန်ရောက်လာမှာပါ။ လှမြသွေးမှာ သူ့ကိုယ်သူပြန်၍ အားပေးရင်း ကားကိုသာဂရုစိုက်မောင်းလာခဲ့သည်။

ကားက တာမွေကိုကျော်၍ ငါးထပ်ကြီးဘုရားရှေ့သို့ ရောက်လာလေ၏။

သည်အတိုင်းဆိုလျှင်တော့ သည်နေ့ သူမအဖို့ အိမ်ပြန်ရုံပဲရှိမည်။ အိမ်မှာနေရင်းကပင် ဒုတိယအကြိမ် ကျားလူအလာကိုစောင့်ရတော့မည်။

သည်တစ်ခါ ကျားလူကိုတွေ့လျှင်တော့ ကြောက်လန့်မေ့မျောမသွားအောင် သတိထားရမည်။ ကျားလူနှင့် စကားပြောဖြစ်အောင် ကြိုးစားကာဖြစ်ရပ်ကို ဂဃနဏ စုံစမ်းမည်ဟု ဆုံးဖြတ်အားတင်း၍ ရှေ့မှမြင်းလှည်းတစ်စီးအား ဟွန်းသံပေးကာ ကျော်တက်လိုက်စဉ်...။

"ကားကို အရမ်းမမောင်းပါနဲ့အမိ။ ဖြည်းဖြည်းနဲ့ မှန်မှန်မောင်းပါ"

သူမကားနောက်ခန်းဆီမှ ရုတ်တရင် ကြားလိုက်ရသော စကားသံကြောင့် ခေါင်းနပမ်းကြီးသွားမိ၏။ ကားစီယာတိုင်ကိုပင် ယောင်ယမ်းတွေ့ချတော့မလို ဖြစ်သွားရသည်။

ရှေ့မှန်မှ နောက်ခန်းသို့ကြည့်၏။ လူကိုမတွေ့ရ။

ဘာပဲဖြစ်ဖြစ် သူမကားနောက်ခန်းတွင် ပုန်းကွယ်လိုက်လာသူတစ်ယောက်ရှိနေပြီ။ လှမြသွေး စိတ်လှုပ်ရှားနေမိ၏။

"ကျုပ်ပြောတာကို နာခံပါအမိ။ စိတ်သိပ်မလှုပ်ရှားပါနဲ့။ ကျုပ်ကိုလည်း လှည့်မကြည့်ပါနဲ့။ နောက်ကြည့်မှန်ကနေ အမိရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကားနောက်ကို ကြည့်လိုက်ပါ။ စဒူဘေကာ ကားနက်ကြီးတစ်စင်း ကပ်ပြီးလိုက်လာတယ်။ အဲဒါ အမိကို အသက်အန္တရာယ်ပြုမဲ့ ကားပဲ”

ပုန်းကွယ်လိုက်လာသူက တည်ငြိမ်အေးဆေးသော အသံဖြင့် ထပ်ပြော၏။

လှမြသွေးနောက်ကြည့်မှန်ကို လှမ်းကြည့်မိ၏။

အနက်ရောင် စတူဒီဘေကာကားနက်ကြီးတစ်စီး ကပ်၍ လိုက်ပါလာသည်ကို တွေ့ရလေသည်။

အို…ကားလမ်းပဲ ကားရှိတာဆန်းသလား။ ကားတွေရှိမှာ ပေါ့။ သည်လူသက်သက် ခြိမ်းခြောက်နေတာဟု တွေးရင်း…

“ရှင်ဘယ်သူလဲ… ဘာဖြစ်လို့ သူခိုးသူဝှက်လို့ ကျွန်မ ကားထဲ ဝင်လိုက်လာရတာလဲ”

အရဲစွန့်ကာ မေးမိ၏။

“စကားတွေ အများကြီးမပြောနဲ့ နောက်ကားက လူတွေက ဂရုစိုက်နေတယ်။ ကျုပ်အစီအစဉ် ပျက်သွားမယ်။ အမိသိချင်တာ တွေကိုနောက်မှမေး။ ခုတော့ ကျုပ်ပြောတဲ့အမိန့်ကိုသာ နာခံပါ။ ရှေ့ ရွှေဂုံတိုင်လမ်းဆုံကြရင် ညာဘက်ကိုချိုး”

ပုန်းကွယ်လိုက်လာသူက လှမြသွေး၏ မေးခွန်းကို မဖြေဘဲ။ လှမြသွေးကိုသာ အမိန့်ပေးလိုက်၏။

လှမြသွေး စိတ်တိုသွား၏။ သို့သော် ပြန်၍မပြောရဲ၊ သည်လူ သူမကိုအန္တရာယ်ပြုနိုင်၏။ သည်တော့ ထိုလူ၏အမိန့်ကို နာခံမိလျက်သားနှင့် ကားကိုကုက္ကိုင်းလမ်းဘက်သို့ ကွေ့ချမောင်းမိသည်။

နောက်ကြည့်မှန်ကို ထပ်ကြည့်၏။



စတူဒီဘေကာ ကားအနက်က ထက်ကြပ်မကွာ လိုက်လာ၏။

ဘာတွေဖြစ်နေတာလဲ။ သူမ တွေးကြည့်၏။ မရ။ အလယ် အတွင်းမှန်မှ နောက်ခန်း၌ ပုန်းကွယ်လိုက်လာသူကို ရှာကြည့်၏။ ဘယ်လိုပုန်းလိုက်လာသည် မသိ။ အရိပ်အယောင်ပင် မမြင်ရ။

“ဒီမှာအမိ၊ ကားကိုဖြည်းဖြည်းနဲ့ မှန်မှန်မောင်း။ ရှေ့ကုန်း တက်ကြရင် ဘယ်ကိုကြည့်။ ဟာမစ်တစ်ကုန်းကို မရောက်ခင် မြေနီလမ်းကလေး… အဲဒီလမ်းထဲကို မောင်း”

ပုန်းကွယ်လိုက်လာသူက ထပ်ပြော၏။

လှမြသွေး နှုတ်ခမ်းမဲ့ကာ လီဗာကိုဖိနင်းလိုက်မိသည်။ ကား ကရှေ့သို့ တစ်ရှိန်ထိုး…

“ဟော့… အဲဒီလိုမလုပ်နဲ့ အမိရဲ့။ ကားကသိပ်ကောင်းတာ မဟုတ်ဘူး။ ဂူးဂူးဂျော်ဂျော် မြည်နေပြီ။ ကောင်းကောင်းမောင်း”

“ရှင်…ပြောတဲ့လမ်းက ဘောင်ဒရီလမ်းမဟုတ်လား။ အဲဒီ လမ်းက ကားပြတ်တယ်။ လူသွားလူလာ ပြတ်တယ်ရှင့်။ ကျွန်မ မမောင်းရဲဘူး။ ရှင်တို့ ကျွန်မကို ဘာလုပ်မလို့လဲ။ ကျွန်မ ကားကို တစ်ခုခုနဲ့ ဝင်တိုက်ပစ်လိုက်မှာနော်”

“အမိ စိတ်ရှုးမပေါက်နဲ့။ ကျုပ်ပြောသလိုလုပ် စမ်းပါ။ နို့မို့ရင် အမိရော၊ ကျုပ်ပါသေလိမ့်မယ်”

“ကျွန်မ ဘာဖြစ်လို့သေရမှာလဲ။ ရှင်ပဲသေ… ရှင်နဲ့ နောက်ကားက လူတွေအတူတူပဲ မဟုတ်လား”

“ဟေး ထင်ရာတွေ လျှောက်ပြောမနေနဲ့ အမိ။ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ရှင်းပြပါ့မယ်ဆို။ အမိက လိမ္မာပါတယ်။ ဟော... တွေ့လား၊ ဘယ်ဘက်က ဝါးရုံပင်အုပ်နဲ့လမ်း၊ အဲဒီလမ်းကိုချိုး"

အေးဆေးတည်ငြိမ်စွာ ပြောနေသည်။ ပုန်းကွယ်လိုက်လာသူစကားက သူမအပေါ် လွှမ်းမိုးနေလေသလားမသိ။ လှမြသွေးကားကို ဘယ်ဘက်သို့ ချိုးကွေ့ကာ မြေနီလမ်းလေးအတွင်းသို့ မောင်းဝင်လိုက်၏။

ရုတ်တရက်ဆိုသလို ကားလမ်းကြောင်း ပြောင်းလိုက်ခြင်းပင်ဖြစ်သည်။

သူမကားလမ်းကြောင်း ပြောင်းလိုက်သလို နောက်က စတူဒီဘေကာ ကားကလည်း ချိုးကွေ့လိုက်လာလေသည်။

သည်လမ်းကို လှမြသွေး တစ်ခါမှမမောင်းစဖူး။

ပုန်းကွယ်လိုက်လာသူ ပြောသလိုပင် ထိုလမ်းမှာ အလွန်ပင်လူပြတ်၏။

ကားလမ်းနှစ်ဘက် ကြည့်လိုက်တော့လည်း လူနေအိမ် သိပ်မရှိ။ သစ်ပင်ဝါးပင်နှင့် ချုံရှိုင်းတွေသာရှိ၏။

လှမြသွေး ခုမှပင် သူမအဖြစ်ကို သူမတွေးကာ ကြက်သီးထသွားမိ၏။

သူမကားနောက်မှ ကားနက်ကြီးက တန်းတန်းမတ်မတ်ကြီးလိုက်နေသည်။

ထိုကားအား လွတ်အောင် မောင်းနိုင်သည့်ပဲထား၊ သူမ၏ကားထဲမှာကိုက လူတစ်ယောက်ကပ်ပါလာ၏။ ထိုသူမှာ သူတစ်ပါး၏ကားအတွင်း ခိုးဝှက်လိုက်လာသူ ဖြစ်သဖြင့် ဘယ်သို့မှ လူကောင်းတော့မဖြစ်နိုင်။ ပြီးတော့ လက်နက်တစ်စုံတစ်ရာ ပါနိုင်၏။





လက်နက်မပါသည့်တိုင်ပင် သူမလို အားနွဲ့သူ မိန်းမသားတစ်ဦးကို လွယ်လွယ်ကူကူနှင့်ပင် အန္တရာယ်ပေးနိုင်သူ ဖြစ်၏။

သည်တော့ သူမဘာလုပ်ရမည်နည်း။

ထိုသူ၏စကားကို အလိုက်သင့်နေရင်းဖြင့် လွတ်လမ်းကို ရှာမည်ဟု တုန်လှုပ်စွာတွေး၍ ကားကိုမောင်းနေမိ၏။

"ဟုတ်ပြီ၊ ဟုတ်ပြီအမိ။ ရှေ့ကိုဆက်မောင်း။ ဟိုရှေ့ခြံသေးကြီးနှစ်ကောင်နားမှာ ကားကိုရပ်။ အဲ... ကားကိုရပ်ဆိုတာက ကားပျက်သွားပြီဆိုတဲ့ပုံနဲ့ရပ်လိုက်"

ပုန်းကွယ်လိုက်လာသူက နောက်မှ အမိန့်စကားဆို၏။

"ကျွန်မကား... မပျက်ဘူးလေ"

"ကျုပ်သိတယ်။ မပျက်ဘူးဆိုတာ။ ကားပျက်တဲ့ပုံစံနဲ့ ကားကိုရပ်လိုက်ရမှာ။ ပြီးတော့ ကားအောက်ကိုဆင်း။ ကားစက်ဖုံးကိုဖွင့် မဖွင့်ချင်ရင်လဲ စိတ်ပျက်စိတ်ရှုပ်တဲ့ ဟန်နဲ့ရပ်နေ။ လုပ်... လုပ်တော့။ ကျုပ်... ပြောသလိုလုပ်"

ပုန်းကွယ်သူ၏ ပြတ်သားသော စကားသံက အရုပ်တစ်ရုပ်ကိုခိုင်းစေနေသကဲ့သို့ပင် ဖြစ်၏။

သူမလည်း ထိတ်ထိတ်လန့်လန့်နှင့်ပင် ကားကိုထိုးရပ်လိုက်သည်။

ပြီးနောက် ကားတံခါးဖွင့်ဆင်းကာ ကားကိုကြောင်တောင်တောင်ငိုင်ကြည့်နေမိ၏။

သူမကားရပ်လိုက်သည်နှင့်ပင် နောက်ကကားကလည်း တိခနဲရပ်သွားသည်။ ထို့နောက် ကားပေါ်မှ လူနှစ်ယောက် ဆင်းလာကာ သူမထံသို့လာနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်လူတွေ သည်လူတွေကို ကြည့်ရင်း လှမြသွေး အသက်ရှူရပ်သွားမတတ်ဖြစ်ခဲ့ရ၏။

ကားပေါ်မှဆင်း၍ လှမြသွေးထံ ရွှေ့ရွှေ့လာနေသူတို့မှာကား အက်စ်အက်စ်ရုံးဝင်းအတွင်း လှမြသွေးကို ရဲရဲရူးရူးကြည့်ခဲ့ကြသည့် လူနှစ်ယောက်ဖြစ်လေသည်။

တစ်ယောက်က ခါးကိုင်းကိုင်း၊ နှာခေါင်းချွန်ချွန်။

တစ်ယောက်က ဝဝတုတ်တုတ် ဝက်နှာခေါင်းလူ။

"ဒီက ညီမလေး။ ကားဘာဖြစ်သွားလဲ။ ကားပျက်သွားလား။ ကိစ္စမရှိပါဘူး။ ကျုပ်တို့ ကားနဲ့လိုက်တာပေါ့။ ဟေ့... ဝက်ပုတ်... ကောင်မလေးကို ကားပေါ်တင်"

နှာခေါင်းချွန်က အမိန့်ပေးလိုက်စဉ် ဝက်ပုတ်ဆိုသူက သူမထံသို့ပြေးလာ၏။

သို့သော်...

ဝက်ပုတ် သူမထံသို့ မရောက်။

သူမ၏ ကားတံခါးပွင့်သွား။ ဝက်ပုတ်အား ကားတံခါးဖြင့်ရိုက်လိုက်ရာ ဝက်ပုတ် နောက်သို့လှန်သွားစဉ် ကားအတွင်းမှ လူတစ်ယောက် ဖျတ်ခနဲထွက်လာပြီး ဝက်ပုတ်၏ပေါင်ချန်သို့ ခြေဖြင့်ခပ်လိုက်ရာ ဝက်ပုတ်ခမျာ 'အိ'ခနဲ အော်၍ငိုက်ကျလာခိုက် ဝက်ပုတ်၏မေးရိုးသို့ လက်သီးတစ်ချက် ပြင်းစွာဝင်သွားရာ ဝက်ပုတ်မှာ ဖွဲ့အိတ်ကြီးလို မြေပြင်သို့ 'ဘုတ်'ခနဲကျသွားလေ၏။

ယင်းဖြစ်ရပ်ကို ကြောင်ငေးနေရာမှ ပြေးဝင်လာသည့် နှာခေါင်းချွန်မှာလည်း ခြေလက်မြန်လှသော လူ၏လက်သီးချက်၊ ဒူးချက်များဖြင့် မြေပြင်တွင် ပက်လက်လန်နေတော့၏။



သည်တော့မှ ထိုလူက တွန့်ကြေသွားသည့် သူ့မီးခိုးရောင်ဝတ်စုံကို ပြုပြင်ရင်း သူမဘက်သို့ လှည့်လိုက်သည်။

"အို..."

လှမြသွေး အံ့ဩသွားရ၏။

ထိုသူကား အက်စ်အက်စ်ရုံးခန်းဝင်းအတွင်း သူမကားအဝင်၊ ကားပေါ်မှ အဆင်းတံခါးနှင့် တိုက်၍လဲမလို ဖြစ်ခိုက် သူမကိုပိုင်စိုးပိုင်နင်း ပွေ့ဖက်ဆွဲထူခဲ့သော လူ...။

လှမြသွေးအား "စွာလှပါလား အမိရယ်"ဟု ပြောကာ ခပ်တည်တည်ထွက်သွားသူ။

ရာဂျူးကုလား လူသေကောင်ကြီးအား မရွံ့မရှာ၊ မကြောက်မရွံ့ကြည့်ရှုသူ။

ထိုသူကား မီးခိုးရောင်ဝတ်စုံနှင့် 'ကိုစိန်ဘန်း'ဆိုသူဖြစ်ကြောင်း လှမြသွေး မှတ်မိ၏။

ထိုသူမှာ လှမြသွေး၏ကားပေါ်တွင် ခိုးကြောင်ခိုးဝှက်လိုက်လာ၏။ တစ်လမ်းလုံးလည်း အမိန့်တွေပေးခဲ့၏။ ပြီးတော့ စတူဒီဘောကား ကားပေါ်ကလူနှစ်ယောက်ကို လက်သီးနှင့်ထိုးပြ၍ လူစွမ်းကောင်းလုပ်နေပြန်ပကော...။

လှမြသွေး ထိုသူ့ကို မကျေမနပ်ဖြင့် နှုတ်ခမ်းတွန့်ပြလိုက်မိသည်။

"နှုတ်ခမ်းတွန့်မနေနဲ့ အမိ။ ဒါဟာ စိတ်ခံစားချက်နဲ့ ဆုံးဖြတ်လို့မရဘူး။ ဦးနှောက်နဲ့ ဆုံးဖြတ်ရမှာ။ ဒါတွေအားလုံးဟာ အမိရဲ့ သေရေးရှင်ရေးပဲ။ ကဲ... အမိ... အမိရဲ့ကားထဲက ယူစရာရှိတာယူပြီး နောက်ကားပေါ်ကိုတက်တော့..."

www.burmeseclassic.com



ထိုသူက စကားကို အမိန့်ပေးသကဲ့သို့ ခပ်ပြတ်ပြတ်ပြောကာ လဲကျမေ့မျောနေသည့် လူနှစ်ယောက်အား ဆွဲမ၍ သူမ၏ကားအတွင်းသို့ ထည့်လေသည်။

"အဲဒီလူတွေနဲ့ အမိရဲ့ကားကိုထားခဲ့။ ဟိုနောက်က ကားပေါ်တက်... သွားမယ်။ ဒီကောင်တွေ ထပ်လာနိုင်သေးတယ်"

ထိုသူက ပြော၏။

လှမြသွေးက ပေကပ်ကပ် လုပ်နေမိ၏။ ကားတစ်စီးလုံးကို လမ်းမှာထားခဲ့ရမလား။ လှမြသွေး သူမကားကို လှည့်ကြည့်... လှည့်ကြည့်...။

"ဟော့အမိ၊ မြန်မြန်တက် သွားမယ်"

ပြောပြောဆိုဆိုပင် လက်ကိုအတင်းဆွဲကာ စတူဒီဘေကာကားရှေ့ခန်းသို့ တက်ခိုင်း၏။ ဘယ်လိုလူမှန်းကိုမသိ။ မကျေမနပ်ဖြင့် ရန်တွေ့လိုက်ချင်၏။

သို့သော် စကားပြော ရန်တွေ့ချိန်ပင် မရအောင်သည့် လူ၏လုပ်ရပ်က လျင်မြန်သွက်လက်လှ၏။ ပြီးတော့လည်း ထိုသူနှင့် ပတ်သက်လျှင် လှမြသွေးမှာ အာစေးထည့်ထားသလိုပင် သူပြုသမျှနကာ ကားပေါ်သို့တက်ထိုင်လိုက်ရ၏။

ထိုသောအခါ ထိုသူကကားကို စတင်၍မောင်းလေတော့သည်။

* * * * * * *



# အခန်း ( ၆ )

## လှမြသွေးနှင့် မြန်ပေးစုံထောက်

သည်လူ ကားမောင်းတော်တော်ရမ်း၏။

ကားကိုအရှိန်ပြင်းပြင်း မောင်းသလို၊ ဟိုလမ်းချိုး၊ သည်လမ်းကွေ့၊ လမ်းကြားကွေ့ဝင်၊ လမ်းမပြန်ထွက်၊ မောင်းပြီးသားလမ်းကိုလည်း ပြန်ကွေ့မောင်း...။

နောက်ကြည့်မှန်ကိုလည်း တကြည့်ကြည့်။

ကားပေါ်က သူ့နံဘေးတွင် လှမြသွေးပါလာလေသည်ကို ပင်သိမှသိလေစ။ လှည့်၍လည်း မကြည့်။ ငဲ့၍လည်း စကားမဆို။

သူ့နံဘေးကပ်ထိုင်လိုက်လာရသော လှမြသွေးမှာ ထိုသူ့အပြုအမူအပေါ် အတော်ပင် သည်းခံနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သည်းခံရခြင်းကလည်း ဖေဖေနှင့် မေမေတို့အတွက် သာဖြစ်၏။

ပျောက်ဆုံးနေသော ဖေဖေနှင့်မေမေတို့အား ခုလိုမှမစုံစမ်း၊ မစွန့်စားရှာမရ။ သည်တော့လည်း သည့်လိုပဲ သည်းခံနေပေ၏။

စုံစမ်းပြီဆိုသည်နှင့် ပြဿနာဖြင့် စရှိရင်ဆိုင်ရပြီ။ ပြဿနာ အပြင် သူမအတွက် အသက်အန္တရာယ်ကပါ ကပ်၍ပါလာပြီဟု လှမြ သွေးတွေးမိ၏။

သည်လူကရော သူမအတွက် အန္တရာယ်ကောင်ပေလား။ သည်လူပုံက လူဆိုးလူယုတ်ပုံတော့ မဟုတ်။

လောကတွင် လူဆိုးလူယုတ်ပုံမထွက်ပါဘဲ လူဆိုးတွေရှိ နေတတ်ပေသေး၏။ သို့သော် ထိုသူသည် ပုလိပ်အရာရှိတွေနှင့် လည်းသိ၏။ ပုလိပ်အရာရှိတွေ ကိုယ်တိုင်ကလည်း တလေးတစား ရှိကြသည်ကို စောစောကပင် သူမမျက်မြင်ဖြစ်သဖြင့် အနည်းငယ် တော့စိတ်အေးရ၏။

ဘာပဲဖြစ်ဖြစ် သူမအတွက် နေ့စဉ်နှင့်အမျှ ရတက်မအေး ရသောဖြစ်ရပ်ကြီး တစ်ခုအတွက် အဖြေကိုလိုချင်လှသည်။

ထို့အတွက်လည်း အန္တရာယ်စက်ဝိုင်းအတွင်းသို့ တိုးဝင် လိုက်ခြင်းဖြစ်သည်မို့ ကြုံတွေ့လာသမျှကိုတော့ ရင်ဆိုင်ရပေတော့ မည်။

"ရင်ဆိုင်လိုက်စမ်း လှမြသွေး။ ရဲရဲရင်ဆိုင်စမ်း"ဟု ကိုယ့် ကိုယ်ကိုအားပေးရင်း ထိုလူကိုလှည့်ကြည့်မိသည်။

ထိုလူကတော့ ကားကိုသာ ဂရုစိုက်မောင်းနေ၏။





လှမြသွေး အပြင်သို့လှမ်းကြည့်သည်။

ဘယ်နေရာရောက်နေသည်ကိုပင် မသိ။ မမှတ်မိ။ မြို့ပြင် ကိုပင်ရောက်နေလေပလား။

ထိုအတွေးဝင်လာရှသာအခါ စိတ်မှာပူပန်လာပြန်သည်။

"ဒီမှာရှင့် ဘယ်တွေကို လျှောက်မောင်းနေတာလဲ။ ကျွန်မ အိမ်ကိုသွားမှာလေ"

လှမြသွေး ထိုသူကိုပြောလိုက်၏။

ထိုလူက လှမြသွေးကို တစ်ချက်ငဲ့ကြည့်ပြီး အင်း..အဲမလှုပ်။

"ဒီမှာရှင့်... ဒီမှာ... ရှင့်ကိုပြောနေတယ်လေ။ ကျွန်မ အိမ် ပြန်မယ်လို့"

လှမြသွေး စိတ်တိုတိုနှင့် ထိုလူပခုံးကို ဆွဲလှုပ်ရင်း ပြော မိသည်။ သည်တော့မှ ထိုလူက...

"အမိကို အိမ်ပြန်ပို့မယ်လို့ ဘယ်သူကပြောလို့လဲ"

ဟုဆိုလေ၏။

"ဒါဖြင့်... ဘယ်ကိုသွားမှာလဲ။ ဘာလုပ်တာလဲ"

"ပြန်ပေးဆွဲရွှေ့တာ"

"ဘာ"

"ဟုတ်တယ်။ အမိကို ကျုပ်ပြန်ပေးဆွဲလာတာ"

"အိုး... ရှင်ဟာရုပ်ရှည် သနားကမားနဲ့ လုပ်ရပ်က ဆိုးလှ ပါလား။ ပြန်ပေးဆွဲမယ်ဆိုရင်တော့ တခြားနေရာတွေကို ဒုက္ခခံ



www.burmeseclassic.com

www.burmeseclassic.com



မခေါ်သွားပါနဲ့ရှင်။ ကျွန်မကို အိမ်ကိုသာပြန်ပို့ပါရှင်။ ရှင်လိုသလောက် ပိုက်ဆံပေးပါ့မယ်။ ပုလိပ်ကိုလဲ မတိုင်ပါဘူး။ ကဲ… ပိုက်ဆံ ဘယ်လောက်လဲပြော"

"ကျုပ်…ပိုက်ဆံမလိုဘူး"

"ဒါဖြင့် ဘာကိုလိုချင်တာလဲ"

"အမိကို"

"ဘာရှင့်"

လှမြသွေး ထိုသူ့နား၊ နားသို့ကပ်၍ အော်ပစ်လိုက်သည်။

ထိုသူကတော့ ခပ်တည်တည်ပင် ကားကိုလမ်းမကြီးအတိုင်း မောင်းနေရင်းမှ မြေနီလမ်းကြားကလေး တစ်ခုသို့ရုတ်ချည်းချိုးကွေ့ဝင်လိုက်သည်။

"ရှင်… ရှင်… ဘာသဘောလဲ"

လှမြသွေးက ပြောပြောဆိုဆိုပင် ကားစီယာတိုင်ကို လှမ်းဆွဲကာလှည့်လိုက်မိသည်။

ထိုသူကပြန်လှည့် ကိုယ်ကလှည့်ဖြင့် ကားမှာ မြေနီလမ်းကြမ်းတွင် ဟိုသည်ရမ်းသျှက်ရှိပေ၏။

"ဒီမှာ အမိလက်တွေ ငြိမ်ငြိမ်ထား နှစ်ယောက်စလုံး သေကုန်လိမ့်မယ်"

ထိုသူကပြောရင်းနှင့် လက်တစ်ဘက်ဖြင့် လှမြသွေး လက်နှစ်ဘက်ကို ဆုပ်ကိုင်လိုက်သည်။

"ဒီမှာအမိ ကျုပ်ရှင်းရှင်း ပြောပြမယ်။ အမိကို ပြန်ပေးဆွဲ



ရတာဟာ ပိုက်ဆံကြောင့် မဟုတ်ဘူး။ ပိုက်ဆံမလိုဘူး။ လိုတာက အမိကိုပဲလိုတာ။ ဒါမှ ခုတလော ရန်ကုန်တစ်ဝိုက်မှာ ကျားကိုက်လို့ သေရတဲ့အမှုနှစ်ခုကို ဖော်နိုင်မှာ။ ဒီအမှုတွေဟာ အမိနဲ့ ပတ်သက်နေတယ်"

"ဘာ"

ထိုသူ့အပြောကြောင့် လှမြသွေး နှလုံးသွေးတို့ ဒိန်းခနဲခုန်သွား၏။

အံ့ဩစွာဖြင့်လည်း ထိုသူ့မျက်နှာကို ငေးနေမိ၏။

"ကျားကိုက်လို့ သေရတဲ့အမှု"ဟုလည်း ရေရွတ်မြည်တမ်းမိသည်။

ထိုသူက သူမလက်နှစ်ဘက်ကို လွှတ်ပေးလိုက်၏။

"ဟုတ်တယ် ကျားကိုက်လို့ သေရတဲ့အမှုက အမိနဲ့ပတ်သက်နေတယ်။ ဘာကြောင့်လဲဆိုတော့ လူသတ်သမားရေးတဲ့စာဟာ အမိဆီမှာ ရှိနေတယ်။ ပြီးတော့ အမိနောက်ကို အမဲလိုက်သလို လိုက်နေတဲ့ ဟောဒီကားပိုင်ရှင်တွေဟာ ရန်ကုန်မြို့ရဲ့ ဒုစရိုက်အမှောင်လောကမှာ နာမည်ကြီးလှတဲ့ "မြွေပွေးကျားမောင်"ဂိုဏ်းဝင်တွေ ဖြစ်နေလို့ပဲ။ ဒါကြောင့် အမိကိုရှင်းပြဖို့ မအားဘူး။ ရုတ်တရင် ပေါ်လာတဲ့အကြံ နဲ့လုပ်ရတာမို့ ကျုပ်ပြန်ပေးဆွဲတာကို ခွင့်ပြုပါဗျာ"

ထိုသူက တည်တည်ငြိမ်ငြိမ်နှင့် ပြောပြပြီး၊ သစ်ပင်ဝါးပင်တို့အုပ်အုပ်ဆိုင်းဆိုင်းရှိနေသည့် ခြံတစ်ခု၏တံခါးဝကို ကားခေါင်းထိုးကား ဟွန်းတတီတီတီးနေလေ၏။

"ကျွန်မဆီမှာ လူသတ်သမားရေးတဲ့ စာရှိတယ်ဆိုတာ ရှင်ဘယ်လို သိလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့ဗျ။ မနက်က အက်စ်အက်စ်ရှုံးဝန်းနံ့ရဲပေါ်က လက်ရေးနဲ့ အမိလက်ပွေ့အိတ်က စာထုတ်ပြီး တိုက်ကြည့်နေတာ လူတိုင်းမြင်နိုင်တာပဲ။ ကျုပ်လဲမြင်တာပေါ့။ ပြီးတော့ ခင်ဗျားကို မြွေပွေးကျားမောင်ဂိုဏ်းက နှာကောက်ကုလားနဲ့ ဝက်ပုတ်တို့စောင့်ကြည့်နေတာကိုလဲ မြင်တယ်။ ပြီးတော့ အသားမဲ သူတော်ကြီးဆီကိုပြေးလိုက်သွားတာကိုလဲ မြင်တယ်။ ဒါကြောင့် အမိဟာ ဘုမသိ၊ ဘမသိနဲ့ ဒုက္ခရောက်တော့မယ်ဆိုတာကို ကြိုမြင်လို့ အမိကားထဲကို ဘယ်သူမှမမြင်အောင် ဝင်ပုန်းပြီး ဒုစရိုက်ကောင်တွေရဲ့ လက်ကလုပြီးပြန်ပေးဆွဲခဲ့တာပဲ"

ထိုသူက ရှည်လျားစွာ ရှင်းပြနေ၏။

"ဒါဖြင့် ရှင်က ဘာလဲ၊ စုံထောက်ဘက်ကပေါ့"

လှမြသွေး မေး၏။

ထိုသူဖြေအံ့ဆဲဆဲမှာပင် ခြံတွင်းမှ အသားညိုညို၊ ထောင်ထောင်မောင်းမောင်း လူတစ်ယောက် ပြေးလာပြီး ခြံတံခါးဖွင့်ပေးလိုက်သောကြောင့် စကားပြတ်သွား၏။ ထို့နောက် ခြံတွင်းသို့ ကားကိုမောင်းဝင်၍ ပိတောက်ပင်ကြီး တစ်ပင်အရိပ်တွင် ရပ်လိုက်သည်။

"ဘယ်လိုလဲ ကိုစိန်ဘန်းရယ် ဆိုင်းမဆင့်၊ ဘုံမဆင့်"

ဟု အသားညိုညိုလူက မျက်နှာထားချိုသာစွာ ပြောလေ၏။

ထိုလူမှာ အသားညိုသော်လည်း အသံချို၏။ မျက်လုံးကြည်လင်ကာ ယောက်ျားချောချောသူတစ်ဦး ဖြစ်သည်ဟု မိန်းမသား လှမြသွေး သတိထားလိုက်မိ၏။



"အေးဗျာ။ ဆိုင်းတွေ၊ ဗုံတွေလဲ မဆင့်အားတော့ဘူး။ အခု ကျုပ်က ဒီအမိကို ပြန်ပေးဆွဲ လာလို့ပါ"

ဟုဆိုကာ ကားတံခါးဖွင့်၍ ဆင်းလေသည်။

"အင်း...ကိုစိန်ဘန်း လှုပ်လိုက်ပုံကတော့ ကျုပ်...'ကျောက်သလင်းဒေဝီ'လို ဝတ္ထုကောင်း တစ်ပုဒ်ရဦးမယ် ထင်ပါရဲ့"

"သေချာတာပေါ့ဗျာ။ ကဲ... အမိဆင်းတော့လေ။ အေးအေးဆေးဆေး နားပါဦး။ ပြီးတော့မှ ကျုပ်ရဲ့ စာရေးဆရာကိုစောထက်က သူ့လက်ရာနံ့နက်စာ ကျွေးမှာပေါ့ဗျာ"

ထိုသူက သူမကိုဆင်းခိုင်းရင်း အသားညိုလူဘက်ဆီသို့ လှည့်ပြော၏။

ကိုစောထက်ဆိုသူ အသားညိုလူက ရယ်မောရင်း...

"ဟား...ဟား...ဟား စာရေးဆရာကြီး တစ်ကိုယ်တည်းလူပျိုကြီးမှာ ဘယ်လိုလုပ်ပြီး နံနက်စာလက်ရာ အဆင်သင့်ရှိပါ့မလဲ ကိုစိန်ဘန်းရာ။ ဒါပေမယ့် ကျွေးပါ့မယ်ဗျ။ အားမငယ်ပါနဲ့။ ကျုပ်မှာ သူရိယသတင်းစာက ရထားတဲ့ ဝတ္ထုခကလေး မျိုးမျိုးမျက်မျက်ရှိပါတယ်။ လမ်းဆုံက တရုတ်လောင်စိန်ရဲ့ လက်ရာကို ဝယ်ကျွေးပါ့မယ်ဗျာ"

ဟုဆိုလေရာ ကိုစိန်ဘန်းကပင်လျှင် ဟက်ဟက်ပက်ပက် ရယ်လေသဖြင့် လှမြသွေးမှာ ရင်ပူသက်သာရလေ၏။

သူမကားပေါ်က ဆင်းလိုက်သည်။

ခြံကလေးကို မျက်စိကစားကြည့်၏။

ခြံတွင်းမှာ သီးပင်စားပင် သစ်ရိပ်၊ ဝါးရိပ်ဖြင့် အေးမြနေ

www.burmeseclassic.com

www.burmeseclassic.com



သလို သုံးပင်နှစ်ခန်း ပျဉ်ထောင်သွပ်မိုးအိမ်မှာလည်း သပ်သပ်ရပ် ရပ်ဖြင့် နေချင်စဖွယ်ရှိသည်။

"ကိုင်း... နားကြဦးဗျာ။ ရေမိုးချိုးချင်ရင်လဲ ရေတွင်းရှိတယ်။ အဲ...ဒီက ညီမအတွက်တော့ မိန်းမဝတ် အပိုမရှိဘူးဗျ။ ယောကျ်ားဝတ် ရှပ်အင်္ကျီ၊ စပို့ရှပ်တို့ရှိတယ်။ နေပါဦး ကျုပ်စားစရာအရင် ပြေးဝယ်လိုက်ပါဦးမယ်"

ကိုစောထက်မှာ ပြောရင်းပင် အပြေးအလွှား အိမ်ပေါ်တက် သုံးဆင့်ချိုင့်တစ်ချိုင့်ဆွဲကာ ပြန်ဆင်း၍ သုတ်သုတ်ထွက်သွားတော့သည်။

"အမိ... အိမ်ပေါ်တက်ပါ။ လွတ်လွတ်လပ်လပ် စိတ်ချလက်ချ စိတ်အေးအေးထားနေပါ။ ကျုပ်မိတ်ဆွေ စာရေးဆရာက သဘောကောင်းတယ်ဗျ"

ကိုစိန်ဘန်းက လှမ်းပြော၏။

ပြောရင်းနှင့်လည်း အပေါ်အင်္ကျီကိုချွတ်လိုက်၏။ ပလာကျင်းသွားသည့် သူ့ခန္ဓာကိုယ်မှာ ကြွက်သားအဖုအထစ် အမြောင်းတွေက အသည်းယားစရာ ကောင်းလှ၏ဟု မိန်းမမျက်စိဖြင့် မြင်မိအောင်မြင်၏။

လှမြသွေးက အိမ်ရှေ့အုတ်လှေကားလေးပေါ်သို့ လှမ်းတက်ရင်း...

"ဒီမှာရှင့်.. ကျွန်မ မမေးတာကို ရှင်မဖြေသေးဘူးနော်"

ဟုပြောမိရာ...

"အော်... ဟုတ်ပါတယ်။ ကျုပ်စုံထောက်တစ်ယောက်ပါ။





ဒါပေမယ့် အစိုးရဘာက်က စုံထောက်တော့ မဟုတ်ဘူး။ အလွတ်စုံထောက်။ နာမည်ကော သိပြီးပလား။ စိန်ဘန်းတဲ့။ ဟိုးတုန်းကတော့ လောကနီတိစိန်ဘန်းလို့ ခေါ်ကြတယ်။ ကိုင်း... ဘာသိချင်သေးလဲ"

"ရှင်ဘာဖြစ်လို့ ကျွန်မကို ဖမ်းတာလဲ"

"ရော့... မဖမ်းရပါဘူးဗျာ။ ခဏလေး ပြန်ပေးဆွဲတာပါလို့ ပြောပြီးပါပကော။ ဒါကလဲ ဒီအမိအတွက်..."

"ကျွန်မ နာမည်အမိမဟုတ်ဘူးရှင်။ လှမြသွေး... လှမြသွေး"

"ဟုတ်ပါပြီ။ အဲဒီ လှမြသွေး"

စုံထောက်စိန်ဘန်း စကားမဆုံးမီမှာပင်...

"အဲဒီ လှမြသွေးမဟုတ်ဘူးရှင့်.. လှမြသွေးပါ"ဟု ခပ်ဆတ်ဆတ်ဝင်ပြောလိုက်သည်။

"ဟုတ်ပါပြီ မလှမြသွေးအတွက် အန္တရာယ်ရှိနေလို့ရယ်၊ ကျားအမှုကို..."

ဟုပြောမိရာ...

"နေပါဦး ရှင်က အလွတ်စုံထောက်ဆို။ အလွတ်စုံထောက်ဆိုတာ ကျွန်မ ကြားဘူးတာက အခကြေးငွေနဲ့ ငှားမှအမှုလိုက်တာ။ အခု ဒီကိစ္စ ရှင့်ကို ဘယ်သူငှားလို့လဲ"

လှမြသွေး ထိုသူ့စကားကို ကြားဖြတ်ပြောဖြစ်လိုက်၏။

"မှန်ပါတယ်။ ငှားတဲ့လူလဲရှိပါတယ်။ ဒါပေမယ့် ဘယ်သူ

www.burmeseclassic.com



ငှားတယ်ဆိုတာကိုတော့ ကျုပ်အနေနဲ့ ပြောပိုင်ခွင့် မရှိပေဘူး အမိ။ အမိမဟုတ်ဘူး... လှမြသွေး''

''ထားပါလေ။ ထားပါတော့။ အခုဒီမှာ ကျွန်မနေရမှာ ဘယ်လောက်ကြာမလဲ။ ကျွန်မရဲ့ လုံခြုံရေးကရော''

''ဘယ်လောက်ကြာမယ်ဆိုတာကိုတော့ တစ်ဘက်ရန်သူရဲ့လှုပ်ရှားမှုနဲ့ ဆိုင်တယ်ဗျ။ ဒီကအမိ... အဲ...မလှမြသွေးအတွက် လုံခြုံရေးကတော့ ကျုပ်ရှိပါတယ်''

''ဘာပြောတယ်ရှင့်''

''မလှမြသွေး လုံခြုံရေး... ကျုပ်ရှိတယ်လို့ပါ''

''ဖြစ်မလားရှင့်။ တစိမ်းယောကျ်ားရဲ့ ရှေ့မှာနေရတဲ့ မိန်းကလေး ဘယ်လိုလုံခြုံမလဲ''

''တော်...''

ဟု ကိုစိန်ဘန်းက ထရပ်ကာပြောရင်း မတ်မတ်ရပ်၍...

''အဲဒီလောက်တော့ ကျုပ်ရဲ့ဂုဏ်သိက္ခာကို မထိပါးပါနဲ့ဗျာ''

ဟုပြော၍ အိမ်အောက်သို့ ခြေလှမ်းညီညီဖြင့် ဆင်းသွားလေ၏။

လှမြသွေးမှာ ကျောခိုင်းဆင်းသွားသော ကိုစိန်ဘန်းကို ကြည့်ရင်း စိတ်ဆိုးမာန်ဆိုးပြောမိပြီးမှ မှားမှန်းသိနေလေ၏။

ယခုအချိန်က သူမဘဝအတွက် အရေးကြီးနေချိန်။ သေရေးရှင်ရေး ဖြစ်နေချိန်မှာ ကိုစိန်ဘန်းဆိုသူ စုံထောက်တစ်ယောက် လိုအပ်နေ၏။





ထိုသူ့အပေါ် ပူးပေါင်းဆောင်ရွက်ဖို့လည်း လို၏။ ထိုသို့ လုပ်သင့်ပါလျက် သူမ ကလန်ကဆန်လုပ်ခြင်းက မှားနေပြီ။

တွေးနေဆဲမှာပင် ချိုင့်နှင့် အင်ဖက်ထုပ်တွေကို ဆွဲလျက် ပြန်လာလေသော လူညိုချော ကိုစောထက်ကို တွေ့လိုက်ရပေတော့သည်။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၇ )

## ကျားနဲ့ဆင် လယ်ပြင်မှာ

ဖေဖေ၊ မေမေတို့အတွက် စုံထောက်နှင့် ပူးပေါင်းလိုက်ရသော်လည်း လှမြသွေး ရှင်လန်းတက်ကြွခြင်းမရှိ။

တစ်ခုက စုံထောက်စိန်ဘန်း ဆိုသူအပေါ် သံသယရှိနေခြင်းနှင့်နောက်တစ်ချက်က ဦးလေးမို၊ ကြီးကြီးဝင်း၊ မစောလေးတို့က သူမအား ပြန်လာနိုးနှင့် တမျှော်မျှော် စောင့်ကြိုနေမည်ကို တွေးမိနေ၍ဖြစ်သည်။

မှန်ပါသည်။ သူတို့တစ်တွေ စိတ်ပူနေကြပါလိမ့်မည်။

တစ်စုံတစ်ယောက်မှာ အဖော်မပါပါဘဲ ထွက်လာခဲ့သည့် လှမြသွေး အချိန်တန်ပြန်မလာခြင်းအပေါ် ပူပန်စိတ်၊ သောကစိတ်တို့ဖြင့် တစ်အိမ်လုံး ယောက်ယက်ခပ်နေကြပေလိမ့်မည်။



သူတို့တစ်တွေ အားအကိုးဆုံးသော သမြေဝတာရ ဆရာတော်ထံသွားကြမည်။ ဆရာတော်ထံ ဖြစ်ရပ်စုံလျှောက်ထားကြမည်။

ဆရာတော်၏မိန့်မှာချက်နှင့် လိုက်ရှာကြမည်။ နောက်ဆုံး ဂါတ်ကိုတိုင်ကြမည်။ အားလုံး အိပ်မပျော်၊ စားမဝင် ဖြစ်နေကြပေမည်။

ဖေဖေ၊ မေမေတို့ ပျောက်ဆုံးတုန်းကလည်း လှမြသွေး ဤသို့ဖြစ်ခဲ့ဖူး၏။ သူတို့လည်း လှမြသွေး ပျောက်ဆုံးသည်ဆိုတော့ သည်လိုပဲဖြစ်ကြမှာပေါ့။

သူတို့တစ်တွေ စိုးရိမ်မှု လျော့ပါးစေရန် မျှော်မှန်းချင်၏။ မည်သို့လုပ်ရပါ့...။

စုံထောက်စိန်ဘန်း ခေါ် လောကနိတိစိန်ဘန်းကလည်း လှမြသွေးကို နည်းနည်းမျှ အလွတ်မပေး။

"ဒီမှာ မလှမြသွေး။ ကျုပ် ခင်ဗျားကို အလှကြည့်ဖို့ ခေါ်ထားတာမဟုတ်ဘူး။ ပြန်ပေးဆွဲထားတာ။ ငြိမ်ငြိမ်ငြိမ် နေပါ"ဟု အမိန့်ပေးသလိုလို စကားမျိုးဆို၏။

သူမ လုံခြုံရေးအတွက် မစန်းမွှေး (ခေါ်)မိန်းမဖော်တစ်ယောက် ညနေစောင်းက ရောက်လာသည်။

မစန်းမွှေးက ကိုယ်လုံးခပ်သွယ်သွယ်၊ အသားဖြူဖြူဖြင့် သဘောကောင်း ရုပ်မျိုးဖြစ်၏။

အမှန်လည်း သဘောကောင်း၏။

သူမအတွက် မိန်းမဝတ်၊ အဝတ်အစားတွေပါလာ၏။ တိုင်း၍ချုပ်ထားဘိအလားရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်စိန်ဘန်းဆိုသူ၏ အကြံပင်ဖြစ်မည်။ လှမြသွေးအဖို့ စုံထောက်စိန်ဘန်းနှင့် သူတို့၏အဖော်များကို အကြွင်းမဲ့ ယုံကြည်၍မရ။

သံသယကသာ သူမဘက်မှာ အလေးသာ၏။

ကိုစိန်ဘန်းကအစ ကျန်သူတွေက အေးဆေးလှ၏။

သူမထံမှ သားရေပြားစာကို တောင်း၍ကြည့်ကြသည်။ သူမကိုသွေးနွေး မေးမြန်း၏။ လှမြသွေးကလည်း ဖေဖေ၊ မေမေပျောက်ဆုံးသွားသည်မှအစ၊ ဖေဖေ၊ မေမေကျန်ရစ်သည်ဟု ယုံကြည်ရသည့် ဒိုင်ယာရီအဆုံးပြောပြ၏။ ပေးဖတ်၏။

ထိုသောအခါ ကိုစိန်ဘန်းက ခေါင်းဆတ်ဆတ်ညိတ်ရင်း နားထောင်နေလေ၏။ နားထောင်နေရင်းမှ…

"မလှမြသွေး ကျုပ်ကိုယုံပါ။ စိတ်ချလက်ချ ဒီအိမ်မှာနေပါ။ ဒီအမှုက သိပ်မကြာလောက်ဘူး ထင်ပါတယ်"

ဟုဆိုလေ၏။

"ကျွန်မ အိမ်ကစိုးရိမ်နေတော့မယ်"

လှမြသွေး ခံစားချက်ကို ဖွင့်ဟပြောမိ၏။

"မစိုးရိမ်ပါနဲ့ မလှမြသွေး။ ကျုပ်တာဝန်ခံပါတယ်။ အဲ… မထူးပါဘူးဗျာ။ ကျုပ်ဖွင့်ပြောပါ့မယ်။ ဒီအမှုကို လိုက်ဖို့ ကျုပ်ကိုငှားတာက ဦးဖိုးမှီဆိုတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ"

"ရှင်"

လှမြသွေး အံ့သြသွားရ၏။





"ဟုတ်ပါတယ် မလှမြသွေး။ လွန်ခဲ့တဲ့တစ်ရက်၊ မလှမြသွေးတို့အိမ်မှာ ညကြီးမင်းကြီး ကျားလိုလို၊ လူလိုလိုကြီးက စာလာပေးကတည်းက သပြေတောရဆရာတော် ဦးဇာဂရ ကိုယ်တိုင် အင်းစိန် စီအိုင်ဒီက စုံထောက်ကျော် ဆားပုလင်းသက်ပြင်းဆီကို ဆက်ပြီးပြောခဲ့တယ်။ ဆားပုလင်းသက်ပြင်းက ဆရာတော် ဦးဇာဂရနဲ့ဆရာတပည့် ဖြစ်နေတာကိုး။ ဆားပုလင်း သက်ပြင်းဟာ အင်းစိန် စီအိုင်ဒီရဲ့ဝန်ထမ်းဖြစ်တယ်။ ဥပဒေအရ ရာဇဝတ်မှုတွေကို ကာကွယ်တားဆီးရမှာ မှန်တယ်။ ဒါပေမယ့် လူတစ်ဦးတစ်ယောက်ရဲ့ ပုဂ္ဂလိက ကာကွယ်မှုကိုတော့ လုပ်လို့မရဘူး။ ဒါကြောင့် အလွတ်စုံထောက်ဖြစ်တဲ့ ကျုပ်ကိုငှားလိုက်တာ။ ကျုပ်နဲ့ဆားပုလင်း သက်ပြင်းကလဲ မိတ်ဆွေတွေမို့ ဒီအမှုကို လက်ခံခဲ့ပြီး။ ဦးဖိုးမှီနဲ့တွေ့ခဲ့တယ်။ အဖြစ်အပျက်အလုံးစုံကို မေးမြန်းသိခဲ့ပြီး၊ မလှမြသွေးနဲ့ ထက်ကြပ်မကွာရှိနေခဲ့တာ"

စုံထောက်စိန်ဘန်းက ရှည်လျားစွာ ရှင်းပြ၏။

လှမြသွေး ရင်မှာတော့ ဦးလေးဖိုးမှီဆိုသည်နှင့် သံသယတို့တစ်ဝက်လျော့နေသော်လည်း အကြွင်းမဲ့တော့ မယုံနိုင်။

သူ့ကို မိန်းမသားမျက်စိဖြင့် ကြည့်လိုက်လျှင် တော်တော်ကို မကျေနပ်စရာကောင်းလှ၏။

လူပုံကိုက လူကြီးလူကောင်းစတိုင် ခပ်တည်တည်။

လှမြသွေး မိန်းမသားပေမယ့် မိန်းမသားဟု မညာတတ်။ မာန်လား၊ ဟောက်လား လုပ်၏။ တစ်ခါမှ မိန်းမသားအကြိုက် နူးညံ့ပျော့ပျောင်းမရှိ။ သို့ကြောင့်လည်း လှမြသွေး မကျေနပ်။

မကျေနပ်သည်မှ တော်တော့်ကို မကျေနပ်။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လည်း ထိုသူနှင့် စကားပြောတိုင်း လှမြသွေး နှုတ်ခမ်းစူချင်စူ၊ မရူ လျှင်မဲ့ထားတတ်လေ၏။

စိတ်က ဤသို့အရွဲ့တိုက်နေသော်လည်း ရင်ထဲမှာတော့ အမှန်ပင် အားကိုးမိ၏။ ခပ်ထန်ထန်နေသော်လည်း တော်တော်ကို ယောကျ်ားပီသ၍ အားကိုးချင်စရာကောင်းလှ၏။

ညဘက် သုံးပင်အိမ်၏ အခန်းနှစ်ခန်းအနက် ဘယ်ဘက် ခန်းမှာ လှမြသွေးနှင့် မစန်းရွှေအိပ်ရ၏။

စုံထောက်စိန်ဘန်းနှင့် ကိုစောထက်တို့က အိမ်ရှေ့ဘုရား ခန်းတွင် အိပ်၏။

လှမြသွေး၏ မိန်းမဖော်ဖြစ်လေသော မစန်းရွှေမှာ အိပ်ယာ ပေါ်လှဲ၍ ခေါင်းအုံးနှင့် ခေါင်းထိသည် တစ်ပြိုင်နက် တခေါခေါ ဟောက်တော့သည်။

လှမြသွေးမှာကား အိပ်မပျော်။

သည်လိုညမျိုးမှာသာမဟုတ်။ ကိုယ့်အိမ်ကိုယ့်ယာ ကိုယ့် အိပ်ယာမှာပင် လှမြသွေး အိပ်မပျော်သည့် ညတွေများနေ၏။ ဆိုရ ပါလျှင် ဖေဖေနှင့် မေမေပျောက်ဆုံးသွားသည့် အချိန်ကစ၍ အိပ် မပျော်ခဲ့။

အိပ်ဆေးသောက်၍ အိပ်သည်ပင်လျှင် ခဏသာ၊ လန့်နိုး သည်နှင့် အတွေးစုံက ဝင်လာသည်။

ဖေဖေ၊ မေမေတို့ ဘယ်မှာလဲ...။

ဒေါက်တာမာတင်ကင်း...ရော...။

ခဏပြန်အိပ်ပျော် ပြန်လျှင် ခြောက်အိပ်မက်တွေ မက်၏။



ဆိုးဆိုးရွားရွား အိပ်မက်တွေကြား လှမြသွေးတစ်ယောက် အော်ဟစ် လန့်နိုးရသည်သာ ဖြစ်လေ၏။

ခုတော့ ပိုဆိုးလာ၏။

သူမထံသို့ စာလာပို့လေသော ကျားလိုလို၊ လူလိုလို သတ္တဝါ။

ထိုသူထံမှ သားရေပြားနှင့် ရေးထားလေသောစာ...။

ကျားအကြောင်းပြော၍ ကျားကြောက်လေသော သူတော် ကြီး...။

မာတင်ကင်း၏ အက်စ်အက်စ်ရုံးခန်း နံရံမှစာ...။

ကျားကိုက်၍ သေလေသော မာတင်ကင်း၏ရုံးစောင့် ကုလားရာဂျာ ...။

လှမြသွေးကို မြင်သည်နှင့်ထွက်ပြေးလေသော သူတော် ကြီး...။

သူမနောက်သို့ လိုက်လာသည့်လူနှစ်ယောက်။

သူမကားတွင်း၌ ပုန်းခိုလိုက်လာသော စုံထောက်စိန်ဘန်း။

ထိုစုံထောက်ကိုမှ ငှားလေသည့် ဦးလေးမို...။

နောက် လူညိုချော စာရေးဆရာ ကိုစောထက်။

ဘာတွေလဲ၊ ဘာတွေဖြစ်နေတာလဲ။

တွေး၍မရ၊ မေး၍မရ၊ စဉ်းစားမရ၊ ကျဉ်းကျပ်လှပေသည်။ ကျဉ်းကျပ်တင်းကျပ်နေ၏။ မဟုတ်ဘူး... မဟုတ်ဘူး။ ဒါတွေဟာ ဖေဖေ၊ မေမေ ပျောက်ဆုံးသူတွေအတွက်ပဲ။ ဟုတ်တယ်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



အတွက်...။ ဒါပေမယ့် ကျားတွေဟာ လူယောင်ဆောင်တတ်သလား။

လူတွေကရော ကျားယောင်ဆောင်နိုင်သလား။

"အဖေ... ဖေဖေ... ဖေဖေ"

လှမြသွေး အတွေးဖြင့် အော်လိုက်မိသည်။ အသံထွက်သွား၏။ လှဲနေရာ ရုတ်ခနဲ ထထိုင်ဖြစ်သည်။

မစန်းဌေးက မနိုး။

တံခါးကို ပြင်းစွာထုနေသဖြင့် လှမြသွေး ကိုယ်တိုင်ထ၍ တံခါးဖွင့်လိုက်သည်။

တံခါးဝမှာ ရပ်နေသူက ကိုစိန်ဘန်း ဖြစ်လေသည်။

အိပ်ယာမှ ထလာသူ လှမြသွေးမှာ ဖရိုဖရဲ...၊ မလုံမလဲမို့ သူမကိုယ် သူမပြင်ဆင်ဆွဲဆန့် နေနေရ၏။

"ဘာဖြစ်တာလဲ"

ကိုစိန်ဘန်းက မေးကာသူမကို စူးစိုက်ကြည့်နေသဖြင့် သူမ တုန်လှုပ်စွာ...

"မဟုတ်ဘူး။ ဘာမှ မဟုတ်ဘူး။ ယောင်တာပါ"

ဟုပြောကာ တံခါးကိုပိတ်လိုက်လေ၏။

ကိုစိန်ဘန်း သက်မချကာ လှည့်ထွက်သွားသည့် ခြေသံကို သူမကြားနေရ၏။ ရေတစ်ခွက် သူမသောက်၏။ အိပ်ယာမှာ ပြန်လှဲ၏။ သို့တိုင်အောင် မစန်းဌေးက မနိုး...။





လှမြသွေး အိပ်ယာမှာပြန်လှဲသည့်တိုင် အိပ်မရ။ စောစောက အတွေးစတို့ပင်လျှင် ပြန်၍ဝင်၏။

အရာရာမှာ ဓာတ်ရှင်ကားကဲ့သို့ပင် မျက်စိတွင် မြင်နေရဆဲ။

အိမ်ခေါင်မိုးပေါ်သို့ မိုးပေါက်ကျသံတွေ ကြားလာရ၏။ သွပ်ခေါင်မိုးမို့ ပို၍ကျယ်လောင်သည်။

မိုးရွာနေ၏။ သဲသဲမဲမဲတော့မဟုတ်။ ဖျောက်ဖျောက်၊ ပေါက်ပေါက်နှင့် ပျင်းရိပျင်းတွဲ ရွာသည့်မိုး...။

စည်းချက်မညီသည့် မိုးသံတို့ကို နားထောင်ရင်း လှမြသွေး တွေးမိပြန်၏။

ခုချိန်ဆို ကြီးကြီးဝင်းနှင့် မစောလေးတို့ အိပ်ကြဦးမည်မဟုတ်။

ဦးလေးမိုကကော သည်လိုပင်ရှိချိမ့်မည်။ သူတို့သည် လုလေး(ခေါ်)အလု(ခေါ်) လှမြသွေးအတွက် စိုးရိမ်နေပေလိမ့်မည်။ သူမကိုယ်တိုင်လည်း အိပ်မပျော်ပါပဲ စိုးရိမ်နေ၏။

ရှေ့တွင် ဘာဖြစ်လာမလဲ တွေးကြည့်ရင်း မိုးလင်းလေတော့မလား။ အခန်းဖော် မစန်းဌေးကတော့ ဟောက်သံမှန်မှန်ပြုလျက်...။

စိတ်တွေ အရမ်းရှုပ်ထွေးလာ၏။

စိတ်ရှုပ်ထွေးသည့် ကြားမှ ဟောက်သံတွေ ကြားနေရ၏။

မစန်းဌေးထံမှလား...။



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်စိန်ဘန်းဆိုမှလား…။

စာရေးဆရာ ဓောထက်ဆီကလား…။

လှမြသွေး နားထောင်ရင်း၊ နားထောင်ရင်းဖြင့် ဟောက်သံတို့မှာ အိပ်စက်နေသူတို့၏ အသက်ပြင်းစွာရှူခြင်းမဟုတ်ကြောင်း သိလာရသည်။

ဟောက်သံမှာ ရိုးရိုးမဟုတ်။

လူတစ်ဦးတစ်ယောက်၏ အိပ်နေစဉ် ဟောက်သံမဟုတ်။ အသက်ပြင်းစွာရှူသံ မဟုတ်။

တိရစ္ဆာန်တစ်ကောင်၏ အသံအစ်အစ်မျိုး။

ဟုတ်၏။ ထိုအသံမျိုးအား သူမကြားလာရ၏။

အသံမှာ နှုတ်ဖျားမှလာသည့်အသံမဟုတ်။ ဝမ်းခေါင်းတွင်းမှထိုးထွက်လာသော အသံအက်အက် ဆိုရပါလျှင် ကျားတစ်ကောင်၏ဟိန်းသံသဲ့သဲ့…။

လှမြသွေး အိပ်ယာမှ ဝေါက်ခနဲ ထလိုက်သည်။

အခန်းတံခါးကို ဖွင့်ကာခြေသံဖွဖွဖြင့် အပြင်သို့ထွက်လာခဲ့သည်။ အပြင်ခန်းတွင် အိပ်နေကြသူကိုလည်း မတွေ့ရ။

လှမြသွေး ဝရန်တာဆီသို့ ဖြတ်အထွက်…။

"ဒိုင်း"

ဟု မြည်ဟိန်းလှသည့် သေနတ်သံကို ကြားလိုက်ရသဖြင့် ခြေလှမ်းတုန့်သွားမိသည်။





တိတ်ဆိတ်သော ညဉ့်ယံမှာ သေနတ်သံက ကျယ်လောင်လှသည်။

သေနတ်သံကြောင့် သစ်ပင်တွေထက်မှ ညဉ့်ငှက်တို့ လန့်ဖျတ်ပျံသန်းအော်သံ ကြားနေရဆဲ…။

နောက်တစ်ချက်သော သေနတ်သံကို ကြားရပြန်သည်။

လှမြသွေး ရင်တုန်စွာရှိနေစဉ် ဝေါင်းခနဲသော တိရစ္ဆာန်၏ အသံဆိုးကြီး ကြားရပြီးနောက်။ လူတစ်ယောက်၏ ထိတ်ခိုက်ခိုက်နာကျင်စွာ အော်ဟစ်သံကြီးက ထွက်ပေါ်လာလေ၏။ ထို့နောက်တော့ ထိုတိရစ္ဆာန်ကောင်၏ အသံအက်အက်…။

ထိုအသံကို သူမ ကြားဖူး၏။

မိုးသည်းညက သူမ၏အိမ်သို့ သားရေပြားစာလာပို့လေသော လူလိုလို၊ ကျားလိုလို၏အသံ။

သေချာသည်၊ လှမြသွေးမှတ်မိသည်။

သားရေပြားပေါ်မှာ…

*သမီး…*

*ဖေဖေ မသေပါ။*

*ဒါပေမယ့် ဘဝခြားနေပြီ။*

*ဆက်သွယ်ဖို့ ခက်နေတယ်။*

*ဖေဖေ*

ဟူသော စာလာပေးသူ၏ အသံဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံအား သူမ အသေမှတ်မိ၏။ ဦးနှောက်မှာ မှတ်မိသလို ရင်ဘတ်မှာလည်း မှတ်မိနေ၏။

ထိုအသံကြောင့် သူမ ပြေးထွက်သွားသည်။

သို့သော် ပြေး၍မရ။

သူမ လက်အား တစ်စုံတစ်ယောက်က ဆွဲလိုက်သည်။ လှမ်းလက်စ ခြေလှမ်း တုန့်ခနဲဖြစ်သွားကာ အထိတ်တလန့်ဖြင့် ကြည့်လိုက်တော့ စုံထောက်စိန်ဘန်း ဖြစ်နေလေသည်။

သည်လူက သူမ၏လက်မောင်းအိုးအား ပိုင်ပိုင်နိုင်နိုင်ကြီး ဆွဲကိုင်ထားလေ၏။

"အပြင်မှာ တစ်ခုခု ဖြစ်နေတယ်။ အသံတွေကြားရတယ်"

သူမ စိတ်လှုပ်ရှားစွာ ပြောမိ၏။

"ကျုပ် သိတယ်"

ကိုစိန်ဘန်းက ခပ်အေးအေးဆိုသည်။

"ကျွန်မ ထွက်ကြည့်ချင်တယ်။ အဲဒီအသံ ကြားလား။ အဲဒီအသံကို ကျွန်မ သိနေတယ်"

သူမ ပြောရင်း ကိုစိန်ဘန်း၏ လက်မှရုန်းနေ၏။

သို့သော် ရုန်း၍ဖယ်၍မရ။ ကိုစိန်ဘန်း၏ လက်ကပြုပ်တူ နှယ်ခိုင်မြဲလှပေသည်။

"ရှင် လွှတ်လေ"

"ကျုပ်ကို တစ်ခုခွင့်ပြုပါ။ မလှမြသွေး။ အဲဒါက... ကျုပ်



စကားကို တိတိကျကျ လိုက်နာဖို့ပါပဲ။ အပြင်မှာ တိုက်ပွဲတစ်ခု ဖြစ်နေတယ် မလှမြသွေး။ အဲဒါ မလှမြသွေးနဲ့ တိုက်ရိုက်သက်ဆိုင်နေတယ်။ ဒါပေမယ့် မလှမြသွေး ငြိမ်ငြိမ်လေးပဲနေပေးပါ"

ကိုစိန်ဘန်းပြောနေစဉ်မှာပင် သေနတ်သံ တစ်ချက်ထပ်မံ ထွက်ပေါ်လာပြီးနောက် ကားစက်နိုးသံ၊ ကားမောင်းထွက်သွားသံကို သူမကြားနေ၏။

မိုးက ပျင်းရိပျင်းတွဲ ရွာနေရာမှ ရပ်သွားသည်။ ထိုသော အခါမှပင် တိရစ္ဆာန်တစ်ကောင်၏ ခပ်အဲ့အဲ့ အသံကပို၍ ကျယ်လောင်လာလေသည်။ ထိုအသံ... ထိုအသံကို လှမြသွေး ခံစား၍မရ။

သူမ စုံထောက်စိန်ဘန်း၏ လက်မှလွတ်ရန် ကြိုးစားရုန်းကန်နေဆဲမှာပင် အိမ်ခြံကလေး၏ ပတ်လည်မှ မီးမောင်း၏ စူးရှသောအလင်းတန်းတို့ ရုတ်တရက် ပေါ်ထွက်သွား၏။

ခြံတံခါးဝ၊ ခြံစည်းရိုး၊ လမ်းသွယ်၊ ခြံရှေ့ရှိလမ်းကြား၊ ချုံများ၊ သစ်ပင်များကို ထင်ထင်ရှားရှား မြင်နေရသည်။

မီးလင်းသွားသည်နှင့်ပင် တိရစ္ဆာန်ကောင်၏ ခပ်အဲ့အဲ့၊ အစ်အစ်အသံက ရုတ်ချည်းပင် ပျောက်ကွယ်သွား၏။

ပြီးနောက် မစန်းရွှေ အိမ်နောက်မှ ထွက်လာလေ၏။

"ကျေးဇူးပါပဲ မစန်းရွှေ။ နေ့လည်က မီးမောင်းတွေဆင်ဖို့အကြံပြုတုန်းက ကျုပ်သိပ်ပြီး စိတ်မဝင်စားခဲ့ပါဘူး။ မစန်းရွှေရဲ့ စိတ်ကူးဟာ အလကားပါပဲလို့ ထင်ခဲ့မိတယ်။ ခုတော့ မီးရောင်ကြောင့် ဒီကောင် ပြေးသွားပြီမျို့"

ကိုစိန်ဘန်းက မစန်းရွှေသို့ လှမ်းပြောရင်း လှမြသွေး လက်ကိုလွှတ်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ကြီးဖြင့် ကြမ်းကြမ်းရမ်းရမ်း ဆုပ်ကိုင်ထားခဲ့ရသဖြင့် လှမြသွေး လက်မောင်းနာသွား၏။

လက်မောင်းကိုပွတ်ရင်း ကိုစိန်ဘန်းကို စိတ်တိုစွာ ကြည့်လိုက်သည်။ ကိုစိန်ဘန်းကတော့ သူဘာမှမလုပ်ခဲ့သလိုပင် ကြည့်ကြည်လင်လင် မျက်နှာဖြင့်…

"ဒီစိတ်ကူးကို ဘယ်လိုရခဲ့တာလဲ မစန်းရွှေ"

ဟု မစန်းရွှေအား မေးနေလေသည်။

"ကျွန်မ အဖေက သစ်တောဘက်မှာ သစ်တောခေါင်းအဖြစ် အချိန်အကြာကြီး တာဝန်ထမ်းခဲ့ဖူးတယ်ရှင့်။ တောလိုက်မုဆိုးတော်တော်များများနဲ့လဲ မိတ်ဆွေဖြစ်ခဲ့ဖူးတယ်။ သူတို့ရဲ့စကားဝိုင်းတွေမှာ ကျွန်မအမြဲတမ်း ကြားနေရတာကတော့ တောလည်ထွက်လို့ တောနက်မှာ စခန်းချရင်း တောကောင်တွေ မကပ်ရဲအောင် မီးလင်းဖိုအမြဲ ဖိုရတယ်တဲ့။ နားရည်ဝနေတဲ့ အဲဒီစကားကြောင့် စိတ်ကူးပေါ်တာပါ"

မစန်းရွှေက ရှင်းပြ၏။

"ကျေးဇူး မစန်းရွှေ ကျေးဇူး…။ အခု ည(၃)နာရီရှိပြီ။ မီးတွေကို မိုးလင်းအထိသာ ထိုးထားလိုက်ပါ။ နို့မို့ရင် အမှောင်နဲ့အတူ ဒီကောင်ပြန်လာနိုင်တယ်"

"ဟုတ်ကဲ့ရှင့်"

"ကျုပ်တို့ ဂရုစိုက်ရတော့မယ်။ ကျားနှစ်ကောင်ဟာ ကျုပ်တို့နောက်ကို သဲကြီးမဲကြီးလိုက်နေပြီ။ အထူးသဖြင့် မစန်းရွှေကဟောဒီက မလှမြသွေးကို အနီးကပ် ဂရုစိုက်ပါဗျာ"





ကိုစိန်ဘန်းက ထပ်ပြော၏။

သူ့ပုံစံက ဆရာကြီးလုပ်လွန်းလှသည်။

"မလှမြသွေး အိပ်မယ်ဆိုရင်လဲ စိတ်ချလက်ချ အိပ်ပါ။ မအိပ်ချင်ရင်တော့ ကိုစောထက်ရဲ့ လက်ရာကော်ဖီ ပူပူလေးသောက်ကြတာပေါ့။ ကိုစောထက်ရေ… ရပြီလားဗျ"

သူမအားပြောရင်း နောက်ခန်းဘက်သို့ လှမ်း၍ဆိုလိုက်သေးသည်။

နောက်ခန်းဆီမှ ကိုစောထက်၏ လှုပ်ရှားသံကို ကြားနေရ၏။

လှမြသွေးကတော့ သူ့ပုံစံကိုကြည့်ရင်း နှုတ်ခမ်းတွန့်လိုက်မိ၏။

ဦးလေးမှိုက ငှားထားသည်ဆို၍ ထိုလူပါဝင် ပတ်သက်သော်လည်း သူမအပေါ် ပြုမူပုံတွေက အမိန့်တွေဖြင့် ထိန်းချုပ်သိမ်းထုတ်နေသလို ခံစားရသည်။

ဖေဖေ၊ မေမေတို့ကို တွေ့ချင်၍သာ သည်းခံနေရ၏။ သို့မဟုတ်လျှင်တော့ သည်လူအား ကောင်းကောင်းရန်တွေ့ ပစ်လိုက်ချင်၏ဟု စိတ်မှာတွေးနေဆဲ… နောက်ခန်းမှ ကိုစောထက် ထွက်လာ၏။ သင်းပျံ့သော ကော်ဖီရနံ့ကလေးလည်း ရလာလေသည်။

ကော်ဖီသောက်ကြရင်း သူတို့သုံးယောက်က ကျားတို့၏ အလေ့အထများ၊ အကျင့်များကို ပြောဆိုနေကြသည်။

ခဏကြာတော့ စကားဝိုင်းသိမ်းကာ အိပ်ယာဝင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မစန်းရွှေနှင့်အတူ အခန်းတွင်းသို့ ရောက်သွား၏။ အိပ်ယာမှာလှဲနေ၏။ မစန်းရွှေကတော့ ထုံးစံအတိုင်းပင် ခေါင်းနှင့်ခေါင်း အုံးထိသည်နှင့် ဟောက်သံပေးတော့သည်။

လှမြသွေးကား အိပ်၍မပျော်။ အတွေးမျိုးစုံဖိစီးကာ လေးလေးလံလံကြီး ရှိနေသည်။

သည်တော့ သမြေတောရ ဆရာတော်ဦးဇာဂရ ဟောပြ သွန်သင်သည့်အတိုင်း လှဲနေရင်းနှင့်ပင် ဝင်သက်၊ ထွက်သက်ကို ရှု၏။ ရှုသမျှလေကို နှာသီးဖျားထား၏။ နားအာရုံမှ ကြားသမျှ အကြားမှတ်သော ဒိဋ္ဌေဒိဋ္ဌမတ္တံနည်း...။

သို့သော် မရ။ လှမြသွေး၏ စိတ်တွေပြန့်လွင့်လွန်းလှသည်။ ဘာအာရုံကိုမှ စုစည်းချုပ်နှောင်၍မရ။

ဤသို့ဖြင့် အိပ်ယာတွင် လူးလူးလွန့်လွန့် ကွေးကွေးလိမ်လိမ်နှင့်ပင် ငါးနာရီသံချောင်းခေါက်သံကို ကြားလာရ၏။

ခပ်ဝေးဝေးသော အရပ်ဆီမှ ခွေးဟောင်သံ စူးစူး။ ပြီးတော့ ကြက်တွန်သံသဲ့သဲ့...။

မိုးလင်းတော့မည်ဟု တွေးနေစဉ်မှာပင် မစန်းရွှေ နိုးလာကာ အပြင်သို့ထွက်သွား၏။ အပြင်တွင် စကားသံတို့ ကြားနေရပြန်သည်။

ခဏနေတော့ မစန်းရွှေ ပြန်ဝင်လာ၏။

လှမြသွေး လှဲနေရာ ထလိုက်သည်။

"ခြံရှေ့မှာ လူတစ်ယောက် သေနေတယ်"

မစန်းရွှေထံမှ ထိတ်လန့်ဖွယ်စကား...





"ဘယ်သူ သေတာလဲဟင်"

သူမ အထိတ်တလန့် မေးမိ၏။

"သေတဲ့လူက 'ဆင်ကြီး'ဆိုတဲ့ လူမိုက်တစ်ယောက်ပဲ။ ကျားရာဇာဂိုဏ်းက နာမည်ကြီး လူမိုက်တစ်ယောက်။ ဟောဒီ ကြို့ကုန်းနဲ့ အင်းစိန်တစ်ဝိုက်မှာတော့ ဘယ်သူမှ မလှန်ရဲတဲ့ လူမိုက်ကြီးပေါ့။ အဲဒီ လူမိုက်ကြီး အခု ကျားကုတ်လို့သေပြီ"

"ရှင်... ကျားကုတ်တယ်။ ဟုတ်လား"

"ဟုတ်တယ်။ ကျားကုတ်သွားတာ။ စောစောကပဲ ကိုစိန်ဘန်းတို့ဆီက ပုလိပ်ဘက်က ဆက်သွယ်ကြတယ်။ ပုလိပ်တွေ လာကြလိမ့်မယ်"

မစန်းရွှေက ရှင်းပြ၏။

"နေပါဦး ရှင်... ညလည်လောက်တည်းက သေနတ်သံတွေကြားနေရက်နဲ့ ပုလိပ်ကချက်ချင်း ဘာဖြစ်လို့ရောက်မလာကြတာလဲ။

လှမြသွေး မေးမိသည်။

"ပုလိပ်အဖွဲ့ဆိုတာကလည်း ခက်သားလား မလှမြသွေးရာ။ အင်္ဂလိပ်အစိုးရက မြန်မာပြည်ပုလိပ်အဖွဲ့ကြီးကို စတင်ဖွဲ့ကတည်းက မြန်မာလူမျိုးတွေ အေးအေးချမ်းချမ်း နေရအောင် ဒုစရိုက်မှုတွေ ကင်းအောင် ကာကွယ်ဖို့ဖွဲ့ခဲ့တာ မဟုတ်ဘဲ။ သူတို့ဗြိတိသျှလူမျိုးတွေရဲ့ အစိုးရအုပ်ချုပ်ရေး ယန္တရားကြီးကို ဘယ်သူမှမနှောင့်ယှက်နိုင်အောင် ကာကွယ်တားဆီးဖို့ ဖွဲ့ခဲ့တာလေ။ အိန္ဒိယပြည်ကလာလုပ်လက်မဲ့ ကုလားအချို့နဲ့ မြန်မာနိုင်ငံက ခပ်ညံ့ညံ့ လူချင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



မဝဒရုစာလစာလေးပေးပြီး၊ သေနတ်တစ်ကားကား၊ နံပါတ်တုတ် တရမ်းရမ်းနဲ့ မြန်မာပြည်သူလူထုကို အနိုင်ကျင့်ကြဆိုပြီး ရမ်းကား ခွင့်လိုင်စင်ပေးလိုက်တာပဲ။ ဒီတော့ ပုလိပ်တွေဟာ ဒုစရိုက်သမား တွေနဲ့ပေါင်း၊ ဒုစရိုက်သမားတွေ ပေးသမျှစား၊ ရိုးရိုးသားသား လူထု ကိုတော့ ဥပဒေပုဒ်ထိုး၊ ပုဒ်မမျိုးစုံပြပြီး အနိုင်ကျင့် စော်ကားနေခဲ့ တာကြာပြီပဲရှင်”

ဟု မစန်းဌွေးက ရှင်းပြ၏။

လှမြသွေးမှာ မစန်းဌွေး၏စကားကြောင့် အားငယ်သွားမိ သည်။ အားငယ်ခြင်းနှင့်အတူ ပူပန်စိတ်တို့လည်း ဖြစ်ပေါ်လာ၏။

စနစ်တကျ ဖွဲ့စည်းထားလေသော ပုလိပ်အဖွဲ့ပင်လျှင် ယခု ကဲ့သို့ တရားဥပဒေနည်းဖြင့် အားမကိုးရပါလျှင် အလွတ်စုံထောက် ကိုစိန်ဘန်းဆိုသူအား သူမ မည်ကဲ့သို့ ယုံကြည်ရမည်နည်း။

ခုပင်လျှင် သူမမှာ ကိုစိန်ဘန်း၏လက်တွင်းမှာ အကျဉ်း သားဖြစ်၍နေရပြီ။ ညကပင်လျှင် စုံထောက်ကိုစိန်ဘန်းရှိလျက်နှင့် ခြံရှေ့တွင် သေနတ်သံတွေနှင့် တိုက်ပွဲဖြစ်ခဲ့၏။ လူမိုက်တစ်ယောက် သေသွားသည်ဆို၏။

ဦးလေးမိုကျော ဘာကြောင့်များ ဒီလူကိုငှားပါလိမ့်။ ငှား သည်ဆိုခြင်းကကော တကယ်ဟုတ်ရဲ့လား။ လှမြသွေး၏ စိတ်မှာ ပူပန်ခြင်းနှင့်အတူ ဆူပွက်လာ၏။

နားထဲမှာ ခေါင်းမာစီစီမြည်လာ၏။

ပျောက်ဆုံးနေသော ဖေဖေနှင့် မေမေ…။





နောက် သားရေပြားစာလာပို့သော ကျားလိုလူ…။

အက်စ်အက်စ်ရုံးခန်းမှ ကျားကုတ်၍သေသွားသည့် ရာဂျူး။

ထွက်ပြေးသွားသောသူတော်ကြီး။

သူမအား နောက်ယောင်ခံလိုက်နေသည့် စဒ္ဒဒီဘောကာက နာခေါင်းချွန်ချွန်ကုလားနှင့် ဝက်လိုလူ…။

ပြီးနံ့ရုံပေါ်မှ ကျား၏လက်ရေး၊ ပြန်ပေးဆွဲသော စုံထောက် စိန်ဘန်း၊ စာရေးဆရာဆိုသော ကိုစောထက်။ ပြီးတော့ မစန်းဌွေး။ ဘာတွေလဲ… ဘာဖြစ်ကြတာလဲ။

တွေးရင်း လှမြသွေး ခေါင်းတွေ မူးလာ၏။ မျက်စိတွေ ပြာလာ၏။ သူမ ဘယ်လိုမှ ဟန်ဆောင်၍မရ လဲကျသွားလုလုမှာပင် မစန်းဌွေးက ဖေးမထူလိုက်၏။ မစန်းဌွေး၏ ရင်ခွင်သို့ ရောက်သွား ၏။ မျက်စိကို မှိတ်ကာငြိမ်နေမိသည်။

သို့တိုင်အောင်ပင် သူမမျက်လုံးမှာ ကျားတွေကိုမြင်နေရ သည်။ ကျားမှရိုးရိုးလေးဘက်ထောက်သွားသော ကျားမဟုတ်။ လူ ကဲ့သို့ မတ်မတ်ရပ်နေသော ကျားတွေ…။

“မလှမြသွေး အိပ်ရေးပျက်ပြီး အားနည်းနေတယ်။ ဒီအော် ဒီကလုံး ရှူဆေးလေး ရှူပြီး ခဏနားပါလား”

မစန်းဌွေးက အိပ်ယာထက်သို့ သူမကိုရွှေ့ပေး၏။ နှာဝမှာ ရှူဆေးနံ့ရလာသည်။ သူမ အသက်ကို ဖြည်းလေးစွာရှူနေမိ၏။

ထိုစဉ်မှာပင် မစန်းဌွေးက သူမကို အားပေးစကားပြောသံ ကြားလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုမှ မကြောက်ပါနဲ့ မလှမြသွေး။ ကျွန်မတို့ရှိပါတယ်။ ညက ကျားနဲ့ဆင် လယ်ပြင်မှာတွေ့တာ။ ဆင်သေသွားပါပြီ။ ကျွန်မတို့ ကျားကိုဖမ်းရုံပဲ ရှိပါတော့တယ်"

* * * * * * *



# အခန်း ( ၈ )

## ကျားဖမ်းမည့် သူတော်

လှမြသွေး အိပ်ယာမှ ရုတ်တရက်နိုးလာပြီး၊ နာရီကို လှမ်းကြည့်လိုက်၏။ နံနက်(၁၁)နာရီရှိနေလေပြီ။ အနီးက ခုတင်မှာ မစန်းငွေးက စာအုပ်တစ်အုပ် ဖတ်ရင်းရှိနေ၏။

"နိုးလာပလား မလှမြသွေး။ တော်တော်လေး နှစ်နှစ်ခြိုက်ခြိုက်အိပ်လိုက်တယ်။ ကောင်းတယ်။ အားရှိတာပေါ့။ လန်းဆန်းသွားအောင် ရေလေးချိုးလိုက်ပါ။ ပြီးတော့ ထမင်းစားကြတာပေါ့"

မစန်းငွေးက ပြုံး၍ပြော၏။

သူမ ခေါင်းညိတ်ပြလိုက်ပြီး ရေချိုးရန် ပြင်ဆင်၏။

မစန်းငွေးက သူမအတွက် အရာရာ အဆင်သင့်အောင်

www.burmeseclassic.com

www.burmeseclassic.com



အကူအညီ ပေး၏။ သွားတိုက်မျက်နှာသစ် ရေချိုးပြီး ဖြီးလိမ်းပြင်ဆင်ပြီးနောက် ထမင်းစားခန်းသို့အသွား အိမ်ရှေ့ခန်းမှ စကားပြောသံတွေကြားနေရ၏။

လူတစ်ဦး၏ ခပ်ကျယ်ကျယ်စကားသံကို သူမ ကြားလိုက်ရသဖြင့် ခြေလှမ်းတုန့်သွား၏။ အသံကျယ်ကျယ် စကားပြောလိုက်၊ ကွမ်းဖတ်ကို ဖွီးခနဲထွေးလိုက်။ ထိုအသံမျိုးကို သူမ ရင်းရင်းနှီးနှီး ကြားဖူးနေ၏။

သူမ ခြေလှမ်းရပ်လိုက်ပြီး ပိတ်စလိုက်ကာကလေးကို လှစ်ကာရှေ့ခန်းဆီသို့ ချောင်းကြည့်လိုက်မိသည်။ မြင်လိုက်ရသော မြင်ကွင်းကြောင့် သူ့ရင်မှာလှိုက်ခနဲ ဖြစ်သွားပြီး...

"သူတော်ကြီး... သူတော်ကြီး"

ဟု အသံထွက်သွားမိသည်။

ဟုတ်ပါသည်။ သူမမျက်စိ မြင်ကွင်းမှာ မြင်လိုက်ရသည်ကား ဦးခေါင်းပြောင်ပြောင်၊ ဆံပင်ဖြူဖွေးဖွေး၊ မဲသောမျက်နှာ၊ ပါးစပ်မှာကွမ်း တရစပ်ဝါးလျက် ပုပုဝဝ သူတော်ကြီးဖြစ်နေ၏။

"လာလေ... မလှမြသွေး၊ ရှေ့မှာ သူတော်ညီ့သည် ရောက်နေတယ်။ ကိုစိန်ဘန်းခေါ်လာတာ"

မစန်းမွှေးက လက်ကိုဆွဲရင်းပြော၏။

"သူတော်ကြီး ရောက်နေတယ်"

"ဟုတ်တယ် မလှမြသွေးနဲ့ သိလို့လား"

"သိတယ်... သိတယ်။ သူ့ကို တွေ့ချင်တယ်"



"ထမင်းစား ပါဦးလေ။ ပြီးတော့ တွေ့ကြတာပေါ့။ သူတော်ကြီးကလည်း တွေ့ချင်နေမှာပါ"

မစန်းမွှေးက ပြောရင်းနှင့်ပင် ထမင်းပွဲရှိရာသို့ ခေါ်လာခဲ့သည်။

လှမြသွေးမှာ ထမင်းကိုဝဲဖြောင့်အောင် မစားနိုင်။ သူတော်ကြီးကိုတွေ့လိုဇောကပ်နေလေသည်။

ထမင်းစားခန်းသို့ ကိုစိန်ဘန်းရောက်လာ၏။

"မလှမြသွေးကို ဧည့်သည်တစ်ယောက်နဲ့ တွေ့ပေးရဦးမယ်။ သူ့ကို မလှမြသွေး သိမှာပါ။ အက်စ်အက်စ်ရုံးခန်းအထွက်မှာ မလှမြသွေး အတင်းပြေးလိုက်ခေါ်တဲ့ သူလေ"

"သူတော်ကြီး မဟုတ်လား"

"ဟုတ်တယ်။ သူ့ကို အကူအညီတောင်းဖို့ ကျုပ်ခေါ်လာတယ်။ နောက်ပြီးတော့ စကားပြောကြပေါ့။ ကျုပ်နဲ့ကိုစောထက် အပြင်သွားဦးမယ်။ မစန်းမွှေး ဧည့်သည်တွေကို ဂရုစိုက်ပါ"

ကိုစိန်ဘန်းက ပြောပြောဆိုဆိုပင် ပြန်ထွက်သွား၏။

လှမြသွေး ထမင်းစားခြင်းကို အပြီးသတ်ကာ အိမ်ရှေ့ခန်းသို့ထွက်လာခဲ့၏။ ရှေ့ခန်းတွင် ကိုစိန်ဘန်းတို့မရှိတော့။ သူတော်ကြီးတစ်ယောက်သာလျှင် ကွမ်းအစ်ကြီး ရှေ့ချကာ ထိုင်နေ၏။

သူမရောက်လာသည်ကို မြင်သည်နှင့် သူတော်ကြီး မျက်နှာမည်းမည်းကြီးက ပြုံးသွားကာ...

"ကလေးမ... ကလေးမ၊ မင်းက ဖိုးမှီရဲ့တူမ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မှတ်မိစွာ ပြောလေ၏။

"ဟုတ်ပါတယ် သူတော်ကြီး"

လှမြသွေး သူတော်ကြီးရှေ့တွင် ဝင်ထိုင်ရင်း ဆို၏။

သူတော်ကြီးက ကွမ်းဖတ်စတွေကို ထွေးခံတွင်းသို့ ပွှီးခနဲ ထွေးလိုက်၍ ကွမ်းတစ်ရာထပ်ရာရင်း...

"အင်း... တွေ့ရတာ ဝမ်းသာရမလို၊ ဝမ်းနည်းရမလိုပါပဲ ကလေးမရယ်။ ဘာကြောင့်လဲဆိုတော့ ကျုပ်ဒီကိုရောက်လာတာဟာ ရောက်ချင်လို့ ရောက်လာတာမဟုတ်ဘဲ။ သားကောင်ကို မုဆိုးက ဖမ်းသလို အဖမ်းခံပြီး ရောက်လာခဲ့ရတာမို့"

ဟုဆိုကာ ကွမ်းယာကို ပါးစောင်သို့သွင်းလိုက်၏။

"ပြောပါဦး သူတော်ကြီးရယ်။ ဘယ်သူက ဖမ်းလာတာလဲ"

လှမြသွေး၏အမေးကို သူတော်ကြီးက ကွမ်းဝါးရင်းမှ...

"ပြောရမှာပေါ့ ကလေးမရာ။ ဘဝရဲ့သံသရာဆိုတာ ရှည်လျားတယ်ဆိုပေမယ့် ကျုပ်ဘဝ သံသရာကတော့ စက်ဝိုင်းကြီးလိုပဲဗျ။ ကလေးမသိတဲ့အတိုင်း ကျုပ်ဟာမုဆိုး၊ မုဆိုးတောင်မှရိုးရိုး မုဆိုးမဟုတ်ဘူး။ ကျားမုဆိုး။ ဒီဘဝကို ထိတ်လန့်စက်ဆုပ်လွန်းလို့ ကျားနဲ့ဝေးရာပြေးမယ်ဆိုပြီး၊ လူဝတ်ကြောင်ကိုစွန့်၊ သက်သတ်လွတ်ကိုစား၊ အဖြူရောင်ကိုဝတ်၊ သူတော်ဘဝနဲ့ ဘုရားကျောင်းကန် တွေမှာခိုမှီးနေမယ်ဆိုပြီး ထွက်လာလိုက်တာ ဘုန်းကြီးကျောင်းစုံခဲ့ ပြီ။ ဒါပေမယ့် ကျားနဲ့ကိုမကင်းနိုင်ဘူး ဖြစ်ခဲ့ရတယ်...။

"ကျားဟိန်းသံကြားရတဲ့ ကျောင်း၊ ကျားခြေရာတွေ့ရတဲ့ ကျောင်း၊ ကျားနံ့ရတဲ့ ကျောင်းတွေနဲ့တိုးပြီး ခဏခဏ ထွက်ပြေး ကျောင်းပြောင်းခဲ့ရတာ...။





"ကျုပ်ပဲခူးကကျောင်းမှာနေရင်း ကျားဟိန်းသံ ကြားရလို့ ဟောဒီရန်ကုန်မြို့တော်ကြီးက ကြို့ကုန်းသပြေတောရကျောင်းကို ရောက်လာခဲ့တာ။ တူမကြီးတို့ရဲ့ ကျောင်းပေါ့။ တစ်လတောင် မရှိသေးပါဘူးကွယ်။ ကျားနဲ့တန်းတိုးခဲ့ရတယ်။ ကျုပ်ကျားကို ကြောက်တာ ကလေးမသိပါတယ်နော်။ ဒါကြောင့် ကျုပ်ဗဟန်း ငါးထပ်ကြီးကျောင်းဘက်ကို ရွှေ့နေခဲ့တယ်...။

"ကျောင်းကပဥ္စင်းတွေကလည်း ကျုပ်ကိုကြည်ဖြူစွာပဲ ဇရပ် ကလေးတစ်ဆောင်မှာ နေရာထိုင်ခင်း ပေးလို့ပေါ့။ တစ်ညပဲ အိပ်ရ ပါသေးတယ်။ မနက်ခင်း ပဥ္စင်းတစ်ပါး နိုင်းလို့ ကင်းဘဲလ်လမ်း ဘက် ကျောင်းဒကာတစ်ယောက် အိမ်ကိုဆေးသွားပို့ရင်း လမ်းထိပ် ကုလားဖြူရုံးမှာ လူသတ်မှုဖြစ်တယ် ကြားရတော့ ကျုပ်လဲစပ်စပ်စုစု ရှိတာနဲ့ သွားကြည့်မိတယ်...။

"လား... လား... ရိုးရိုးလူသတ်မှုမှ မဟုတ်လေပဲကွယ်။ ကုလားဖြူရုံးက ကုလားဟာ ကျားကုတ်လို့ သေခဲ့တာပဲ။ အဲဒီမှာ ကျားရဲ့ခြေရာကိုလဲ ကျုပ်တွေ့လိုက်ရတယ်။ ကျားမှရိုးရိုးကျား မဟုတ်ဘူး။ သမန်းကျားဖြစ်နေတာကို ခြေရာကြည့်တာနဲ့ ကျုပ်သိ လိုက်ရတယ်။ ဒါကြောင့် ကျုပ်အမြန်ထွက်ပြေးခဲ့တယ်...။

"ဟောဒီက ကလေးမအသံကို ကြားပါတယ်။ ဒါပေမယ့် ကျုပ်ဟာ နောက်လှည့်မကြည့်ရဲလောက်အောင် တုန်လှုပ်နေမိတယ်။ ကျုပ်ဘဝမှာ ကျုပ်မျက်စိနဲ့ သမန်းကျားကို မြင်ဖူးခဲ့တဲ့လူလေ...။

"ဒီတော့ ကျုပ်တစ်နေရာရာကို ထွက်ပြေးရတော့မယ်။ ပြေးတာမှ အမြန်ကိုပြေးရတော့မယ်။ ကျားတွေဟာ သူတို့ကို သတ်ခဲ့ တဲ့ ကျုပ်ကိုကလဲ့စားချေဖို့အတွက် လိုက်နေကြပြီလို့ ကျုပ်တစ်ထစ်ချ ယုံကြည်နေလို့ပါပဲ...။



www.burmeseclassic.com

www.burmeseclassic.com



"အဲသလိုနဲ့ ကျောင်းကဇရပ်ကို ပြန်အရောက် ကျုပ်ရဲ့ ပစ္စည်းပစ္စယတွေကို သိမ်းနေတုန်းမှာပဲ ပုလိပ်တစ်ယောက် လာဖမ်းတာကို ကျုပ်ခံလိုက်ရတယ်...။

"အဲဒီ ပုလိပ်က ဆားပုလင်း သက်ပြင်းဆိုတဲ့ ပုလိပ်အရာရှိပေါ့...။

"သူက ကျုပ်ကိုကားနဲ့ တင်ခေါ်သွားပြီး သူ့အိမ်ကိုခေါ်သွားတယ်။ ထမင်းတွေ ဟင်းတွေစုံစုံလင်လင်ကျွေးပြီး ကျုပ်ဘဝကို မေးတယ်။ ကျုပ်သက်သတ်လွတ်သမားဆိုတော့ သူ့ခမျာသက်သတ်လွတ်ဟင်းတောင် လုပ်ပေးရှာပါတယ်။ ကျုပ်လဲ သူမေးတဲ့ ကျုပ်ဘဝကို မချွင်းမချန် ပြောပြလိုက်တော့။ သူကျုပ်ကို သိပ်သဘောကျသွားတယ်...။

"သူတော်ကြီးနဲ့ တွေ့လိုက်ရတာ သူ့အတွက်တော့ သိကြားမင်းနဲ့တွေ့ရသလိုတောင် ထင်မိသတဲ့။ ဒီကျွားဟာ သူတော်ကြီးနောက်ကိုလိုက်ပြီး ဂလဲ့စားချေမယ့် ကျွားမဟုတ်ပါဘူးတဲ့။ သူနဲ့ စုံထောက်ကိုစိန်ဘန်းတို့ လိုက်နေတဲ့ အမှုကြီးတစ်ခုရဲ့ ငွင်းဆက်ပါတဲ့။ ဒါကြောင့် သူတို့ကို ကူညီပါဆိုပြီး တစ်နေ့လုံး၊ တစ်ညလုံး ကျုပ်ကို အကူအညီတောင်းတော့ တာပါပဲ...။

"ကျုပ် ပထမတော့ ငြင်းဆန်ခဲ့ပါတယ်။ ကျုပ်ဟာ သတ္တဝါတွေရဲ့အသက်ကို သတ်ဖြတ်ခြင်း၊ ညှဉ်းပမ်းခြင်းမပြုတော့ပါဘူးလို့ ဘုရားမှာ သစ္စာဆို၊ သစ္စာရေသောက်ထားတာ မဟုတ်လား။ သူ တောင်းတဲ့ အကူအညီက ကျွားကိုထောင်ချောက်ဆင် ဖမ်းပေးဖို့ဆိုတော့ မဖြစ်နိုင်ဘူးလေ။ သတ္တဝါကိုညှဉ်းပမ်းရာ ကျနေတယ်။ နှိပ်စက်ရာကျနေတယ်လို့ ပြောပြီးငြင်းတာပါပဲ...။



"ဒါပေမယ့် ဘယ်လိုဖွဲ့ကောင်းတဲ့ လူမှန်းမသိပါဘူး ကလေးမရယ်။ တဖွဖွ.. တစာစာ တောင်းပန်နေရှာတယ်။ ပြီးတော့ ကလေးမလေးအကြောင်းကိုလည်း ပြောပြတယ်။ ကလေးမလေးမှာ အရေးတကြီး အသက်ဘေးအန္တရာယ်ရှိနေလို့ ဆိုနေလေတော့ ကျုပ်လည်း စိတ်လျော့ပြီး လုပ်ပေးပါ့မယ်လို့ ကတိပေးလိုက်တယ်...။

"ဒီကတိလည်းရရော ကျုပ်ကို ဟောဒီအိမ်ခေါ်လာခဲ့ပြီး ကိုစိန်ဘန်းနဲ့တွေ့ပေးတယ်။ ကလေးမလေးရှိတယ်။ အိပ်နေတယ်ဆိုပြီး ကျုပ်ကိုခေါ်ပြတယ်...။

"ကျုပ်မတတ်သာတော့ဘူးလေ။ ဘုရားကိုခွင့်ပန်။ သူတော်အဝတ်ကိုလဲပြီး၊ ဟောဒီခြံအနှံ့ ကျွားခြေရာတွေရှာ၊ လုပ်စရာရှိတာလုပ်ဖို့ ပစ္စည်းပစ္စယတွေ ရှာခိုင်းလိုက်ပြီ...။

"ကျုပ်ပြောပြီ မဟုတ်လား။ ကျုပ်ဘဝသံသရာက စက်ဝိုင်းကြီးလိုပဲလို့လေ။ ကျွားနဲ့စပြီး ကျွားနဲ့ပဲဆုံးရမယ်ထင်ပါရဲ့ ကလေးမရယ်"

သူတော်ကြီးက ညည်းတွားသလိုဆိုရင်း ကွမ်းတံတွေးကို ဗွီးခနဲ ထွေးလိုက်ပြန်၏။

"ဒါဆို သူတော်ကြီးက ကျွားကို တကယ်ဖမ်းတော့မှာပေါ့"

"ဟုတ်တယ် ဖမ်းရတော့မယ်။ ကျွားတောင်မှ ရိုးရိုးကျွားမဟုတ်ဘူး။ သမန်းကျွား၊ လူကနေဖြစ်တဲ့ ကျွားမဟုတ်ဘူး။ ကျွားကနေလူဖြစ်တဲ့ ကျွားလူ။ ဟုတ်တယ်။ အဲဒီ ကျွားလူကို ကျုပ်ဖမ်းမှာ"

"ဘယ်တော့လဲဟင် သူတော်ကြီး"

www.burmeseclassic.com



"ဒီည"

"ရှင်"

လှမြသွေး အာမေဍိတ်သံပြု၏။ သူတော်ကြီးကို ငေးနေမိတော့၏။

* * * * * * *





## အခန်း ( ၉ )

## ကျားလူနှင့် သူတော်ထောင်ချောက်

ထိုညက သိပ်သိပ်သည်းသည်းပင် အမှောင်ထုကျနေ၏။

ကြောက်မက်ဖွယ်ကောင်းလောက်အောင်လည်း တိတ်ဆိတ်လွန်းလှ၏။

ခါတိုင်းည အူနေဟောင်နေကြ ခွေးလေခွေးလွင့်တို့၏ အူသံဟောင်သံပင် မကြားရ။

တိတ်ဆိတ်မှောင်မိုက်ခြင်း၏ ညဝယ်သူတို့ ငြိမ်သက်စွာ ရှိနေကြ၏။

ကိုစိန်ဘန်းသည်လည်းကောင်း၊ ကိုစောထက်သည် လည်းကောင်း၊ ကိုသက်ပြင်းသည်လည်းကောင်း၊ မစန်းရွှေသည် လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ လှမြသွေးသည့်လည်းကောင်း အမှောင်ထုအောက်တွင် တစ်စုံတစ်ခုကို စောင့်ဆိုင်းရင်း အသက်ပင်လျှင် ပြင်းပြင်းမရှူကြ။

အိမ်ကလေးကိုပါ မီးမှောင်ချ၍ အိမ်တွင်း နေရာအသီးသီး၌ တိတ်ဆိတ်စွာရှိနေကြသည်မှာ နာရီပေါင်း မနည်းတော့...။

အိမ်ခန်းမှ သံပတ်ပေးနာရီ၏ တချက်ချက် မြည်သံကို နားထောင်ရင်း လှမြသွေး နေ့လည်က သူတို့၏လှုပ်ရှားမှုတွေကို မြင်ယောင်ကြားယောင်နေမိသည်။

စုံထောက်ကိုစိန်ဘန်းတို့အပြင်မှ ပြန်လာပြီးနောက် ကတ္တူပုံးတစ်ပုံးအပြည့်ပါလာသော မနီလာကြိုးတွေ၊ သံမဏိမျှင် နန်းကြိုးခွေတွေ၊ သံစူး၊ သံဆောက်၊ သံတန်းတွေကို သူတော်ကြီးက တစ်ခုစီ၊ တစ်ခုစီ စစ်ဆေးကြည့်ရှုကာ အိမ်ပတ်လည် မြေစည်းရိုးတစ်ဝိုက်တွင် သံငုတ်၊ သံစူး၊ သံတိုင်များ၊ ကြိုးများဖြင့် ထောင်ချောက်များကို တစ်ခုပြီးတစ်ခု ဆင်နေ၏။

ကွမ်းတစ်ယာပြီးတစ်ယာစား၊ ကွမ်းတံတွေး ခဏခဏထွေးရင်း အသားမည်းကျောပြောင်မှာ ချွေးပေါက်သီးသီးကျအောင် အလုပ်လုပ်ရင်းဖြင့် စကားတွေလည်း ဖောင်ဖွဲ့ပြောနေ၏။

"ဆရာလေးတို့မြို့မှာတော့ ဒါမျိုးကြိုးတွေ အသင့်ဝယ်ရတာ သိပ်ကောင်းတာပေါ့။ ကျုပ်တို့တောထဲမှာတော့ သမန်းဆိုတဲ့ အပင်မျိုးကိုရှာခုတ်... ထု... အခွံဆုပ် လျှော်ထုပ်ပြီးမှ ကြိုးကျစ်ရတာကလား။ ဒီတော့ တယ်ခရီးမတွင်လှဘူး။ နှစ်လံလောက် ကြိုးတစ်ချောင်းရဖို့ တစ်ရက်ကြာတာပေါ့။ အဲဒီသမန်းလျှော်ကြိုးရဲ့ နိုင်ချက်ကလည်း ပြောမနေနဲ့။ ဆင်တောင်ရုန်းလို့ မပြတ်ဘူးဗျ...။

"ကျားထောင်မယ်ဆို အဲဒီကြိုးမျိုးကို သုံးရတာ။ ကြိုးသုံး



လေးချောင်းလိုသဗျ။ ကျားဆိုတဲ့ အကောင်ကလည်း တောသတ္တဝါထဲမှာတော့ အကင်းအပါးဆုံး၊ အလျင်မြန်ဆုံး၊ ခွန်အားအကြီးဆုံး၊ ဉာဏ်အရှိဆုံး အကောင်ဗျ...။

"သူ့ကို ထောင်ချောက်ဆင်ရတာ မလွယ်လှဘူး...။

"သူ့ထက်ပိုပြီး လူကပ်းနပ်မှ၊ ပိရိမှရတာ။ နို့မို့ရင် ကိုယ့်အသက်တောင် ဆုံးရှုံးသွားနိုင်တာမျိုးလေ...။

"ကျားကိုထောင်တဲ့အခါ ကျားရဲ့လာလမ်းသွားလမ်းကို လေ့လာရတယ်။ ခြေရာကို ရှာတယ်။ ခြေရာအဝန်း ဘယ်လောက်ရှိလဲဆိုတာကို သင်အူကြိုးနဲ့တိုင်း၊ အလျားကိုသုံးဆလုပ်၊ လက်လေးသစ်ထည့်ပေါင်းလိုက်ရင် ကျားရဲ့အရပ်ကို ရတယ်။ ဒီတော့မှ ကျားရဲ့လက်ပြင်နဲ့အကိုက် ခလုတ်ထားပြီး ထောင်ချောက်ကို ပြင်ရတာ။ ကျားအရှင် ဖမ်းတဲ့အလုပ်ကို တော်တော့မုဆိုး မလုပ်ရဲကြဘူး။ ကသာတို့၊ ဖောင်းပြင်တို့ဘက်မှာဆိုရင် ပေါရိသာဒ မှော်အောင်တဲ့ လူတွေမှလုပ်ရဲကြတာ...။

"ပေါရိသာဒမှော်အောင်ဖို့က မလွယ်ဘူးဗျို့။ တော်တော်ကလေး ကျားပစ်ရင့်လာတဲ့ မုဆိုးဟာ ပေါရိသာဒ မှော်အတွက် သွေးသိဒ္ဓိတင်ရသေးသဗျ။ ကျုပ်တော့ မလုပ်ဖူးပါဘူးဗျာ။ ကြားဖူးတာပါ။ သွေးသိဒ္ဓိတင်တယ်ဆိုတာက သူပစ်လို့ခတ်လို့ ထိုးလို့ ခုတ်လို့ရတဲ့ သားကောင်ရဲ့သွေးကို လက်ပါးနဲ့ခံပြီး သောက်ရသတဲ့ဗျ...။

"ဝက်၊ ဆတ်၊ ချေ၊ စိုင်စသဖြင့် အကောင်အသေးက စပြီး အကောင်အကြီးဆုံး ကျားရဲ့သွေးကို သောက်ပြီးပြီဆိုရင် [illegible]

www.burmeseclassic.com

www.burmeseclassic.com



အဆင့် သိဒ္ဓိအောင်သတဲ့။ အဲ... ပထမအဆင့် သိဒ္ဓိကတော့ မုဆိုးအချင်းချင်းရဲ့ လည်ချောင်းသွေးကို သောက်ရတာပါပဲ...။

"တော်တော်ကို ရက်စက်ယုတ်မာတဲ့ အလုပ်မျိုးပါပဲ။ ဒါပေမယ့် လောဘကြီး၊ အလိုရမ္မက်ကြီးကြတဲ့ မုဆိုးတစ်ချို့ကတော့ လုပ်ကြတယ်ဗျ။ မိတ်ဆွေ သူငယ်ချင်း အမဲလိုက်ဖော် မုဆိုးကို တောနက်ထဲရောက်အောင် ဖြားယောင်းခေါ်၊ ညဘက် လမိုက်ညသန်းခေါင်ယံကျရင် ခေါ်လာတဲ့ အဲဒီမုဆိုးကို ကြိုးတုတ်ပြီး လည်ချောင်းသွေးကို ဖောက်၊ လက်ဝါးနဲ့ခံသောက်ရသတဲ့။ အဲသလိုသောက်ပြီးတဲ့အခါမှာ ဒီမုဆိုးဟာ ပေါရိသာဒ မှော်ရတော့တာပါပဲ။

"ပေါရိ---ဒမှော်ရထားတဲ့ မုဆိုးဟာ ဘယ်လောက်ထိစွမ်းသလဲဆိုရင် တောနက်ထဲကိုဝင်သွား စိုင်အုပ်၊ ပြောင်အုပ်တွေ့၊ အုပ်ထဲဝင်... လိုချင်တဲ့အကောင် ချိုကိုင်လှဲလိုက်ရုံနဲ့ရသတဲ့...။

"ဆတ်တို့၊ ဝက်တို့၊ ချေတို့တော့ ပြောမနေနဲ့ အမြီးကိုင်ရမ်းလိုက်ရုံပဲလေ။ စွယ်စုံဆင်ကိုတောင် ဦးကင်းပေါ်ခုန်တက် ဓားမြှောင်နဲ့ထောက်လိုက်ရုံနဲ့ မောင်းချင်တဲ့နေရာမောင်း လာနိုင်သတဲ့။ အဲသလို မုဆိုးမျိုးတွေအကြောင်း ကြားဖူးတာပ...။

"ကျုပ်ကတော့ ကျားပစ်ကျွမ်းရုံပါပဲဗျာ။ ကျားပစ်ရဲရုံနဲ့တောင် လူ့ဘဝက်နေ ကျားစိတ်ဝင်သွားတဲ့ မုဆိုးတစ်ယောက်ရဲ့အဖြစ်ကြောင့် ကျုပ်မုဆိုးဘဝကို အပြီးတိုင် စွန့်ခဲ့ရတာ...။

"ဆရာလေးတို့နဲ့ တွေ့ရလို့ ခုလိုဇာတာ မုဆိုးပြန်ဖြစ်ရပေမယ့် အဲဒီအကြောင်းနဲ့ အဖြစ်ကိုပြန်မြင်ရတိုင်း ကျောချမ်းရသလို ခုတောင် ကျောရိုးထဲက စိမ့်သဗျ။ ဘာပဲဖြစ်ဖြစ် တတ်တဲ့ပညာမနေ



သာဆိုသလို ကျုပ်ကူညီပါတယ်။ အကူအညီပြီးရင်တော့ ကျုပ်ကို သွားခွင့်ပြုကြပါဗျာ"

သူတော်ကြီးတဖြစ်လဲ မုဆိုးကြီးထွန်းပိုက ကွမ်းစားလိုက် ပြောလိုက်၊ "အလုပ်လုပ်လိုက်နှင့် ရှုနေစောင်းတော့သည်။

ညနေစာကို စောစောစီးစီး စားကြပြီးနောက် အိမ်နှင့်ခြံတလေးကို အမှောင်ချထားကာ အိမ်ထဲမှာပင် ငြိမ်သက်နေခဲ့ရ။

စုံထောက်စိန်ဘန်း၊ ဆားပုလင်းသက်ပြင်း၊ သူတော်ကြီးနှင့် ကိုစောထက်တို့က အိမ်ရှေ့မှာ။ သူမနှင့်မစန်းမွှေးက အခန်းထဲမှာ...။

ရန်ကုန်မြို့ ဆင်ခြေဖုံးအရပ်မှာ အမဲလိုက်သူတွေလို၊ လင့်စင်ပေါ်ကနေ သားကောင်ကို ချောင်းမြောင်းနေသလို မှောင်ရိပ်ခို၍ စကားပင်မဆိုကြသည်ကိုကြည့်၍ ရယ်စရာတော့ကောင်းလှ၏။

အရှုးတွေနှင့်လည်း တူလှ၏။

အားလုံးရူးသွားပြီဟု သူမထင်နေမိသည်။

သူတို့ကတော့ တကယ့်ကို လေးလေးနက်နက် အလုပ်လုပ်နေကြသည်။

"ဒီကျားဟာ ဒီနေရာကို အမှန်ပဲလာလိမ့်မယ်။ သူလိုချင်တဲ့ သားကောင်ဟာ ကျုပ်တို့ဆီမှာ ရှိတယ်။ ကျားများဟာ သူကိုက်ထားတဲ့ ကျွဲ၊ နွားသားကောင်ကို အကြောင်း မညီညွတ်လို့ ချက်ချင်းမစားဖြစ်ရင် နောက်တစ်ကြိမ် သေချာပေါက်လာတယ်။ ဒါကို မုဆိုးတွေက လင့်စင်ထိုးပြီး စောင့်ပစ်ကြသလို၊ ကျုပ်တို့ကလည်း လင့်

www.burmeseclassic.com

www.burmeseclassic.com



စင်ထိုးပြီး၊ ထောင်ချောက်နဲ့ ဖမ်းရမယ်။ အားလုံးကတော့ သတိ ဝီရိယရှိစေချင်တယ်''

နေ့လည်က စုံထောက်စိန်ဘန်း၏ ကျားထောင်ချောက် စီမံကိန်း မိန့်ခွန်းကို လှမြသွေး သတိရနေ၏။ သူ့ကိုကြည့်ရသည်မှာ စစ်ထွက်တော့မည့် စစ်သူကြီးတစ်ဦးလို ရှိနေသည်။

ဒီလူကိုယ်တိုင်ပင် ရူးများရူးသွားလေသလားဟု လှမြသွေး တွေးကြည့်၏။

အမှန်တော့လည်း သူမကိုယ်တိုင်ပင် ကျားလိုလူကို ရုတ်တရက် မြင်ဖူး၏။ အော်သံကိုလည်း ကြားဖူးနေ၏။

ပြီးခဲ့သော ညကပင် ထိုအော်သံကို ကြားခဲ့ရသေးသည်။ ဖြစ်နိုင်ခြေတွေနှင့်မို့ လှမြသွေးကိုယ်တိုင်ပင် စိတ်ဝင်စား၏။ သို့ဖြင့် အိပ်ယာထက်တွင် ငြိမ်သက်စွာနေရင်း စောင့်နေမိသည်။

ညက မှောင်၍တိတ်ဆိတ်နေ၏။

နာရီစက်သံ တစ်ချက်ချက် ကြားနေရသည်။

စောင့်ဆိုင်းရသည့် အချိန်မှာ ကြာလွန်းလှသည်။ အိပ်ယာထက်၌ ဘယ်သို့လူးလိုက်၊ ညာသို့လှိမ့်လိုက်နှင့် အချိန်တွေကို ဖြုန်းနေရသည်။

အမှန်တကယ်ပဲ ကျားလာမှာလား။

လာရင်ကော ထောင်ချောက်မှာ မိမှာလား။ တွေးရင်း တွေးရင်း မောလာ၏။

မျက်တောင်ကလေးများပင် မှေးစင်းလာ၏။



မအိပ်နဲ့၊ မအိပ်ဘူး။ စောင့်မယ်၊ စောင့်ရမယ်။ အားတင်းထားသည့်ကြားမှပင် သူမအိပ်ပျော်သွားခဲ့သည် ဖြစ်လေမလား။

လရောင်က ရွှန်းမြမြသာနေ၏။

လရောင်ဖြင့် သစ်တောကြီးတစ်ခုလုံး ထိန်လင်းဝင်းပနေ၏။ ဘယ်သစ်ပင်၊ ဘယ်သစ်ခက်၊ ဘယ်သစ်ရွက်ကိုပဲ ကြည့်ကြည့် လရောင်ထိ၍ ရွှန်းရွှန်းစိုနေသည်။

သည်သစ်တော လရောင်အောက်မှာ လှမြသွေး တစ်ယောက်တည်း ရှိနေ၏။ မတ်တပ်ရပ်၍ငေးနေရင်း ဟိုးအဝေးဆီမှ ခေါ်သံကြားရ၏။

''သမီးရေ… သမီးရေ''တဲ့။

ဖေဖေ့အသံ။

ဖေဖေ့အသံကြောင့် သူမရင်မှာ တလှပ်လှပ် ဖြစ်နေ၏။ သူမအသံလာရာသို့ မှန်းဆကာ သွားနေမိသည်။

''သမီးရေ… သမီးရေ''

ခေါ်သံက နီးသည်ထက် နီးလာ၏။

သစ်ပင်တွေကို ကွေ့ကာ သူမသွားနေဆဲ…။

''သမီး… သမီးလေး''

ချုံပုတ်တစ်ခုကြားမှ အနီးကပ်အသံ။ ဒါဖေဖေ့အသံ။ ဖေဖေ…

''ဖေဖေ'' ဟု လှမြသွေး အော်ဟစ်လိုက်ပြီး လျင်မြန်စွာ ချုံပုတ်ဆီသို့ ပြေးသွားကာ ငုံ့ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူမအကြည့်တွင် လရောင်အောက် ချုံပုတ်နံဘေးမှ ဘွားခနဲ ထရပ်လာသည့် လူရိပ်...။

"ဖေဖေ"

သူမ အားကိုးတကြီး ခေါ်လိုက်မိသည်။

ထိုလူက အုပ်ဆောင်းထားသော ဦးထုပ်ကလေးကို လှပ်၍ ထူးကာ သူမကိုကြည့်၏။

အနီးကပ်မြင်လိုက်ရ၊ ကြားလိုက်ရသည်က လူသံမဟုတ်၊ ကျားတစ်ကောင်၏ အစ်တစ်တစ်အသံ၊ မြင်လိုက်ရသည်ကလည်း သားရည်ဂျာကင်ရှည်ဖားဖားကြီးကို ဝတ်ထားသည့် ကျားမျက်နှာနှင့် လူ...။

သူမ ထိတ်လန့်စွာဖြင့် နောက်သို့ဆုတ်၍ အသံကုန် အော်နေမိသည်။

ထိုကျားလူက သူမအနီးသို့ ဖြည်းဖြည်းချင်းတိုးလာကာ ဆိုးလှသော အသံကြီးကိုပြုလိုက်သည်။

သံရှည်ဆွဲ၍ အော်နေသည့်ထိုအသံကြီးက မရပ်။ သူမ အော်သံက လည်ချောင်းမှမထွက်။ ခြေတွေကလည်း နောက်လှည့် ပြေးမရ။

ကျားလူက သူ့ပါးစပ်ကြီးအားဖြလျက် အော်နေသည်။

ဟူး...အူး...ဝိုး... အစ်ဆိုသည့် အသံကြီး၊ နားပွင့်ထွက် မတတ် ကြားနေရသော အသံကြီး။

"ကယ်ကြပါ... ကယ်ကြပါ"



သူမ ရင်တုန်သံကုန်ဟစ်လိုက်ရင်း ဆတ်ခနဲ လန့်နိုးသွား၏။

အိပ်မက်ဆိုးတစ်ခုပဲဟု သတိရကာ ရင်တုန်ပြေစ...။

အော်သံကြီးကို ကြားရပြန်သည်။

အခန်းတံခါးဆီ စမ်းသွား၍ တွန်းလိုက်၏။ တွန်းဖွင့်နေဆဲမှာပင် ထိုအော်သံကို ထပ်ကြားရသဖြင့် အသံလာရာသို့ လှမ်းကြည့်၏။

အိမ်တွင်းတွင် မှောင်နေသော်လည်း ခြံတွင်းမှာ မီးမောင်းတို့ ထိန်လင်းနေသည်။ ခြံတွင်း မီးအလင်းက အိမ်တွင်းသို့ပင် အလင်းပျပျ တိုးဝင်လာသည်မို့ အိမ်ရှေ့ခန်းသို့ သူမထွက်လာခဲ့သည်။

မီးမောင်း၏ အလင်းဖြင့် ခြံတွင်းကိုလှမ်းမြင်ရသည်။

သူတို့အားလုံး ခြံတွင်းရှိ မီးရိပ်တွင် ရှိနေကြသည်။

တစ်စုံတစ်ခုကို စူးစိုက်နေကြသည်။ သူတို့အားလုံး မစန်းမြ၊ ကိုစောထက်၊ ဆားပုလင်းသက်ပြင်း၊ စုံထောက်စိန်ဘန်းနှင့် သူတော်ကြီး...။

အော်သံကြီးက ထွက်လာပြန်၏။

အသံက ခြံထောင့်ဆီက မီးမောင်းအောက်မှာလဲနေသော သူ။ ထိုလူဆီက အော်သံ။

လှမြသွေး ကြည့်ချင်ဇောဖြင့် ပြေးသွားခဲ့သည်။

အတင်းပင် သူတို့အုပ်စု၏ ရှေ့သို့တိုးဝင်းကာ ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



ကုတ်အင်္ကျီအရှည်ဝတ်ဖြင့် တစောင်းလဲကျနေသူက သူ့ကိုမြင်လိုက်လေသလား။ ဆိုးရွားလှသော သံရှည်ဖြင့် အတင်းပင် ရှုန်းထနေ၏။

လှမြသွေး ထိုသူ၏မျက်နှာကို သေသေချာချာ မြင်လိုက်ရသည်။

ကျားတစ်ကောင်၏ မျက်နှာ။ စောစောက အိပ်မက်ထဲ လှမြသွေး မြင်လိုက်ရသည့် မျက်နှာ။

ထိုသူ့မျက်နှာ၊ မျက်လုံးတို့ဖြင့် လှမြသွေး အကြည့်ဆုံသွားခိုက် ထိုသူထံမှ အသံအစ်အစ်က ထွက်လာပြန်သည်။ လှမြသွေးရင်မှာ တရစပ်တုန်လှုပ်နေရင်း ခေါင်းတွေပါ မူးလာ၏။

လှမြသွေး ကြည့်နေရင်း... ကြည့်ရင်းနှင့် ရပ်တည်ရာမရတော့ဘဲ ခွေခနဲလဲအကျ၊ ထိုအော်သံသည်က အကြား၏နောက်ဆုံးဖြင့် မှောင်အတိကျရောက်သွားတော့သည်။

* * * * * * *





# အခန်း ( ၁၀ )

## ကျားတစ်ကောင်၏ဘဝသို့ပြောင်းပြီ

လှမြသွေး သတိရလာတော့ အိပ်ခန်း ခုတင်ပေါ်မှာ ဖြစ်၏။

အနီးတွင် စုံထောက်စိန်ဘန်း၊ မစန်းငွေအပြင် ကုလားဆရာဝန်တစ်ဦးပါရှိနေ၏။ အချိန်ကလည်း နေ့လည်ပင် ရောက်ရှော့မည်။

"သတိရပလား မလှမြသွေး။ ခင်ဗျား သိပ်အားနည်းပြီး စိတ်တွေ ပင်ပန်းနေတယ်။ အားဆေးထိုးထားတယ်။ တစ်ခုခုစားဆေးသောက်ပြီး အိပ်လိုက်ပါဦး"

စုံထောက်ကိုစိန်ဘန်းက ပြုံး၍ပြောပြီးနောက် ကုလားဆရာဝန်နှင့် အပြင်သို့ ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟောလစ်နဲ့ ဘီစကွပ်ကလေး စားပါဦး"

မစန်းငွေးက ကျွေးနေ၏။

သူမကတော့ ဘာကိုမျှမစားချင်။ သိချင်တာတွေပဲ များနေ၏။

သူမ၏ ခေါင်းထဲမှာ သိချင်မှု၏ မေးခွန်းတွေဖြင့် ရှုပ်ပွနေသလို ခံစားနေရသည်။

"ကျွန်မ မစားချင်သေးဘူး။ ဟို... ဟို... လူ... အော်သံနဲ့ လူ... ပြီးတော့ သူတော်ကြီး"

မေးခွန်းကိုသာ ထုတ်လိုက်မိ၏။

"မလှမြသွေး အစာစား၊ ဆေးသောက်ပြီး နားလိုက်ပါ။ မကြာခင် မလှမြသွေး သိချင်တာတွေ သိရမှာပါ"

"နည်းနည်း ပြောပြပါရှင်။ ကျွန်မရင်တွေ မောနေလို့"

သူမ တောင်းပန်စကား ဆို၏။

"သူတော်ကြီး ပြန်သွားပါပြီ။ ကလေးမလေးကို နှုတ်ဆက်ခဲ့ပါတယ်လို့ ပြောလိုက်ပါလို့ ပြောသွားတယ်။ ဟိုလူ... အဲ... ထောင်ချောက်ထဲက လူသတ္တဝါကို ပြန်လွှတ်လိုက်ပါပြီ"

"ရှင်... ပြန်လွှတ်လိုက်ပြီ။ ဟုတ်လား"

"ဟုတ်ပါတယ်။ ပြန်လွှတ်လိုက်ပါတယ်။ စုံထောက်စိန်ဘန်းနဲ့သူ နားလည်မှုယူပြီး ထွက်သွားတာပါ။ သူ့ဆီကတော့ ဒီဟာ တစ်ခုရခဲ့ပါတယ်"





မစန်းငွေးက စားပွဲပေါ်မှ သားရေချုပ်ပြား အထုပ်ကြီးကို ပြ၏။

"ဒါဘာလဲဟင်"

"ကျားတစ်ကောင်ရဲ့ အတ္ထုပ္ပတ္တိ ဆိုပါတော့"

"ရှင်..."

"ဟုတ်ပါတယ်။ ဒါဟာ မလှမြသွေးနဲ့ တိုက်ရိုက်သက်ဆိုင်နေတာမို့ စုံထောက်စိန်ဘန်း ကိုယ်တိုင်က မလှမြသွေး ဖတ်ဖို့ထားခဲ့တာပါ။ စိတ်ကို ခိုင်ခိုင်ထားပြီးတော့သာ ဖတ်ပါတော့..."

မစန်းငွေးပြသည့် သားရေပြားချုပ်အထုပ်ကြီးကို သူမ ကမန်းကတန် ထ၍ယူ၏။ အရွယ်မညီသည့် သားရေပြားပေါ်တွင် မညီမညာလက်ရေးဖြင့် အင်္ဂလိပ်လိုရေးထားသည့်စာများ...။

လှမြသွေး စာများကို အငမ်းမရပင် ဖတ်နေမိတော့သည်။

(မှတ်ချက်။ ။ လှမြသွေး ဖတ်နေသည့်စာ၊ စာလုံးနှင့် ဝါကျတို့မှာ အင်္ဂလိပ်လိုဖြစ်သည့်အပြင် ဟိုရောက်၊ သည်ရောက် ရေးသားထားသည်မို့၊ စာဖတ်သူများဖတ်၍ လွယ်ကူချောမွေ့စေရန် အင်္ဂလိပ်လိုမှ မြန်မာဘာသာသို့ ပြန်ဆို၍ ဝတ္ထုတစ်ပုဒ်သဖွယ် ပြန်လည်ရေးသားတင်ပြလိုက်ပါသည်။ **စာရေးသူ**)

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၁ ) (ဏ)

## ပင်လယ်ခရီးသို့ထွက်ကြခြင်း

ထိုနေ့ကား နှင်းငွေ့တို့ဝေဆိုင်းနေသည့် နိုဝင်ဘာလ၏ နံနက်ခင်းတစ်ခု ဖြစ်လေသည်။

ကျွန်ုပ်နှင့်ဖနီးလုတို့သည် အိမ်၏ဆင်ဝင်အောက်တွင် လက်ကလေးပြ၍ ကျန်ရစ်လေသော သမီးလေး၏ရုပ်သွင်ကို ယခုတိုင်ပင် လျှင်မြင်ယောင်နေမိလေ၏။

အမှန်စင်စစ်တော့ ကျွန်ုပ်မှာ သမီးကလေးကို အလွန်ပင် ချစ်၏။ ခွဲ၍လည်းမနေလိုပေ။ သို့သော် ကျွန်ုပ်တို့ "အက်စ်အက်စ် ကင်း"ဗီဝပေဒရုံး၏ အကြီးအကဲ ဒေါက်တာမာတင်ကင်း၏ ဆန္ဒနှင့် လုပ်ငန်းတာဝန်ကြောင့်သာ ယခုကဲ့သို့ ခရီးရက်ရှည်ထွက်လာခဲ့ရ ခြင်းဖြစ်လေ၏။



ဖနီးသည်အား အတူလိုက်ပါရန် ဒေါက်တာမာတင်ကင်း ခွင့်ပြုသဖြင့် ကျွန်ုပ်မှာ ဖြေသာသော်လည်း သမီးကလေးကိုမူ လွမ်း နေမိ၏။

ဆိပ်ကမ်းသို့ရောက်၍ "အက်စ်အက်စ်ကင်း"ဟူသော ပင်လယ်ကူး သင်္ဘောအလတ်စားကလေးပေါ်သို့ ပစ္စည်းများတင်၊ နေရာချပြီးနောက်။ ကားမောင်းသူ ကိုဖိုးမှိုအား သမီးကလေးအား ဂရုစိုက်ရန် အကြိမ်ကြိမ် မှာကြားခဲ့ပေသည်။

အက်စ်အက်စ်ကင်းကား အလွန်အဆင့်မြင့်လှသည်။ ဂျာမန် လုပ် ပင်လယ်ဖြတ်သင်္ဘောလတ် ဖြစ်၏။ သင်္ဘောမှာ နှစ်ထပ်ဖြစ် ပြီး အောက်ထပ်လေးခန်း၊ အပေါ်သုံးခန်းပါ၏။

အောက်ထပ်တွင် အလင်းခန်း၊ စက်ခန်း၊ မီးဖိုဆောင်၊ အိမ်သာ၊ ရေချိုးခန်းတို့ရှိပြီး၊ အပေါ်ထပ်တွင် အိပ်ခန်း၊ ထမင်းစား ခန်း၊ နားနေဆောင်တို့ပါ၏။

သင်္ဘောသားအားလုံး ခြောက်ဦးမျှသာရှိပြီး၊ အားလုံးမှာ အိန္ဒိယမဒရပ် နယ်သားများဖြစ်ကြသည်။

ဒေါက်တာမစ္စတာမာတင်ကင်းနှင့် ကျွန်ုပ်တို့မှာ အမေရိကန် တွင်လည်းကောင်း၊ လန်ဒန်တွင်လည်း ဘာသာရပ်တူ ပညာသင်ကြား ရင်းနှီးခင်မင်ခဲ့ကြသူတွေ ဖြစ်၏။

လန်ဒန်မြို့၊ ဒဗလျူစီဘားနတ်လမ်းရှိ အက်ကာဘာဟိုတယ် တွင် တစ်လခန့်အတူနေရင်း ပိုမိုခင်မင်ခဲ့ရသည်။

သူက ဂျာမန်လူမျိုးတစ်ဦးဖြစ်ကာ ဟစ်တလာအား အလွန်

www.burmeseclassic.com

www.burmeseclassic.com



အမင်းကိုးကွယ်သူဖြစ်လေ၏။ ဟစ်တလာအား မည်မျှနှစ်သက်ပါသနည်းဆိုပါက ဟစ်တလာ၏ ပြည်ပထောက်လှမ်းရေးတပ်တော်၏ အမည် "အက်စ်အက်စ်"ကိုပင် သူ့သဘော်အမည်အဖြစ်သုံးစွဲထားပေ၏။ သူ့ရုံးခန်း၊ အိပ်ခန်းတို့တွင်လည်း ဟစ်တလာ၏ဓာတ်ပုံတို့ကိုချိတ်ဆွဲထားလေသည်။

သူသည် ခွဲစိပ်ဆရာဝန် ပါရဂူကြီးတစ်ဦးဖြစ်သလို ဇီဝဗေဒဘာသာတွင်လည်း ပါရဂူဘွဲ့ရသူဖြစ်၏။ ကျွန်ုပ်သည်လည်း ဇီဝဗေဒဘာသာဖြင့် ပါရဂူဘွဲ့ရတစ်ဦးမို့ သူနှင့်တွဲဖြစ်၏။

မြန်မာပြည်၊ ရန်ကုန်မြို့တော်ရှိ ကင်းဘဲလ်လမ်းတွင် သူ့ဇီဝဗေဒရုံးခန်းဖွင့်ချိန် ကျွန်ုပ်သူ့ထံတွင် လက်ထောက်အရာရှိအဖြစ်အလုပ်ရ၏။

ကျွန်ုပ်ကား သူ့ကဲ့သို့ နိုင်ငံရေးစိတ်မဝင်စားသဖြင့် ဘာ့ကြောင့်မြန်မာပြည်တွင် သူရုံးခန်းလာရောက်ဖွင့်ရသည်ကို မစူးစမ်းခဲ့ပေ။

သည်အချိန်က မြန်မာပြည်တွင် ဇီဝဗေဒပညာရပ်မှာ ဘာမျှမသုံးမဝင်သည့် ဘာသာရပ်အဖြစ်ရှိ၏။ သူကား ငွေဖြုန်းသက်သက်ရုံးလာဖွင့်သလိုပင်ရှိ၏။

ဘာပဲဖြစ်ဖြစ် ဇီဝပညာကို လေ့လာစူးစမ်းနေရလျှင် ကျွန်ုပ်အသက်ရှင် ပျော်ရွှင်၏။ ထိုစဉ်က သတင်းစာများကို ဖတ်ရလျှင်မနေသသဗေဒ၊ ဇီဝဗေဒအစရှိသော ပညာရပ်ဆိုင်ရာ သတင်းတို့တစ်ပုဒ်မျှမပါ။

အင်္ဂလိပ်လက်အောက်မှာ နေရသော ကျွန်ုပ်တို့မြန်မာပြည်အတွက် အိန္ဒိယနှင့်ခွဲနေမလား၊ တွဲနေမလားဟူသော ခွဲရေးတွဲရေးတို့က ဂယက်ထနေ၏။





သတင်းစာတွင် ခွဲရေးသမားက တွဲရေးသမားကို ဆဲ၏။ တွဲရေးသမားက ခွဲရေးသမားကို ကလော်၏၊ ဆော်၏။ အရပ်ထဲတွင်လည်း တွဲရေးခွဲရေးတို့ ရန်ဖြစ်နေကြလေသည်။

"အိန္ဒိယနဲ့တွဲလည်း ကျွန်ပဲ၊ ခွဲလည်း ကျွန်ပဲ။ ကျွန်တွေလွတ်လပ်ရေးကို စဉ်းစားကြပါ"ဟု ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ပြောလေတော့မှ အနည်းငယ်ငြိမ်သွားကြ၏။

မစ္စတာမာတင်ကင်းကတော့ "မြသွင်.. မင်းက နိုင်ငံရေးစိတ်မဝင်စားဘူး။ ငါသာဆို ဟစ်တလာကို အကူအညီတောင်းပြီး အင်္ဂလိပ်ကိုဆော်ပစ်မှာ"ဟုဆိုလေ၏။

ကျွန်ုပ်က ဟစ်တလာကိုလည်း စိတ်မဝင်စားပါ။ သူပြောပြောလုပ်ဆောင်နေသည့် အလုပ်မှာနောင်သောအခါ ဇီဝအသက်ပေါင်းများစွာကို ပျက်စီးသွားစေနိုင်သည်ဟု ထင်မြင်နေမိ၏။

ကျွန်ုပ်နှင့်ဇနီးသည်တို့မှာ သင်္ဘောဦးတည်ရာ၏ ဘယ်ဘက်ခန်းတွင် နေရာယူ၍သွားရ၏။ ခရီးသုံးရက်တွင် ကျွန်ုပ်၏ဇနီးသည်မှာ တရားထိုင်၊ ပုတီးစိပ်ခြင်းတို့ကို နေ့စဉ်ပြုနေ၏။

ကျွန်ုပ်ကား စာဖတ်ခြင်း၊ တစ်ခါတစ်ရံ မာတင်ကင်းနှင့် ဘီယာသောက်ခြင်းတို့ဖြင့် အနားယူနေရ၏။ ကျွန်ုပ်တို့သွားရသည့်ခရီးမှာ မြန်မာနိုင်ငံ၏အောက်ပိုင်း၊ ကျွန်ုပ်မွေးရပ်မြေတို့ထက် အောက်ဘက်ကျပြီး ရေဝတီ၏အနောက်ဘက်အစွန်း ပင်လယ်ပြင်သို့ဖြစ်၏။

ထိုပင်လယ်ပြင်ကြီးထဲတွင် အလွန်တရာ ထင်ရှားလှသော ဟိုင်းကြီးကျွန်းတွင် ခေတ္တရပ်နား၍ ရိက္ခာဖြည့်ပြီးနောက်၊ ကျွန်ုပ်တို့သင်္ဘောသည် ထိုနေရာမှ တောင်ဘက်သို့ ဆက်လက်ထွက်ခဲ့ရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်ခရီးမရှိတရှိတွင် လူတစ်ဦး၏လက်သီးဆုပ်၍ လက်မထောင်ထားသလို ဖြစ်နေရသည့် ကျွန်းတစ်ကျွန်းသို့ ဆိုက်ကပ်ခဲ့၏။

ကျွန်း၏အမည်ကိုမူ ကျွန်ုပ်မသိပေ။ ဘင်္ဂလားပိုင်လား၊ မြန်မာပိုင်လားဟူ၍လည်း ခွဲခြားမရ။

ကျွန်းကလေးမှာ သစ်ပင်သစ်တောအုပ်များ၊ ကျောက်တောင်ကျောက်လှိုင်းများဖြင့် အလွန်သာယာလှပသလိုပင် လယ်စိုက်ရှိအဏ္ဏဝါပေဒဇီဝများ၊ ငှက်မျိုးစုံဇီဝမျိုးကွဲများကို မြင်နေရသဖြင့် ကျွန်ုပ်ပျော်နေမိလေသည်။

သင်္ဘောကပ်ပြီး ကျွန်ုပ်တို့ ကျွန်းပေါ်သို့တက်ရောက်သောအခါ ကျွန်း၏ခါးလောက်တွင် ကျောက်တောင်ဂူကြီးတစ်ခု တွေ့ရကာ မာတင်ကင်းက ထိုဂူအတွင်းသို့ ဝင်သဖြင့် ကျွန်ုပ်တို့ပါ လိုက်ဝင်၍သွားရာ ပို၍ပင်အံ့သြခဲ့ရ၏။

ဂူမှာ သဘာဝဂူမဟုတ်ဘဲ မာတင်ကင်းကိုယ်တိုင်ပြုပြင်တည်ဆောက်ထားသည်ကို တွေ့ရသောကြောင့် ဖြစ်လေ၏။

ဂူအတွင်းဝယ် မီးစက်များ၊ အလင်းဖြည့်မီးမောင်းမီးချောင်းများ၊ ခုတင်များပါသည့် အခန်းများ၊ ဓာတ်ခွဲခန်းများ၊ ထမင်းစားခန်းများဖြင့် စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားပေ၏။

မစ္စတာ မာတင်ကင်းသည် နှစ်နှင့်ချီ၍ ကြံနေရာကို စီမံဖန်တီးထားပုံရပေရာ သူ၏စိတ်ကူးအား ကျွန်ုပ်မချီးမွမ်းဘဲ မနေနိုင်တော့ပါ။

သို့ကြောင့် နှုတ်မှထုတ်ဖော်၍ ကွန်ကရက်ကျူလေးရှင်းလုပ်သောအခါ မစ္စတာမာတင်ကင်းက အောင်မြင်သောအပြုံးဖြင့်



"ဒါ့ထက် ထူးဆန်းမှုတွေကို ကြုံတွေ့ရဦးမည်"ဟု ခပ်ကြွားကြွားလေးဆိုလေ၏။

ထိုညက ကျွန်ုပ်တို့သည် မဒရပ်ကုလားများ ရှာဖွေလာသည့် ပင်လယ်စာများ၊ ခရုများကို ဖုတ်၊ ကြော်၊ ကင်၊ ချက်၍ဘီယာသုံးပုလင်းစီဖြင့် အောင်ပွဲခံ ညစာစားကာ၊ နွေးနွေးထွေးထွေးရှိလှသော ကျောက်ဂူအတွင်း အခန်းမှာ ဇနီးသည်နှင့်အတူ ကောင်းမွန်စွာအိပ်စက်ရလေသည်။

* * * * * * *

www.burmeseclassic.com



# အခန်း ( ၁၁ ) (ခ)

## ကျားများနှင့် ရင်ဆိုင်ရသူ

ညဘက်တွင် စိတ်ချလက်ချ အိပ်စက်ရသည်မို့ အိပ်ရေးဝ ကာ မနက်ခင်းနိုးသည့်အခါ လန်းဆန်းနေ၏။

ကျောက်တောင်ရေချိုတွင်းဆီမှ သွယ်တန်းထားသည့် စိမ့်ရေအေးအေးကလေးဖြင့် ကိုယ်လက်သန့်စင်လိုက်ရသည့်အခါ ပို၍ ပင်လန်းဆန်းသွားကာ လူပျိုဘဝက လန်ဒန်အက်ကာဘာဟိုတယ် တွင်နေထိုင်ရသလိုပင် သက်သက်သာသာရှိရကာ "ငါကွ... ဇီဝဗေဒ ပညာရှင်ဟု ကိုယ့်ကိုယ်ကိုစိတ်ကြီးပင် ဝင်သွားမိလေ၏။

ဖနီးသည်မှာလည်း ထိုနည်းအတူ ရွှင်လန်းနေပေ၏။ မနက်ခင်း ပင်လယ်လေအေးအေး၊ နေခြည်နွေးနွေး၊ ငှက်မျိုးစုံတို့၏



တေးဆိုအော်ဟစ်သံတို့ ကြားမှပင် ကျွန်ုပ်နံနက်စာကို ပေါင်မုန့် မီးကင်၊ ကြက်ဥပြုတ်၊ ဝက်အူချောင်းကြော်၊ ပြင်သစ်ကော်ဖီတို့ဖြင့် ဝမ်းဖြည့်ပြီးနောက် ဖနီးသည်အား ထားခဲ့ကာ မစ္စတာမာတင်ကင်း ခေါ်ရာသို့ လိုက်ပါလာခဲ့သည်။

ကျောက်လိုဏ်ဂူ၏ ပတ်လမ်းအတိုင်း ကျွန်းကိုကြည့်ကြ သည်။ ကျောက်လိုဏ်ဂူကြီးမှာ အပြင်ကနေကြည့်လျှင် ချုံနွယ်ပိတ် ပေါင်းတို့ ဖုံးအုပ်ပေါက်နေသဖြင့် သစ်ချုံကြီးတစ်ချုံသဖွယ်ရှိနေ၏။

လက်သီးဆုပ်၍ လက်မထောင်ထားသလိုရှိသော ကျွန်း သည် သိပ်တော့မကျယ်လှ။ သုံးမိုင်ပတ်လည်လောက်သာ ရှိမည်ဟု ထင်၏။ မစ္စတာမာတင်ကင်းသည် ဤကျွန်းသို့ အခေါက်ခေါက်၊ အခါခါလျှို့ဝှက်စွာလာ၍ အဆောက်အဦများကို ပြင်ဆင်ထားသည်ကို အလုပ်အတူလုပ်နေသည့် ကျွန်ုပ်ပင် မသိရပေ။ ကျွန်ုပ်သိအောင် လည်း မာတင်ကင်းက အရိပ်အမြွက်ပင် မပြ။

မာတင်ကင်းသည် အလွန်လျှို့ဝှက် သိပ်သည်းသော လူ ထူးလူဆန်းတစ်ယောက်ဖြစ်ပေသည်။

သူသည် ဤမျှငွေကြေးအကုန်အကျများလှသည့် အလုပ် များကို လုပ်နေသည်မှာ ဇီဝဗေဒသုတေသနတစ်ခုတည်း သက်သက်မှ ဟုတ်ပါလေစဟု ကျွန်ုပ်သံသယဝင်မိနေစဉ် ရှေ့တစ်ခေါ်လောက် ဆီမှ ကျားဟိန်းသံကြားလိုက်ရသဖြင့် ကျွန်ုပ်ခြေလှမ်း တုန့်သွား မိ၏။ မစ္စတာမာတင်ကင်းထံသို့ လှည့်ကြည့်လိုက်သောအခါ ထိုသူမှာ ခြေလှမ်းမပျက် လှမ်းနေပြီး ကျွန်ုပ်အား ပြုံးပြကာ...

"အံ့ဩနေလား မစ္စတာမြသွင်။ အဲဒီအသံဟာ ကျုပ်တို့ သွားရမယ့်နေရာပဲ။ ကျုပ်မှာ ကျားသုံးကောင်ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဣန္ဒြေရရဆိုလိုက်ရာ...

"ကျား...ဟုတ်လား" ဟု ကျွန်ုပ်မှာ အထိတ်တလန့်၊ တအံ့တဩအသံထွက်သွားမိသည်။

"ဟုတ်တယ်။ အိန္ဒိယက ဟိမဝန္တာကျားရယ်၊ မလေးရှားကျားရယ်၊ မြန်မာရိုးမကျားရယ်။ ကျားသုံးကောင်ကို ကျုပ်ခက်ခက်ခဲခဲ ရှာထားတယ်"

"ကြွကြွဖန်ဖန်ဗျာ။ ဘာလုပ်ဖို့လဲ"

"သုတေသနအတွက်"

"ဟို...တစ်ခေါက်၊ ကျားပေါက်ကလေး တစ်ကောင်ကို ခွဲစိပ်ခဲ့တာ မအောင်မြင်ခဲ့ဘူးလေ"

"ဟား... အဲဒါ ခက်တာပေါ့ မစ္စတာမြသွင်။ မစ္စတာမြသွင်ဟာ ရုံးမှာထိုင်ပြီး စာအုပ်တွေထဲမှာပဲ စိတ်နစ်ထားတာ။ ကျုပ်ကတော့ လက်တွေ့အဖြစ် ခဏခဏ လုပ်နေလေတော့ အောင်မြင်နေပြီ"

"သူတို့ကို ခွဲစိပ်ပြီး ဘာလုပ်မှာလဲ"

"လူ"

မာတင်ကင်း၏အဖြေကြောင့် ကျွန်ုပ်မှာ လှမ်းနေသောခြေလှမ်းရပ်ပြီး မာတင်ကင်း၏ မျက်နှာကို စေ့စေ့ကြည့်မိ၏။

"ခင်ဗျား ရူးနေသလား မာတင်ကင်း။ မျိုးစိပ်ကော၊ ဇီဝရော တည်ဆောက်ပုံရော လုံးဝမတူတဲ့ ဇီဝမျိုးကွဲကို ဘယ်လိုပေါင်းစပ်လို့ရမှာလဲဗျ"



သူ့မျက်နှာကို စေ့စေ့ကြည့်ကာ မေးလိုက်မိ၏။

မာတင်ကင်းက ကျွန်ုပ်အား ကလေးငယ်တစ်ယောက်ကဲ့သို့၊ ခပ်ညံ့ညံ့ လူသားတစ်ယောက်ကဲ့သို့ သဘောထားလျှောင်ပြောင်သည့် အမူအယာမျိုးဖြင့် ငုံ့ကြည့်ကာ...

"အဲဒါဟာ ကျုပ်ရဲ့မဟာသိပ္ပံဆိုင်ရာ လျှို့ဝှက်ပညာပဲဗျ"

ဟု ခပ်တည်တည် ဝံ့ဝံ့ကြွားကြွား ဆိုလေသည်။

"မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူး"

ကျွန်ုပ်ငြီးတွားသလိုမျိုး ငြင်းဆန်နေမိ၏။

"မဖြစ်နိုင်ဘူးဆိုတာဟာ လူဖျင်းလူညံ့တွေရဲ့ ဆင်ခြေဖြစ်သလို၊ ယုတ္တိမရှိဘူးဆိုတာဟာလည်း ဗဟုသုတဉာဏ်နည်းပါးတဲ့ လူဖျင်းလူညံ့တွေရဲ့ ပေတံပဲဗျ။ ကျုပ်တို့ သက်ရှိကမ္ဘာလောကကြီးမှာ မဖြစ်နိုင်တာတွေနဲ့ချည်းပဲ တည်ဆောက် ထားတယ်ဆိုတာ ယုံစမ်းပါ"

"ကျုပ် မယုံဘူး"

"မယုံနိုင်တာတွေကို မကြာခင် ကျုပ်လက်တွေ့ ပြပါ့မယ်လေ။ မစ္စတာမြသွင်ဟာ အရှေ့တိုင်းသား ဗမာလူမျိုးဖြစ်ပြီး၊ အရှေ့တိုင်းဆိုင်ရာ ရိုးရာစာပေကျမ်းဂန်တွေကို မလေ့လာဘဲကိုး။ ခင်ဗျားတို့ လူမျိုးတွေ ကိုးကွယ်မှုဆိုင်ရာ နတ်သမိုင်းတွေမှာ လူကနေကျားအဖြစ်ပြောင်းတာ။ ကျားကနေလူအဖြစ်ပြောင်းတာ၊ နတ်ဆိုတာ ရုပ်ပြောင်းပြီး၊ ဇီဝမပြောင်းတဲ့ တန်ခိုးရှင်ပဲဗျ။ ရှေးအခါကတော့ အကျင့်အကြံနဲ့ ဂါထာမန္တာန်တွေကြောင့် လူကနေကျား ဖြစ်နိုင်ပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် ကျုပ်က ခေတ်သစ်သိပ္ပံပညာ သီအိုရီတွေနဲ့ လက်တွေ့ပြောင်း ပစ်မှာပါ''

မစ္စတာမာတင်ကင်းက ဆိုလိုက်ပြီးနောက် လမ်းချိုးတစ်ခုဆီသို့ ချိုးလိုက်သဖြင့် ကျွန်ုပ်လည်းနောက်မှ လိုက်ခဲ့၏။

မကြာခင် ကျောက်သားဖြင့် ပြုလုပ်ထားသော အဆောက် အဦတန်းကလေးတစ်ခုကို ဘွားခနဲတွေ့လိုက်ရ၏။ ညှိစို့စို့အနံ့ဆိုး ကြီးကိုလည်း ရလာသဖြင့် နှာခေါင်းပိတ်ထားမိ၏။

ဆယ်လံခန့်ရှိသော ကျောက်သားအဆောက်အဦ၏နောက် ဘက်သို့ ကျွန်ုပ်တို့ရောက်ရှိပြီးနောက် ရှေ့သို့ကွေ့လိုက်သော် သံတိုင်တံခါးတပ် အခန်းသုံးခန်း တန်းလျက်ရှိနေသည်ကို မြင်ရ၏။

တဝေါင်းဝေါင်း အော်သံဖြင့်ရှိနေသည့် ကျားသုံးကောင်ကို တစ်ကောင်တစ်ခန်းကျ လှောင်ထားပေ၏။ ညှိစို့စို့အနံ့ဆိုးကြီးက ထောင်းထောင်းထလျက်၊ ပျို့အန်လုမတတ် ရှိနေ၏။

ကျွန်ုပ်တို့ကို မြင်သည်နှင့် ကျားနှစ်ကောင်သည် နားရွက် ထောင်... သွားဖြဲကြည့်ကာ အမြီးတလှုပ်လှုပ်ရှိနေ၏။

တစ်ကောင်သောကျားမှာကား သံတိုင်ဆီသို့တိုး၍ တဝေါင်း ဝေါင်းနှင့် အသံပြုနေပေသည်။

''အဲဒါ မလေးရှားကျားမပဲဗျ။ သူ့ကိုစတင် ခွဲစိပ်မှာမို့ အစာမကျွေးဘဲ ထားတာဗျ။ သူသိပ်ဆာနေပြီ။ ခုနေလွှတ်လာရင် တော့ ခင်ဗျားနဲ့ကျုပ် တစ်ယောက်ယောက်ဟာ ကံဆိုးသူ သူ့အစာ ဖြစ်သွားမှာပဲ''

မစ္စတာမာတင်ကင်း၏ စကားကြောင့် ကိုးတောင်ခန့်ရှိသော



ကျားမ၏ဖြဲထားသော ဝါကျင့်ကျင့်သွားတွေကို ကြည့်ကာ ကြက်သီး ထသွားမိ၏။

ကျားမသည် ကျွန်ုပ်တို့နှစ်ဦးအား ရန်လိုသော မျက်လုံး မှေးမှေးဖြင့်ကြည့်ကာ အသံဆိုးဖြင့် ဟိန်းနေလေ၏။

''ဒီကောင်မကို ဒီနေ့စပြီးခွဲရမယ်။ မစ္စတာမြသွင် ကူညီ ပါ။ ဟောဟိုမှာ ကျားသယ်မဲ့လူတွေလာပြီ''

ကျွန်ုပ်တို့၏ ဘေးဘယ်ဘက်မှ မဒရပ်ကုလား သုံးဦး လျှောက်လာ၏။

ရှေ့မှထိပ်ပြောင် ကုလားက သေနတ်တစ်လက်ကို ဆောင် ထား၏။

မေ့ဆေးသုံးသေနတ်ဖြစ်၏။ နောက်မှ ကုလားနှစ်ဦးက လှူနာတင် ကပ်ထမ်းစင်တစ်ခုကို သယ်လာလေ၏။

''ဘယ်လိုလဲ မစ္စတာမြသွင် ကူညီမှာလား''

မစ္စတာမာတင်ကင်းက မေး၏။

''ကောင်းပြီလေ။ လုပ်ရတာပေါ့''

ကျွန်ုပ်လည်း အတွေ့အကြုံရတာပေါ့ဟူ၍ ကတိပေးလိုက် လေသည်။

ကုလားသုံးဦး ကျွန်ုပ်တို့အနီးတွင် ရောက်၍ထမ်းစင်ကို ချပြီးနောက် မစ္စတာမာတင်ကင်းသည် ထိပ်ပြောင်ကုလားထံမှ သေနတ်ကို လှမ်းယူလိုက်၏။ ပြီးနောက် သေနတ်တွင် မေ့ဆေး ကျည်လုံးတပ်ဆင်ဖြည့်ကာ မုဆိုးဒူးထောက်ထိုင်လျက် တဝေါင်းဝေါင်း

www.burmeseclassic.com



ဟိန်းကာ လှောင်အိမ်တွင်း လှည့်ပတ်နေသည့် ကျားမဆီသို့ ပြောင်းထိုးချိန်ထားသည်။

ကျားမက အငြိမ်မနေပေ။ သူ၏ခါးနွဲ့နွဲ့အား လှုပ်ရမ်းလျက် လှည့်ပတ်နေသဖြင့် ပစ်ကွင်းကို ခဏခဏပြောင်းနေရ၏။

သုံးလေးခါ ပြောင်းလှည့်ချိန်ပြီးနောက် ဗိုင်းခနဲပြည်သော သေနတ်သံတစ်ချက်နှင့် ကျားဟိန်းသံ၊ ကျေးငှက်တို့ လန့်ဖျပ်ပျံသန်းသံတို့မှာ ကျွန်းကလေးပေါ်မှာ ခေတ္တမျှဆူညံ၍သွားခဲ့၏။

မေ့ဆေးကျည်ထိသွားသည့် ကျားမမှာ တစ်ချက်မျှတုန့်ခနဲဖြစ်သွားပြီး ဒေါသတကြီးဖြင့် သံတိုင်ကို နှစ်ချက်သုံးချက် ခုန်ကုတ်ကာတဟီးဟီး ဝမ်းခေါင်းသံကြီးပြု၏။

ပြီးနောက် အနာတရဖြင့် ကျွမ်းနှစ်ပတ်မျှ ပစ်ကာ တုန့်ခနဲ လဲသွားတော့၏။

မဒရပ်ကုလားများက အခန်းဆီသို့ပြေးသွား သော့ဖွင့်ပြီးနောက် မေ့နေသော ကျားမအား ထမ်းစင်ပေါ်သို့ တင်လိုက်ကြသည်။

"မေ့ဆေးက တစ်နာရီခံတယ်။ မစ္စတာမြသွင်။ ဟိုကျရင် ချက်ချင်းပဲ မေ့ဆေးထပ်ထိုးရမယ်။ ပြီးတော့ သူ့ခြေသူ့လက်တွေကိုသံကြိုးခတ်ရမယ်။ နောက်တော့ သူ့ခြေနှစ်ချောင်းက နှပ်မကြောတွေကို မတ်တပ်ရပ်နိုင်အောင် ခွဲစိပ်မယ်။ တင်ပဆုံကို ပြုပြင်မယ်။ အရိုးကို နည်းနည်းပိုးရမယ်။ အပိုဖြစ်တဲ့ အမြီးပိုင်းကို ဖြတ်ပစ်မယ်။ အားလုံးဟာ သုံးနာရီကြာမယ်။ အားလုံးပြီးတဲ့အခါ မေ့ဆေးပြယ်အောင်ထားလိုက်မယ်။ အစာကျွေးမယ်၊ ရေတိုက်မယ်၊ အနာကျက်စေတဲ့ ဆေးတွေထိုးရမယ်။ တစ်ပတ်တိတိမှာ အနာကျက်သွားမယ်။ ဒီအခါ အစာပြန်ဖြတ်မယ်။ နောက်နေ့ကျတော့ ဦးခေါင်းပိုင်းကိုကိုင်ရမယ်။ မေ့ဆေးပြန်ထိုးမယ်။ ဦးနှောက်ကို ခွဲစိပ်ရမှာ..."



ကျားတစ်ကောင်ရဲ့ ဦးနှောက်ကိုခွဲနေတဲ့အချိန်မှာပဲ လူတစ်ယောက်ရဲ့ ဦးနှောက်ကိုလဲ ခွဲစိပ်ထုတ်ယူမယ်။ ဒီနေရာဟာ သိပ်အရေးကြီးပြီး သတိကြီးကြီးနဲ့ ရှုပ်ရမှာဖြစ်တယ်။

ဦးနှောက်နှစ်ခုရဲ့ ဗီဝအကန့်တွေကို မထိခိုက်အောင် ဂရုစိုက်ရမယ်။ လူဦးနှောက်ကို ကျားရဲ့ဦးနှောက်နေရာမှာ အစားထည့်ပြီး အကြောမျှင်ကလေးတွေကို သေသေသပ်သပ် ဆက်ရမယ်။

အထူးအရေးကြီးတာက ဦးနှောက်ရဲ့ဇီဝ မပြတ်ဖို့ပဲ။ ဒီကလွှာပြီးရင်တော့ ကျုပ်ရဲ့ခွဲစိပ်မှုဟာ ပြီးပြီ။

ပြီးပြီလို့ဆိုပေမယ့် ရပ်ထားလို့မရဘူး။ အာရုံတွေ နိုးကြားနေဖို့ အာရုံခံနှိုးစက်နဲ့ နှစ်ရက်လောက်ပေါင်းစပ် ဆက်သွယ်ထားရမယ်။

သူ့ရဲ့နှလုံးခုန်နှုန်းနဲ့ အသက်ရှူလမ်းကြောင်းကိုလည်း ပစ်ပယ်ထားလို့မရဘူး။ ဒီအတွက်တော့ မပူပါနဲ့ ဆေးပညာသိပ္ပံဆိုင်ရာထက် အဆများစွာ လွန်တဲ့နည်းနာတွေ ကျုပ်လေ့လာထားတယ်။ ကျုပ်အောင်မြင်မယ်။ တကယ့်ကို အောင်မြင်မယ်"

မစ္စတာ မာတင်ကင်းက မေ့မျောနေသော ကျားကိုကြည့်ရင်းစကားကို ရှည်လျားစွာပြောနေ၏။

ကျွန်ုပ်က သူ့အား အရူးတစ်ယောက်ကဲ့သို့ ထင်မြင်လာမိသည်။ စိတ်တွင်းမှလည်း မဖြစ်နိုင်ဘူးဟု ငြင်းဆန်နေမိ၏။

"ဘယ်လိုလဲ မစ္စတာမြသွင် မဖြစ်နိုင်ဘူးလို့ ခပ်ညံ့ညံ့

www.burmeseclassic.com

www.burmeseclassic.com



အမြင်နဲ့ငြင်းဦးမှာလား။ ဦးနှောက်ကို ခွဲထုတ်ခံလိုက်ရတဲ့ လူတစ်ယောက်ကတော့ သေဆုံးသွားမှာပေါ့ဗျာ။ ဘယ်တတ်နိုင်မလဲ။ လူ့လောကကြီးရဲ့ ဆေးသိပ္ပံပညာရပ်ကြီး တစ်ခုအတွက် ဒီလိုပဲ စတေးသင့်တဲ့လူကို စတေးရမှာပေါ့ဗျာ"

"ဘာပြောတယ် မစ္စတာမာတင်၊ လူကသေမယ်ဟုတ်လား။ ကျုပ်သဘောမတူဘူး။ မလုပ်ရဘူး။ ဒါဟာ ဥပဒေနဲ့ မကာင်းဘူး။ ဒါမျိုးကို ဘယ်နိုင်ငံ ဥပဒေကမှ ခွင့်မပြုဘူး။ မလုပ်ရဘူး"

ကျွန်ုပ်ပြင်းထန်စွာ ကန့်ကွက်မိ၏။

ကျွန်ုပ်၏ ကန့်ကွက်ချက်အား မစ္စတာ မာတင်ကင်းက မထေမဲ့မြင်ဟန်ဖြင့်...

"ဒီမှာ မစ္စတာမြသွင် ကျုပ်လုပ်တာကို ဘယ်ဥပဒေကမှ မသိနိုင်ဘူးဗျ"

ဟုပြန်၍ အော်လေ၏။

"ဥပဒေကမသိပေမယ့်၊ ဘုရားသခင်က သိတယ်ဗျ မစ္စတာမာတင်ကင်းရဲ့။ ဘုရားသခင်က ခင်ဗျားကို ခွင့်ပြုမှာမဟုတ်ဘူး"

"ဘုရားသခင်က ခွင့်မပြုပေမယ့်၊ စေတန်ကခွင့်ပြုတယ်။ မာရ်နတ်က လက်ခံတယ်။ ဒီမှာ မြသွင်၊ ကျားမရဲ့ဦးနှောက်ထဲကို ထည့်ဖို့လူမတစ်ယောက်ကမှ အဆင်ပြေမှာမဟုတ်လား။ ဒါကြောင့် မြသွင်ရဲ့ဇနီး မစ္စစ်မြသွင်ရဲ့ ဦးနှောက်ကို ထုတ်မယ်"

***"ဘာ"***

ကျွန်ုပ် တုန်လှုပ်စွာ အော်လိုက်မိ၏။



"သိပ်မစိုးရိမ်ပါနဲ့ မြသွင်၊ ခုလောက်ဆိုရင် ကျုပ်တပည့်တွေက မစ္စစ်မြသွင်ကို မေ့ဆေးပေးပြီး ပိုးသတ်ခန်းထဲမှာ ထားပြီးပါပြီ"

"ခင်ဗျား... ခင်ဗျား... အရူး... လူသတ်ကောင်၊ လူသတ်သမား"

ကျွန်ုပ်က မစ္စတာမာတင်ကင်းထံသို့ အော်ဟစ်၍ ပြေးဝင်သွားမိသည်။

သို့သော် ကျွန်ုပ်မာတင်ကင်းထံသို့ မရောက်၊ ကုလားတစ်ယောက်၏ တားဆီးချုပ်ကိုင်ခြင်းကို ခံလိုက်ရ၏။

ကျွန်ုပ်ဒေါသတကြီး ရုန်းကန်နေစဉ် နောက်သို့ကလိုဖောင်းအနံ့ပြင်းပြင်းပါသည့် အဝတ်ဖြင့် ဖိကပ်ခံလိုက်ရပြီး လောကကြီးနှင့် အဆက်အသွယ် ပြတ်တောက်ခဲ့ရပါတော့သည်။

* * * * * * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၁ ) (၈)

## ကျားလောင်အိမ်ထဲက သောကလှိုင်း

ကျွန်ုပ်သတိရလာ၍ မျက်စိဖွင့်ကြည့် လိုက်သောအခါ အမှောင်ထုကြီးကို ရင်ဆိုင်လိုက်ရ၏။

ဘာဆိုဘာကိုမျှ မမြင်ရသော အမှောင်ထုကြီးဖြစ်၏။

လဲနေရာမှ ထထိုင်ကာ စမ်းကြည့်၍ အေးစက်စက် ကျောက်သားကြမ်းပြင်၊ ပြီးနောက် ညှီစို့စို့ရနံ့ဆိုး။

ကျွန်ုပ်တရွေ့ရွေ့ တိုး၍စမ်း၏။ အကာအဖြစ် ကျောက်သားနံရံကိုထိတွေ့ရ၏။ ရှေ့တိုး၍စမ်းတော့ သံတိုင်တွေ။ ကျွန်ုပ်၏နားတွင် အနီးအနားမှ ကျားတစ်သံ။ ပြီးတော့ ခပ်ဝေးဝေးဆီမှ ပင်ယဉ်လှိုင်းရိုက်သံ။



ထိုသောအခါမှ ကျွန်ုပ်သည် အလွန်ရက်စက်ကြမ်းကြုတ်ယုတ်မာ၊ အကြံပက်စက်လှသော ဇီဝမိစ္ဆာကောင် ဒေါက်တာမာတင်ကင်း၏အကျဉ်းသားအဖြစ် ကျားလှောင်အိမ်တွင်း၊ အလှောင်ခံထားရကြောင်း သိလိုက်ရ၏။

ကျွန်ုပ်သည် ဒေါသဖြစ်ဖြစ်နှင့် မာတင်ကင်း၏အမည်ကို ထပ်ကာထပ်ကာ ဟစ်အော်၍ ပယ်ပယ်နယ်နယ် ဆဲနေမိသည်။

လူမျိုးစုံသုံးလေ့ရှိသော အရိုင်းစိုင်းဆုံးသော ဆဲနည်းများဖြင့် အတန်ကြာအောင် ဆဲနေမိ၏။ အာခေါင်ခြောက်လာလေမှ ရပ်လိုက်၏။

ကျွန်ုပ်၏ဆဲရေးနေမှုမှာ ဘာမှထိရောက်မှုမရှိ၊ တစ်ဘက်ခန်းရှိကျားများသာ ဝရုန်းသုန်းကား ထ၍ဟိန်းသံပြုရုံရှိ၏။ ဒေါသဖြင့် ဆဲနေရာမှ ကျွန်ုပ်၏ဇနီးသည်ကို သတိရလာသည်။

"ကျားမရဲ့ ဦးနှောက်ထဲကို ထည့်ဖို့လူမတစ်ယောက်ရဲ့ ဦးနှောက်ကမှ အဆင်ပြေမှာ"ဟူသော မိစ္ဆာကောင် မာတင်ကင်း၏ စကားသံကို ပြန်ကြားလာမိ၏။

မာတင်ကင်းသည် ပြောသလိုလုပ်တတ်သော လူတစ်ယောက်ဖြစ်သည့်မို့ ကျွန်ုပ်၏ဇနီးသည်မှာ ဇီဝမိစ္ဆာကောင်၏ လက်ဝယ်သနား စဖွယ်ဆုံးရှုံးရတော့မည်ဟု တွေးမိကာ ကျွန်ုပ်ကြီးစွာ တုန်လှုပ်မိသည်။ စိတ်မှာလည်း ချစ်ဇနီးအတွက် ပူပန်သောကမီးတို့ တဟုန်းဟုန်းတောက်လောင် လာမိ၏။

ကျွန်ုပ်ဘာလုပ်ရမည်နည်း။ ကျွန်ုပ်၏ ဇီဝပညာ ငမ်းငမ်းတက်မှုကြောင့် အပြစ်မဲ့ရှာသော ဇနီးမှာ ဓားစာခံဘဝရောက်ရ၏။

www.burmeseclassic.com



အသက်ဆုံးရှုံးခြင်းသို့လည်း ရောက်ရတော့မည်။ ကျွန်ုပ်ကြောင့်…
ကျွန်ုပ်ကြောင့်…

ကျွန်ုပ်သည် ကိုယ့်ကိုယ်ကို လွန်စွာမကျေမနပ် ဖြစ်မိ၏။ မကျေနပ်ခြင်းနှင့်အတူ ဖနီးသည်ကလေး၏အဖြစ်ကို တွေးကာရင် မှာလှိုက်ဆူလာ၏။

အလွန်တရာပင် ရိုးသားလှသော၊ စိတ်ထားဖြူစင်သော ကျွန်ုပ်အပေါ် ချစ်ခင်မြတ်နိုးကြင်နာသော၊ သစ္စာရှိသော၊ သူယုံကြည်ရာ ဘုရား၊ တရားကို အလွန်ရိုသေလေးစားသော မိန်းမကောင်း မိန်းမမြတ်တစ်ဦးအား ကျွန်ုပ်ဆုံးရှုံးရပေတော့မည်ဟု တွေးမိကာ ယူကျုံးမရစွာ ငိုကြွေးနေမိ၏။

မည်မျှကြာအောင် ငိုကြွေးနေမိသည်မသိ။ ငှက်ငယ်ကလေး တို့၏ တေးသီသံနှင့်အတူ သံတိုင်ကြားသို့ အလင်းရောင်ရောက်လာ တော့မှသာ ရပ်လိုက်သည်။

ငိုကြွေးခြင်းကိုသာ ရပ်သော်လည်း ရင်မှာမူ တသိမ့်သိမ့် ရှိုက်နေမိသေးသည်။ အလင်းရောင်ရလာလေမှ အခန်းကိုကြည့်မိ၏။

အခန်းမှာ အလျားခြောက်ပေ၊ အနံလေးပေမျှသာ ရှိသော အခန်းလေးဖြစ်၏။ အမြင့်မှာမူ လူနှစ်ရပ်သာသာရှိလေသည်။ အခန်း ကိုကြည့်ရင်း အခန်းထောင့်မှာ ချထားသော ပစ္စည်းထုပ်တစ်ထုပ်အား မြင်ရသည်။ ယူ၍ကြည့်ရာ မုန့်ကြွပ်ခြောက်များ၊ အသားဘူးများနှင့် စစ်တပ်သုံးရေဘူး တစ်ဘူးဖြစ်၏။

မာတင်ကင်းတို့ ထည့်ပေးထားသော အထုပ်ဖြစ်ပြီး ဒေါသဖြစ်ဖြစ်နှင့် ခြေဖြင့်ကန်ပစ်လိုက်မိသေး၏။





နောက်တော့ စဉ်းစားကြည့်၏။ ကျွန်ုပ် အသက်ရှင်ဖို့လိုနေ သေး၏။ အသက်ရှင်ဖို့ ရေနှင့်အစာလို၏။ အသက်ရှင်ပါမှ ထို လှောင်အိမ်မှ လွတ်မြောက်ရာကို ရှာဖွေနိုင်မည်။ ဖဘုရားသခင်၏ အလိုတော်အတိုင်းဖြစ်စေတော့ဟု နှလုံးပိုက်ကာ အထုပ်ကိုယူ၍ ရေကိုသောက်၊ မုန့်ကိုစားသည်။

သို့သော် စား၍မဝင်၊ ညီစိုစိုအနံ့ကြီးအပြင် ပူပန်သောက တို့သည် လူအားဖိစီးနှိပ်စက်နေ၏။

ခဏအကြာတွင် ကျားတို့၏တဝုန်းဝုန်းအသံနှင့် စကားပြော သံတို့ကို ကြားရ၏။

ကျားစာလာကျွေးသော မဒရပ်ကုလားများ ဖြစ်မည်။ ကျွန်ုပ် သည် သူတို့ကြားလောက်အောင် အော်၍ဆဲနေမိသည်။

သံတိုင်မြင်ကွင်းမှာ ကျဉ်းသဖြင့် လူကိုမမြင်ရ။ အသံကိုသာ ကြားရ၏။ ကျွန်ုပ်ဆဲသံကို သူတို့ကြားမည်ထင်၏။

သို့သော် မည်သို့မျှ မတုန့်ပြန်ကြ၊ ထိုသောအခါ ကျွန်ုပ် မှာပို၍ ဒေါသဖြစ်လာ၏။ ဒေါသကြောင့် လူမှာမောလာသည်။ ညှီ စိုစိုအနံ့ကြောင့်လည်း ခေါင်းမှာမူးဝေနေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်သည် ကျားလှောင်အိမ်အတွင်း တစ် နေကုန်၍ တစ်မိုးချုပ်ခဲ့၏။

နောက်တစ်ခါ တစ်နေထွက်ပြန်သည်။ ကျားစာကျွေးချိန် တွင် လှောင်အိမ်၏ အမိုးထောင့်ရှိ သံတိုင်တံခါးလေး တစ်ချပ် ရုတ်တရက် ပွင့်သွားပြီး ရေနှင့်မုန့်ထုပ်တို့ ဘုတ်ခနဲပစ်ချ၊ ပြန်ပိတ် သွား၏။ ကျွန်ုပ်ဆဲလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အား မာတင်ကင်းသည် တိရစ္ဆာန်တစ်ကောင်လိုပင် သဘောထားခဲ့ပြီဖြစ်သည်။ ဤအယုတ်တမာ လူအားလည်ပင်းကို ကျိုးအောင် လိမ်ချိုးသတ်ပစ်ချင်လှသည်။ သူ့တစ်ကိုယ်လုံးအား ဓားဖြင့် နုတ်နုတ်စင်းချင်၏။ သို့သော် ကျွန်ုပ်ဘာမှ မတတ်နိုင်တော့။ ကိုယ့်အသက်ကို ကြဲဖန်မွေးကာသာ နေရတော့၏။

အခန်းထောင့်တစ်နေရာအား ကုတ်အင်္ကျီကိုချွတ်၍ ထဲ ကျင်းကာ အိပ်ဖို့နေရာလုပ်၏။ ခြေရင်း၏ နိမ့်သောနေရာ ကျောက် သား ရေဆင်းပေါက်ကလေးရှိရာတွင် ကျင်ငယ်ကျင်ကြီး စွန့်ဖို့ လုပ်၏။

ကျင်ငယ်စွန့်လိုက်လျှင် ရေပေါက်လေးမှ စီးဆင်းသွား သော်လည်း ကျင်ကြီးမှာကား အပုံလိုက်ကျန်ရစ်၏၊ မတတ်နိုင်တော့။ သည်အတိုင်းပင် ထားရသည်။ ကျင်ကြီးစွန့်သည့်အခါ သန့်စင်ရန် ကုတ်အင်္ကျီမှ အတွင်းဖဲသားများကို ဖြဲဆုပ်ကာ နည်းနည်းစီ သုံးရ၏။

ရေကုန်သော ရေဘူးကို ခေါင်းအုံးပြု၊ ကုတ်အင်္ကျီကို ခင်း၍အိပ်၊ ဒေါသဖြစ်လျှင်ဆဲ၊ ဖနီးနှင့်သမီးအတွက်ငို၊ တစ်ခါတစ်ရံ မှာမူ ဓမ္မကျမ်းစာကိုရွတ်၊ စိတ်ပေါက်ပေါက်နှင့် ဓမ္မတေးတွေကို အော်ဆို။ ကျွန်ုပ်ကို ကျွန်ုပ်ရူးသွားပြီဟုပင် ထင်မိသည်။

သည်လိုနှင့်နေ့ပြီးလျှင်ည၊ ညပြီးလျှင်နေ့၊ ရေဘူးသုံးဘူး ရပြီးနောက် ရေကိုဘူးနှင့်မပို့မှတော့။ ကော်အကြည်အိတ်ကြီးများနှင့် ပေး၏။ အိတ်ကိုဖောက်ရေဘူးသို့ထည့် ကုတ်အင်္ကျီအပြစဖြင့် ပြန် ချည်ပိတ်။ အလုပ်ရှုပ်၏။

မျက်နှာလည်း မသစ်ရ၊ သွားလည်းမတိုက်ရ၊ ရေလည်း



မချိုးရ၊ ကျွန်ုပ်တစ်ကိုယ်လုံး ချေးညှော်တို့ဖြင့် ညစ်ပတ်နံ့စော်နေ၏။ ကိုယ့်အနံ့ကိုပင် ကိုယ်မခံနိုင်ရှိနေရသည်။

ဤသို့ဖြင့် ဆယ့်ငါးရက်ကျော်ကျော်လောက် ရှိမည်ခန့် မှန်းရသော တစ်မနက်တွင် ကျွန်ုပ်ရှိရာ အခန်းသို့လာနေသော မစ္စတာမာတင်ကင်းကို သံတိုင်ကြားမှ လှမ်းတွေ့လိုက်ရ၏။

မီးခိုးရောင် ကုတ်အင်္ကျီ မီးခိုးရောင်ဘောင်းဘီ၊ နက်ခ်(တ) တိုင်အကြားတို့ ဆင်သလျက် ခပ်ငိုက်ငိုက် လျှောက်လာသည့် သူ့ ကိုမြင်ရလေလျှင် ဒေါသက လှိုက်ဆူ၍တက်လာ၏။

သံတိုင်ကို ဖျစ်ညှစ်၍ ဆုပ်ကိုင်ရင်း အော်ဟစ်ဆဲ ဆိုနေ မိ၏။

ထိုအချိန်က ကျွန်ုပ်၏ဖြစ်နေပုံမှာ ကျွန်းကိုရောက်သည့် နောက်နေ့ မာတင်ကင်းနှင့် ကျွန်ုပ်ကျားများကို လာကြည့်ချိန် မလေး ရှားကျားမ၏ ဖြစ်နေပုံ တူလှသည်။

မာတင်ကင်းကား ကျွန်ုပ်၏ဆဲဆိုသံတို့ကို မကြားသည့် အလားကျောက်တုံးပေါ်တွင် ခြေတစ်ဖက်တင်၊ မေးစေ့ကိုပွတ်လျက် ရှူးဂါးဂမ်းအဝါးမပျက်ဘဲ မျက်လုံးပြာလေးဖြင့် ရှုးစိုက်ကြည့်နေ လေ၏။

ကျွန်ုပ်မောရ်၍ အဆဲရပ်သွားလေမှ မဲ့ပြုံးလေး တစ်ချက်ပြုံး လိုက်ရင်း...

"ကျုပ် စိတ်မကောင်းပါဘူး မစ္စတာမြသွင်။ ကျုပ်ကို ခွင့် လွှတ်ပါ။ ဘုရားသခင်ကလည်း ခွင့်လွှတ်လိမ့်မယ်လို့ ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု လေအေးအေးလေးဖြင့် ပြော၏။

"ငရဲကောင်၊ စေတနာကောင်၊ မင်းလိုကောင်ကို ဘယ်ဘုရားသခင်ကမှ ခွင့်မလွှတ်ဘူး"

ကျွန်ုပ်ဒေါသတကြီး အော်မိ၏။

"ကျုပ် စမ်းသပ်ချက် မအောင်မြင်ဘူး။ မစ္စတာမြသွင် မလေးရှားကျားမလေး သေဆုံးသွားတယ်"

"ဘာ... ဒါဆို ကျုပ်ရဲ့... ကျုပ်ရဲ့ဇနီး"

"ဝမ်းနည်းပါတယ် မစ္စတာမြသွင်။ ခင်ဗျားရဲ့ ဇနီးလည်း သေသွားပါပြီ"

**"ဘာ..."**

ကျွန်ုပ်သည် ဤစကားတစ်ခွန်းကိုသာ ဆိုနိုင်ပြီ။

မျက်ရည်တွေ စမ်းရေလို ဒလဟော ကျကာငိုင်နေမိ၏။

သည့်နောက် မာတင်ကင်းကို မီးပွင့်ထွက်မတတ် ဒေါသမျက်လုံးဖြင့် ကြည့်နေရင်း ရင်မှာရှိုက်နေ၏။ ခံစားချက်တို့ဖြင့် ပြောစရာစကားလုံးတို့ ကျွန်ုပ်၏ရင်၌ မရှိတော့။ လူတစ်ကိုယ်လုံး လေတွင်လွင့်ပါးနေသလို ရှိနေတော့သည်။

မာတင်ကင်းက စကားဆက်ပြော၏။

သူ့အသံကို အဝေးကြီးမှ လိုကြားနေရသည်။

"ဒါပေမယ့် ကျုပ်ဟာခင်ဗျားရဲ့ မိတ်ဆွေကောင်း ပီသပါတယ်။ ခင်ဗျားဇနီးရဲ့ အလောင်းကို တရားဓမ္မတေးတွေနဲ့ ထုံမွှမ်း



ပြီးတော့ ပင်လယ်ထဲမှာ ကောင်းစွာသင်္ဂြိုဟ်လိုက်ပါတယ်။ ဒီအတွက်လည်း ဘုရားသခင်က ကောင်းချီးပေးမယ် ထင်ပါတယ်။ ကျုပ်ဟာခွဲစိပ်မှုမအောင်မြင်ပေမယ့် လုပ်ငန်းကိုတော့ ဘယ်တော့မှ ရပ်ပစ်ဖို့စိတ်မကူးပါဘူး။ ဒီတစ်ခါထပ်ပြီး ခွဲစိပ်မှုလုပ်ပါဦးမယ်။ ပထမအတွေ့အကြုံကြောင့် ဒီတစ်ခါတော့ ကျိန်းသေအောင်မြင်မယ်လို့ ကျုပ်အတပ်သိနေတယ်။ ဒီတစ် ခါခွဲစိပ်မဲ့ ကျားကတော့ ရိုးမကျား။ လူကတော့... လူကတော့... ဟောဒီက ချစ်မိတ်ဆွေကြီးပဲပေါ့"

ကျွန်ုပ်ကြားနေရ၏။

ဘာမှမပြောတော့။ ပြောစရာလည်း မရှိတော့။ ကျွန်ုပ်၏ ရီဝေ၍မျက်ရည်ပြည့်နေသည့် မျက်လုံးတွင်မူ ထမ်းစင်ကြီးမလာသော မေ့ဆေးသေနတ် ယူလာသော မဒရပ်ကုလားတွေကို မြင်နေရ၏။

သူတို့ ထမ်းစင်ကို ချ၏။ သေနတ်အား မာတင်ကင်းကို ပေးနေ၏။ ကျွန်ုပ်သည် ကြည့်ရင်း...ကြည့်ရင်းနှင့်ပင် သေနတ်သံတစ်ချက်မြည်ဟိန်းသွားပြီးနောက် ခေါင်းငိုက်ကျကာ အရာရာကို မမြင်ရတော့ဘဲ မှောင်အတိကျသွားလေ၏။

* * * * * * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၁ ) (ဃ)

## ကျားဖြစ်သွားတဲ့လူ

ကျွန်ုပ် မျက်စိကို ဖွင့်လိုက်၏။

အရာရာအား ကြည်လင်ရှင်းလင်းစွာ မြင်နေရ၏။ အခန်း၏မျက်နှာကျက်အမိုးများ၊ မီးသီးမီးဆိုင်းများဖြစ်၏။ ကျွန်ုပ် ဘယ်နေရာကို ရောက်နေလဲ ကျွန်ုပ်မသိ။

အနံ့ရ၏။ ပိုးသတ်ဆေးအနံ့ ဖြစ်သည်။ ကျွန်ုပ်သေသေချာချာ ရှူကြည့်၏။ ဟုတ်သည် ပိုးသတ်ဆေးအနံ့ပင် ဖြစ်သည်။

ထို့ပြင် အခြားသော ဆေးနံ့တွေလည်းရ၏။ ထို့ပြင် ဟိုးခပ်ဝေးဝေးမှ အနံ့ကိုလည်းရ၏။ လူနံ့၊ လူရဲ့ရနံ့။

ကျွန်ုပ်ဘာဖြစ်သွားသနည်း။ အဝေးဆီမှ အနံ့ကိုပင်ရှူ၍



ရနေ၏။ ကျွန်ုပ်ဘာလဲ၊ လူမဟုတ်လား၊ ဘာဖြစ်လို့ လူနံ့ကို ရပါသလဲ။ ကျွန်ုပ်မသိ။

အသံတွေကြားရ၏။

ရေလှိုင်းရိုက်သံ၊ ငှက်မြည်သံ၊ သစ်ရွက်လေတိုးသံ၊ လိပ်ပြာငယ်တောင်ပံခတ်သံ။

နောက်ပြီးတော့ ခြေသံတွေ၊ နီးနီးကလေးတော့ မဟုတ်။ အဝေးဆီမှ ကြားရ၏။ ကျွန်ုပ်နားတွေ ဘာကြောင့် ဤမျှပါးလှပ်ရပါသလဲ။

ကျွန်ုပ်မသိ။ ကျွန်ုပ်လှုပ်ကြည့်၏။ ခန္ဓာကိုယ်ကြီး လေးလံနေသည်။ ခြေတွေလက်တွေ လှုပ်ကြည့်၏။ မရ။ ကျွန်ုပ်ခြေလက်တို့အား တစ်စုံတစ်ရာဖြင့် ချုပ်နှောင်ထားပုံရသည်။ ဘာကြောင့်ပါလိမ့်။

ကျွန်ုပ်မသိ။ အသံပြုကြည့်၏။ ဟိန်းခနဲ အသံဆိုးဆိုးအစ်အစ်ကြီး ထွက်၏။ ရေဆာ၏။ ရေဟုပြောကြည့်သည့် အသံဆိုးအစ်အစ်ကြီးသာ ထွက်၏။ ကျွန်ုပ်၏အသံ ဘာဖြစ်နေပါလိမ့်။

ကျွန်ုပ်မသိ။ ခက်တော့ ခက်နေပြီ။ မသိ… မသိဆိုသော မသိခြင်းမေးခွန်းတို့များနေပြီ။ ကျွန်ုပ်ဘာလဲ။ ကျွန်ုပ်ဘာကြောင့် မသိရပါသနည်း။

ဤအရာကိုလည်း ကျွန်ုပ်မသိ။

ကျွန်ုပ်တွေးကြည့်၏။ အတွေးတွေက နှင်းငွေ့တွေလို ဆိုင်းနေ၏။ အတွေးမှာ ပြတ်ပြတ်သားသား မရှိ။ တောတွေ၊ တောင်တွေ သစ်ပင်ကျောက်ဂူတွေကိုလည်း ဝိုးတဝါး တွေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ယုန်တစ်ကောင်ကို အပြေးအလွှား လိုက်ကာ ကျွန်ုပ်လက်ဖြင့် ပုတ်၍ကုပ်၍ ဖမ်းကာစားမိသလိုလို၊ ကျောင်းစာသင်ခန်းတွင်းမှာ စာတွေဖတ်၊ မှတ်ရေးနေသလိုလို၊ လပြည့်ညလရောင်ကို မော့ကြည့်ကာ အသံကုန်ဟိန်းလိုက်မိသလိုလို၊ လရောင်အောက် မြက်ခင်းပြင်မှာဇနီးနှင့် သမီးကိုလက်ဆွဲကာ လမ်းလျှောက်နေသလိုလို။ ကျွန်ုပ်ဘာဖြစ်နေပါလိမ့်။

ကျွန်ုပ်တွေးမရ။ ဆာလောင်လှ၏။ အစာအိမ်မှာ ဂျုပ်ဂျုပ်မြည်နေ၏။ စမ်းချောင်းတစ်ခုမှရေကို ငုံ့ကာသောက်လိုက်ချင်လှ၏။ ဒါမှမဟုတ် လက်ဖြင့်ခပ်သောက်ရမလား။

အသားစိမ်းတစ်မျိုးမျိုးကို ကြွပ်ကြွပ်ဝါး၍ မျိုချရမလား။ မဟုတ်ဘူး။ ညီတယ်။ ချက်ပြုတ်ကြော်လှော် စားရမှာ။ မညီဘူး။ စားမယ်။ ညီနံ့ရတယ်။ ပိုပြီးဆာတယ်။

ခြေသံတွေကြား၏။ လူနံ့ရ၏။ လူ… လူကဘာလဲ။ စားလို့ရတယ်ထင်ရဲ့။

တွေး၏။ တွေးရင်း… တွေးရင်း လူနံ့နှင့်ခြေသံတွေနီး၍နီး၍လာ၏။ အနားမှာ လာရပ်ကြသည်။

"သတိရလာပြီ။ မျက်လုံးဖွင့်ထားတယ်"

"အသက်ရှူမှန်တယ်"

"နှလုံးခုန် မှန်တယ်"

"ဦးနှောက်နပ်မ်အကြောတွေ မှန်ဖို့လိုတယ်"

"ဆရာကြီးဆီကို သတင်းသွားပို့မလား"





"နောက်နှစ်နာရီလောက် အာရုံခံစက်ကို နှီးလိုက်မှဖြစ်မယ်"

"လုပ်လေ"

စကားသံတွေ ကြားရ၏။

နားမလည်သလိုလို၊ နားလည်းသလိုရှိနေခိုက် ဒုန်းခနဲမြည်သောအသံဖြင့် ဦးခေါင်းကိုလာထိ၏။ တစ်ကိုယ်လုံး တုန်သွားသည်။ ပြီးနောက် ဘာမှမသိတော့…။

ပြန်၍သတိရလာသောအခါ ခေါင်းမှာ ကြည်လင်နေ၏။ ပြတ်ပြတ်သားသား သတိရသည်က ချစ်ဇနီးလှလှ၊ သမီးလေးလှမြသွေး၊ ယုတ်မာသော မိတ္တာကောင်မာတင်ကင်း။ သူတို့ဘယ်မှာလဲ…။

ကျွန်ုပ်ကော ဘယ်ရောက်နေလဲ။ ပိုးသတ်ဆေးနံ့ရ၏။ မျက်နှာကျက်ဖြူဖြူကို မြင်ရ၏။ မီးလုံးမီးဆိုင်းတွေရှိ၏။ ကျွန်ုပ်ကျားလှောင်အိမ်မှာရှိနေခြင်း မဟုတ်။ ဒါဆို ဆေးရုံများလား..။

ဆေးရုံဟူသော အတွေးကိုရသည်နှင့် ကျွန်ုပ်ရင်မှာ ထိတ်သွား၏။

မာတင်ကင်းက လူယုတ်မာ…။ ကျွန်ုပ်အား မည်သည့်နည်းနှင့်မျှ ဆေးဝါးကုသပေးမည်မဟုတ်။ ဒါဆို… ကျွန်ုပ်ကို.. ကျွန်ုပ်ဇနီးကဲ့သို့ပင် ခွဲစိပ်စမ်းသပ်တော့မလား။ တွေးမိပြီး။ လက်တွေခြေတွေကိုရုန်းကြည့်၏။ မရ။

ကျွန်ုပ်၏လက်ခြေတို့အား ခိုင်ခန့်စွာတုတ်နှောင်ထားပေ၏။ ကျွန်ုပ် ဘယ်သို့လုပ်ရမည်နည်း။ တွေးနေ၏။

ထိုအခိုက်မှာပင် ခြေသံတွေကို ကြားနေရ၏။ ခြေသံသည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမဟုတ်...။ များစွာ ဖြစ်လေသည်။

ထိုခြေသံများမှာ ကျွန်ုပ်ထံသို့ ဦးတည်လာနေသည့် ခြေသံများဖြစ်၏။ ခြေသံနှင့်အတူ လူနံ့တွေပါရ၏။ ထူးထူးဆန်းဆန်း ကျွန်ုပ်လူနံ့ခံတတ်နေလေပြီ။ ကျွန်ုပ်မျက်လုံးကို ပြန်မှိတ်၍နေမိသည်။

ခြေသံတွေပို၍နီးလာသည်။ စကားပြောသံတွေလည်း ကြားရ၏။ မဒရပ်ကုလားများ၏အသံ။ ပြီးတော့ မစ္စတာမာတင်ကင်းအသံ...။

ဒေါသလှိုင်းတို့ တရိပ်ရိပ်တက်လာ၏။ သူ့ကြောင့် ကျွန်ုပ်ဖမ်းဆီးပါးခဲ့ရပြီ။ သို့သော် ဒေါသထွက်၍မဖြစ်။ ငြိမ်နေမိ၏။

သူတို့ ကျွန်ုပ်နားသို့ရောက်လာ၏။

အိုး... နံလိုက်တဲ့ လူနံ့တွေ။

"စောစောက သူမျက်လုံးဖွင့်ကြည့်တယ်။ ဦးနှောက်အလုပ်လုပ်နေပုံရတယ်။ နှစ်နာရီထပ်မောင်းထားတာ။ ခုရပ်လိုက်ပြီ"

မဒရပ်ကုလား၏အသံ။

"အော်သေးလား"

မစ္စတာ မာတင်ကင်း၏အသံ။

"မအော်ဘူး"

"စက်တွေ ဖြုတ်လိုက်တော့"

ကျွန်ုပ်ဦးခေါင်းဆီမှ တစ်စုံတစ်ခုကို သူတို့ဖယ်ရှားနေကြ၏။

"ပုတ်နှိုးလိုက်စမ်း"



မာတင်ကင်း၏စကားအဆုံး ကျွန်ုပ်အသားအား ရိုက်လိုက်၏။

ကျွန်ုပ်လူးလွန့်ကာ မျက်လုံးဖွင့်ကြည့်၏။

ကျွန်ုပ်အား ငုံ့ကြည့်နေသော မာတင်ကင်း၏ မျက်လုံးနှင့်ဆုံသွား၏။ ကျွန်ုပ်ဒေါသဖြင့် "လူယုတ်မာ"ဟု အော်၏။ သို့သော် စကားသံမထွက်။ တိရစ္ဆာန် ကျားကောင်၏အသံသာ ထွက်သွား၏။

"ဟိုင်း...ဟိုင်း...ဟဲ...ဟဲ... အောင်ပြီ၊ အောင်ပြီကွ"

မစ္စတာမာတင်ကင်း၏ ကျယ်လောင်သောအသံကြီးကို ကြားလိုက်ရချိန်တွင် ကျွန်ုပ်ကိုယ့်ကို ကိုယ်ဘာဖြစ်သွားသည်ကို ကြေကွဲစွာ သိရလိုက်ပေပြီ။

ကျွန်ုပ်တစ်ကိုယ်လုံး ဒေါသဖြင့် တုန်နေ၏။ ပြီးနောက် ဝမ်းနည်းစွာ ရှိုက်လိုက်မိသည်။ ကျွန်ုပ်သည် လူစင်စစ်မှ နေ၍ တိရစ္ဆာန်ဖြစ်သွားရလေပြီ။

လူသားအဖြစ်မှ ... တိရစ္ဆာန်အဖြစ်သို့...။

"အောင်ပြီဟေ့၊ အောင်ပြီ။ သူ့ကိုအမိန့်နာခံအောင် နည်းနည်းလေ့ကျင့်မယ်။ ပြီးရင် ရန်ကုန်ကိုခေါ်သွားပြီး စမ်းသပ်အလုပ်တချို့ခိုင်းမယ်။ ဓာတ်ပုံမှတ်တမ်းယူမယ်။ ပြီးရင် ခေါင်းဆောင်ကြီးဟစ်တလာဆီကို အစီရင်ခံမယ်။ စီမံကိန်းကိုဆက်လုပ်မယ်။ သုံးကောင်ရရင် ဂျာမန်ကိုပို့မယ်။ ငါလိုလူ ကမ္ဘာမှာမရှိဘူးကွ"

မာတင်ကင်းက အရူးတစ်ယောက်လို ကြွေးကြော်နေချိန်...။ ဘဝဆုံးသွားရသော ကျွန်ုပ်မှာကား ကြေကွဲ၍မဆုံးနိုင်တော့...။

* * * * * * *

www.burmeseclassic.com



## အခန်း ( ၁၁ )(င)

## ကျားတစ်ကောင်ရဲ့ စွန့်စားခန်း

သူတို့ကျွန်ုပ်အား ကြည့်၍အောင်ပွဲခံကြပြီးနောက် ကျွန်ုပ်အား အစာကျွေးခြင်း၊ ရေတိုက်ခြင်းတို့ကို ပြုကြ၏။

ဤနေရာတွင် ကျွန်ုပ်က ညာဏ်သုံးကာ သူတို့အပေါ် ဒေါသထွက်ခြင်း၊ ကလန်ကဆန်ပြုခြင်းတို့ကို ရှောင်ရှား၍ အလိုက်အထိုက် ပင်နေလိုက်၏။

ဤသို့နေရင်းဖြင့် မာတင်ကင်းအား လုလုပပကြီး လက်စားချေ၍ မိမိ၏လွတ်မြောက်မှုကို ရှာမည်ဟု ဆုံးဖြတ်လိုက်၏။

တိုတိုဆိုရပါက မာတင်ကင်း၏ အလိုတော်အတိုင်း ထဆိုထ၊ ထိုင်ဆိုထိုင်၊ လမ်းလျှောက်ဆိုလျှောက်၊ စားဆိုစားနေပြလိုက်ရာ မာတင်ကင်းမှာ ကျွန်ုပ်အား အလွန်ပင် သဘောတွေ့နေပြီ။



"မင်းဟာ... မစွတာမြသွင်လဲ မဟုတ်ဘူး၊ ရိုးမကျားလဲ မဟုတ်ဘူး။ ငါ့ရဲ့ဇီဝဗေဒပညာနဲ့ မွေးလိုက်တဲ့ အက်စ်အက်စ်ဝမ်း ဖြစ်တယ်"

ဟုအမည်ပါ ပေးလိုက်သေး၏။

ကျွန်ုပ်ကား ကျွန်ုပ်၏ ဟန်ဆောင်နေမှုအတွက် ရယ်ချင်လှ၏။

သို့သော် ကျားတစ်ကောင်မှာ မည်သို့မျှရယ်၍မရ။

မိတ်ဆွေစဉ်းစားကြည့်ပါတော့...။

*လူဦးနှောက်နှင့် ကျားခန္ဓာကိုယ်ကောင်သည် လူလိုတွေး၍ ကျားလိုနေရခြင်းမှာ မည်မျှအဖြိုးအမောက် မတည့်ပါသနည်း။*

နေ့လည်ဘက်တွင် သူလေ့ကျင့်ပေးသည်ကို လိုက်လုပ်၊ ညတွင်မူ ဖနီးအတွက် ပူဆွေးရပြီး၊ သမီးကလေးကို တွေ့လိုလှသည်။

ညဘက်တွင် ကျွန်ုပ်သည် နံရံတွင် စာရေးကျင့်၏။ စာဖတ်၏။ ထူးဆန်းသည်မှာ ကျွန်ုပ်စာတွေကို မမေ့။ ကျားလက်ဖြင့်ရေးရ၍သာ လက်ရေးမညီညာ။ စာဖတ်၍လည်း ကောင်း၏။ အထူးသဖြင့် ကျွန်ုပ်၏မျက်လုံးက ညဘက်မှာလည်း မြင်ရသဖြင့် လောကကြီးမှာ ကျွန်ုပ်အတွက် နေ့ညမရှိခြင်းဖြစ်နေရာ ပို၍ကောင်း၏။

မာတင်ကင်း နေ့လည်ဘက် ကျွန်ုပ်နှင့်ရှိနေစဉ် သူ့ကို ကျွန်ုပ်အလွယ်တကူ သတ်ပစ်နိုင်၏။ ကျွန်ုပ်လက်ဖြင့် တစ်ချက်ပုတ်လိုက်လျှင် မာတင်ကင်း ဗိုင်းခနဲ လဲသွားနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်ုပ်မသတ်သေး၊ ကျွန်ုပ်ရန်ကုန်သို့ လိုက်ချင်၏။ ကျွန်ုပ်သမီးကို တွေ့ချင်၏။ ခုချိန်ဆို ကျွန်ုပ်တို့ ပျောက်ဆုံးနေ၍သမီးလေး စိတ်ပူပင်သောကရောက်လှရော့မည်။

ရန်ကုန်ကိုရောက်လျှင် ကျွန်ုပ်သမီးကိုတွေ့ပြီးမှ ဒင်းကိုသတ်မည်ဟု မှန်းထား၏။

သည်မှာ သတ်လိုက်လျှင် ရန်ကုန်သို့သွားဖို့မလွယ်။ ချုပ်၍ဆိုရပါလျှင် ကျွန်ုပ်သည် ဟန်ဆောင်ကောင်းကောင်းနှင့် နေရင်းမာတင်ကင်း စီစဉ်သည့်အတိုင်း ရန်ကုန်သို့ရောက်ခဲ့၏။

ရန်ကုန်ဆိပ်ကမ်းမှ ကျွန်ုပ်အား ညဘက်တွင်ထရပ်ကားတစ်စီးဖြင့် မာတင်ကင်း၏ လျှို့ဝှက်နေထိုင်ရာ မင်္ဂလာဒုံခြံသို့ရောက်၏။

ရန်ကုန်တွင် နှစ်ရက်နေ နေချိန်မာတင်ကင်း၏ ယုတ်မာသည့် အကြံကိုသိရပြန်သည်။ ရန်ကုန်မြို့ရှိ ထင်ရှားလှသော လူဆိုးဂိုဏ်းများကို အခကြေးငွေပေးငှားကာ ကျွန်ုပ်သမီးအား ဖမ်းဆီးမည့် အကြံဖြစ်ပေသည်။

သူ့အကြံမဦးခင် ကျွန်ုပ်သည် တစ်ညသ၌ ကျွန်ုပ်ထားရာအခန်းကိုဖျက်ဆီးလျက် အစောင့်ကိုသတ်... အစောင့်၏ လောင်းကုတ်အင်္ကျီကိုဝတ် ဦးထုပ်ပျော့ကို ဆောင်း၍ရုပ်ဖျက်ကာ ကျွန်ုပ်သမီးထံသို့လာခဲ့၏။

ထိုနေ့က မိုးတို့ရွာသောနေ့ဖြစ်လေ၏။ သမီးထံမရောက်ခင် မိုးလင်းသွားသဖြင့် ကျွန်ုပ်ဇနီး ကိုးကွယ်သည့် သပြေတောရကျောင်းအနီး တောချုံတွင်တစ်နေ့ နားခဲ့ရသေးသည်။



ညအချိန် မိုးကရွာလာပြန်၏။ မိုးထဲရေထဲတွင် သမီးထံလာခဲ့၏။ သမီးအတွက်လည်း စာရေးခဲ့သေး၏။

***သမီး...***

***ဖေဖေ မသေပါ။***

***ဒါပေမယ့် ဘဝခြားနေပြီ။***

***ဆက်သွယ်ဖို့ ခက်နေတယ်။***

***ဖေဖေ***

ဟူသော စာဖြစ်၏။

ထိုစာကို မိုးဒဏ်ရေဒဏ် ခံနိုင်ရန် သားရေပြားပေါ်တွင်ရေး၏။

တံခါးခေါက်၍ သမီးဆင်းလာ၏။ သို့သော် သမီးမှာ ကျွန်ုပ်ကိုမြင်ရသည်နှင့် လန့်ကာမေ့လဲသွားသဖြင့် စာကိုသာ ထားခဲ့ရသည်။

နောက်တော့ ကျွန်ုပ်သည် ကျွန်ုပ်၏ဇနီးနှင့် ကျွန်ုပ်ဘဝအတွက် ဂလဲ့စားချေမှုကိုစ၏။

မာတင်ကင်းကို လိုက်ရှာ၏။

လျှို့ဝှက်အိမ်တွင်မရှိ။ အက်စ်အက်စ်ကင်း သင်္ဘောတွင်လည်းမရှိ။ သို့ကြောင့် ကင်းဘဲလ်လမ်းရှိ ဇီဝဗေဒရုံးသို့ လိုက်သွား၏။

မာတင်ကင်း မရှိ။ ဤတွင်ရုံးစောင့် ရာကျွန်းနိုးသ[illegible]ကာ ကျွန်ုပ်ကို ရန်ရှာသဖြင့် ဘဝအဆုံးသပ်ပေးလိုက်ရသည်။

www.burmeseclassic.com



ကျွန်ုပ်သမီးကို တွေ့လိုဇောဖြင့် သမီးနေထိုင်ရာ ကြို့ကုန်းတစ်ဝိုက်ချုံတောများတွင် နိုအောင်းချောင်းမြောင်း နေခိုက် ကျွန်ုပ်သမီးအား လူတစ်ယောက်ကားနှင့် ခေါ်ဆောင်ကာ ခြံတစ်ခြံသို့ဝင်သွားသည်ကို တွေ့ရ၏။

ထိုခြံသို့ ကျွန်ုပ်ညဘက်လာသောအခါ ကားတစ်စီး၊ လူသုံးယောက်နှင့် ကျွန်ုပ်ဆုံရ၏။ ထိုလူများက ကျွန်ုပ်အား သေနတ်ဖြင့်ပစ်ခတ်ရန်ပြုရာ ရန်ပြုသူတစ်ဦးအား သတ်ဖြတ်လိုက်ရသည်။ ကျန်သူတို့မှာ ကျွန်ုပ်အား ကြောက်၍ပြေးကြတော့သည်။

ကျွန်ုပ် ထိုခြံကို စောင့်ကြည့်ရမည်။

ထိုခြံတွင် ကျွန်ုပ် သမီးရှိ၏။

* * * * * * *

သားရေပြားပေါ်မှစာက ဤမှာပင်ဆုံး၍သွား၏။ စာဖတ်ရင်းငိုကြွေးရင်းဖြင့် လှမြသွေး တစ်ယောက် ရှူးမတတ် ခံစားနေရပေသည်။

သားရေပြားစာချပ်များကို ဖတ်ရင်း တသိမ့်သိမ့် ငိုရှိုက်နေသည့်လှမြသွေးရှိရာသို့ စုံထောက်စိန်ဘန်း ရောက်လာ၏။

"ငိုပါ မလှမြသွေး၊ အားရအောင် ငိုလိုက်ပါ။ လူသန်းပေါင်းများစွာမှ တစ်ယောက်သောက်တောင် မဖြစ်နိုင်တဲ့ ဒီလိုအဖြစ်မျိုးနဲ့ မလှမြသွေး ကြုံခဲ့ရတာ မဟုတ်လား။ ငိုလိုက်ပါ။ ဒေါက်တာမြသွင်ဟာ စကားမပြောနိုင်ပေမယ့်၊ စာရေးနိုင်လေတော့ ကျုပ်တို့ရဲ့ထောင်ချောက်ထဲမှာမိနေတုန်း သူကစာရေးပြ၊ ကျုပ်ကစကားပြောနဲ့ သူနဲ့ကျုပ်ဟာ ခဏအတွင်းမှာ မိတ်ဆွေဖြစ်ပြီး၊ ကျုပ်ကိုယုံကြည်တဲ့အတွက် ဒီသားရေပြားစာချပ်ကြီးကို ပေးခဲ့တာပဲ။ ကျုပ်ကလဲ သူ့





ကိုလွှတ်ပေးလိုက်တယ်။ ကဲ... မလှမြသွေး အချိန်သိပ်မရှိပေဘူး။ ဒေါက်တာမာတင်ကင်းရှိရာကို သူခွဲပြတဲ့ မြေပုံအတိုင်း လိုက်ရမယ်။ ဒီမှာ မစန်းမွေးနဲ့နေခဲ့..."

စုံထောက်စိန်ဘန်းက ပြောလေ၏။

"အဲဒီမှာ ဖေဖေရှိနေမလားဟင်"

လှမြသွေး မေးမိ၏။

"ရှိမှာပေါ့။ သူဟာ မာတင်ကင်းကို စေ့စေ့ညက်ညက်ချောချင်နေတာပဲ"

"ဒါဆို ကျွန်မလိုက်မယ်"

"အန္တရာယ်များပါတယ် မလှမြသွေး"

"များပါစေလေ။ ကျွန်မ အန္တရာယ်ကို ရင်ဆိုင်နိုင်ပါပြီ။ ကျွန်မ... ဖေဖေ့ကို တွေ့ချင်တယ်။ သူဟာ ဘာအကောင်ကြီးပဲဖြစ်နေ၊ ဖြစ်နေ ဖေဖေဟာ ဖေဖေပါပဲ။ သေသွားပြီး တမလွန်မှာ တစ္ဆေသူရဲ ဖြစ်နေရင်တောင် ကိုယ့်အဖေ၊ အမေကို အလှူအတန်းလုပ်အမျှဝေရသလို၊ ရှိနေတဲ့ ဖေဖေကို ကျွန်မ ဖေဖေလို့ ခေါ်ပြီးအားပေးချင်လို့ပါ။ ကျွန်မကို မထားခဲ့ပါနဲ့"

သူမ၏ တောင်းဆိုချက်ကို စုံထောက်စိန်ဘန်းနှင့် ဆားပုလင်းသက်ပြင်းတို့က တိုင်ပင်လိုက်ပြီးနောက် သဘောတူခွင့်ပြုလိုက်တော့သည်။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၂ )

## ဒီဝမိတ္တာကောင်

ကားလမ်းမှဖဲ့ဆင်းသွားရသည့် လမ်းကလေးမှ ပထမခပ်ပြေပြေကလေးဖြစ်သော်လည်း တဖြည်းဖြည်းနှင့် ချုံနွယ်ပိတ်ပေါင်းတို့ထူထပ်ကာ ချောက်ကမ္ဘားဆန်ဆန် ရှိ၏။

ဖေဖေ၏ မြေပုံညွှန်းမှာ ဤနေရာဖြစ်သည်။

လူသူအိမ်ခြေကင်းမဲ့သော နေရာဖြစ်သည်။

ချုံတောတို့ကို တိုး၍တိုး၍ သွားရင်း ချုံတို့မှာပို၍ ရှုပ်ခပ်လာ၏။

အထူးသဖြင့် ဆူးပါသော ကြခတ်ဝါးရုံတို့ ဖြစ်လေသည်။ လူသွားလမ်းကလေးမှာလည်း ကျဉ်းသည်ထက်ကျဉ်းလာ၏။



ထိုနေရာမှ စီး၍ကြည့်လျှင် ခပ်ဝေးဝေးအနိမ့်ပိုင်းမှာ အမိုးနီနီနှင့် အဆောက်အဦအပုလေး တစ်လုံးကို လှမ်းမြင်နေရသည်။

ထိုနေရာက မာတင်ကင်းနေထိုင်ရာ နေရာဖြစ်မည်။

လမ်းခရီးကို စုံထောက်စိန်ဘန်းက ရှေ့ကသွား၏။

သူမက အလယ်၊ ဆားပုလင်းသက်ပြင်းက နောက်ကလိုက်သည်။ သူတို့တွင် သေနတ်အတိုကလေးတွေပါ၏။ လမ်းသွားနေရင်းနှင့် ဖေဖေ၊ မေမေတို့အကြောင်း တွေးမိလာ၏။

မေမေကား လူယုတ်မာ မာတင်ကင်း၏ ရူးသွပ်သော စမ်းသပ်မှုဖြင့် အသက်ဆုံးရှုံးခဲ့ရ၏။

ဖေဖေမှာမူကား အသက်ရှင်နေသော်လည်း လူလိုသိနေသော်လည်း၊ လူတစ်ယောက်မဟုတ်တော့။ လူဦးနှောက်နှင့် ကုခန္ဓာကိုယ် တောရိုင်းတိရစ္ဆာန်တစ်ကောင် ဖြစ်ခဲ့ရပြီ။

မယုံကြည်နိုင်လောက်စရာ ကံကြမ္မာဆိုးလှ၏။ တွေးရင်းဖြင့် မျက်ရည်တို့ စို့အန်ကျလာသည်။ ရင်မှာ တစ်ရှိုက်ရှိုက်ဖြစ်လာသည်။ ထိန်းသိမ်းမရစွာ အသံထွက်ငိုလိုက်မိ၏။

သူမ၏ငိုသံကြောင့် စုံထောက်စိန်ဘန်းက စိတ်မကောင်းစွာလှည့်ကြည့်ရင်း သက်ပြင်းချသံကြားလိုက်ရ၏။

သူမအဖို့ ရှေးဘဝက အကုသိုလ်ကံကိုပဲ အပြစ်ပုံရမလား၊ အတတ်ဆန်းပညာရပ် ရူးသွပ်နေသော ဒေါက်တာမာတင်ကင်းကိုပဲ အပြစ်ပုံရမလား မသိတတ်နိုင်အောင် ရှိနေခိုက် အဆောက်အဦပေါက ကျားတစ်ကောင်၏ ခပ်အစ်အစ် ဟိန်းသံကိုကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်အသံ… သည်အသံကို လှမြသွေး မှတ်မိ၏။

ဖေဖေ့၏ အသံဖြစ်လေသည်။

ဖေဖေ တစ်ခုခု ဖြစ်နေပြီလား။ သူမချက်ချင်းကို တိုးကာပြေး၏။ သို့သော် မရ။ စုံထောက်စိန်ဘန်းက သူမလက်ကို လှမ်းဆွဲထားသည်။

"ဆန္ဒမစောနဲ့ မလှမြသွေး၊ အန္တရာယ်ရှိတယ်"

စုံထောက်စိန်ဘန်း ပြောနေခိုက်၊ သေနတ်သံ တစ်ချက် ကြားလိုက်ရပြီးနောက် တိတ်ဆိတ်သွားပြန်သည်။ အဆောက်အဦ ကလေးအနီးသို့ သူတို့အလျင်အမြန် ကပ်မိသွားကြသည်။

အဆောက်အဦ၏ နောက်ဘက်ဆီမှ လူတစ်ယောက်၏ ချိမဆန့် အော်သံကြားလိုက်ရပြန်သည်။

ထို့နောက် ရိပ်ခနဲ ကွယ်းပစ်လိုက်သော ကျားတစ်ကောင်…။

"ဒါဟာ… ဖေဖေ"

သူမသည် စိတ်လှုပ်ရှားစွာဖြင့် ရုတ်တရက် ပြေးထွက်သွား၏။ ဖေဖေရှိရာ ချုံဆီသို့ ဖြစ်သည်။

ရုတ်တရက်မို့ စုံထောက်စိန်ဘန်းနှင့် ဆားပုလင်း သက်ပြင်းတို့ တားဆီးချိန်မရလိုက်။

"မလှမြသွေး"

ဟု ပြိုင်တူအောင်လိုက်သော သူတို့နှစ်ဦး၏ အော်သံကိုသာ ကြားရပြီး သူမသည် ဖေဖေရှိရာ ချုံအနားသို့အရောက် အဆောက်





အဦ၏နံဘေးဆီမှ လူတစ်ယောက် ဖျတ်ခနဲ ထွက်လာသော သူမကို တင်းတင်းရစ်ရစ် ချုပ်ကိုင်လိုက်၏။

"လွှတ်… လွှတ်"

သူမအော်၍ရုန်း၏။

ရုန်းကန်အော်ရင်း ထိုသူကို မော့ကြည့်မိသည်။

ထိုသူက ဒေါက်တာမာတင်ကင်း။

ဇီဝဗေဒပညာရှူးရှူးနေသော လူယုတ်မာ မာတင်ကင်း ဖြစ်ကြောင်း သိလိုက်ရလေရာ ဒေါသတကြီးဖြင့် သူ့လက်တွေကို ကုပ်ခြစ်နေမိသည်။

"လွှတ်… လွှတ်… လူယုတ်မာကြီး… လွှတ်"

လှမြသွေး အော်ဟစ်နေ၏။

ဒေါက်တာမာတင်ကင်းကမူ တဟားဟား ရယ်မောရင်း သူမ၏နားထင်ကို သေနတ်ပြောင်းတေ့လျက်…။

"ဟိတ်… ကျားကောင်မြသွင်၊ ငါ့ကို အာခံတဲ့ မြသွင်။ ကျားစိတ်မမွေးဘဲ လူစိတ်မွေးတဲ့မြသွင်။ ထွက်လာခဲ့စမ်း။ ဟောဒီမှာ မင်းရဲ့သမီး… တွေ့လား။ မင့်သမီး မသေစေချင်ရင် အဖမ်းခံလိုက်။ ဟိုကောင်တွေ ကျားကောင်ကို ဖမ်းကြ"

ဒေါက်တာ မာတင်ကင်းက အသံကျယ်ကျယ်ဖြင့် ပြောလိုက်ပြီး သူမနားထင်ကို သေနတ်ပြောင်းဖြင့် ထပ်၍ဖိ၏။

ဝေါင်းခနဲ ဟိန်းသံနှင့်အတူ ချုံကွယ်မှ ဖေဖေ ဦးခေါင်း ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တာသကြီး ဟိန်းသံပြုလိုက်ပြီး ချုံတွေကို လက်ဖြင့်ဆွဲရမ်းကုပ်ဆွဲပစ်လိုက်သည်။ သစ်ကိုင်းသစ်ခက်တို့ ဖွားဖွားလွင့်ကုန်သည်။

"ဖေဖေ... မလာနဲ့... အဖမ်းမခံနဲ့"

သူမ အော်ဟစ်ကာရုန်း၏။

ထိုစဉ် သေနတ်တစ်လက်ဖြင့် ကုလားတစ်ယောက် အဆောက်အဦတွင်းမှ ပြေးထွက်လာ၏။

ဖေဖေက လွှားခနဲခုန်ကာ ကုလားဆီသို့ ရောက်သွားပြီး သေနတ်ကိုလက်ဖြင့် ပုတ်ချ၍ တစ်ဆက်တည်းပင် မျက်နှာကို ကုပ်လိုက်သည်။

ကုလားမှာ မျက်နှာမှ သွေးတို့ဖြာကျလျက် မချိမဆန့် အော်ဟစ်ရင်း နောက်သို့လှည့်ပြေး၏။

ဖေဖေက ဖမ်းဆွဲကာ ပါးစပ်ဖြင့် ဖိခနဲဂုတ်ပိုးကို ကိုက်လိုက်သည်။ အသံပြဲဖြင့် အော်၍ကုလားလဲတော့၏။

"ခွေးမသား ကျားမြွသွင်"

ဒေါက်တာမာတင်ကင်းက အော်၍ဆဲရင်း ဖေဖေထံသို့ သေနတ်ပြောင်းလှည့်ကာ ဒိုင်းခနဲ ပစ်ချလိုက်သည်။

သူမက ကိုယ်ကိုရုန်းကန် လူးလွန့်၍လှုပ်လိုက်သောကြောင့် သေနတ်ပြောင်းမှ ထွက်သောကျည်လမ်းကြောင်း ပြောင်းသွားသဖြင့် ဖေဖေ့ကိုမထိ။

ဖေဖေသည် နောက်ကျွမ်းပစ်၍ မာတင်ကင်းကို မာန်ဖီကာ ကြည့်နေ၏။





ဒေါက်တာမာတင်ကင်းက သေနတ်ဖြင့် နောက်တစ်ချက် ပစ်ရန် ချိန်နေစဉ် စုံထောက်စိန့်ဘန်းက ခုန်ဝင်လျက် ဒေါက်တာမာတင်ကင်းလက်မှ သေနတ်ကို လု၏။

သူတပြန်၊ ကိုယ်တပြန် နှစ်ဦးသား သတ်ပုတ်နေဆဲ သူမ လွတ်လပ်သွားပြီး ဖေဖေထံသို့ပြေးသွားခဲ့သည်။

သို့သော် ဖေဖေ့ထံ မရောက်။

ဖေဖေက ခုန်၍ သူမအား ကိုယ်ဖြင့်တိုက်လိုက်သဖြင့် လွင့်လဲသွားစဉ် သေနတ်သံတစ်ချက် ပေါ်လာကာ ဖေဖေ့ခန္ဓာကိုယ် တုန့်ခနဲ ဖြစ်သွား၏။

ဖေဖေ သေနတ်ထိသွားပြီ။

သေနတ်ပစ်သူဟာ မဒရပ်ကုလားဖြစ်၏။ သူမကို ပစ်ခြင်း ဖြစ်သည်။

ဖေဖေက သူမကို ဝင်ကာလိုက်သဖြင့် ဖေဖေထိသွားပြီ။

"ဖေ...ဖေ"

ဟုလဲနေရာမှ သူမအော်လိုက်၏။

ဖေဖေသည် ဒဏ်ရာဖြင့် တုန်ခနဲဖြစ်သွားရာမှ သေနတ်ပစ်သူထံ ဒေါတကြီးခုန်ဝင်လိုက်ပြန်၏။ သို့သော် နောက်သေနတ်သံ တစ်ချက်နှင့်အတူ ဖေဖေ လေထဲမှမြေပြင်သို့ ဘိုင်းခနဲပြုတ်ကျသွားသည်။

"ဖေဖေ... ဖေဖေ"

သူမအော်ရင်း ဖေဖေ့ထံ ပြေးသွားခိုက် သေနတ်သံတစ်ချက် ထွက်လာပြီးနောက် ဖေဖေ့ ပစ်သူကုလားလဲကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းသက်ပြင်း ပစ်လိုက်ခြင်းဖြစ်လေသည်။

စုံထောက်စိန်ဘန်းကလည်း ဒေါက်တာမာတင်ကင်းကို လက်ပြန်ချုပ်မိသွားလေပြီ။

ဖေဖေသည် မြေပြင်တွင် လဲနေရာမှ ဟိန်းဟောက်သံပြု၍ ခေါင်းထောင်လာ၏။

စုံထောက်စိန်ဘန်းလက်မှ မာတင်ကင်းကို မျက်လုံးစိမ်းစိမ်းကြီးဖြင့်ကြည့်ကာ ဟိန်းသံအက်အက်ဖြင့် ခုန်လိုက်၏။ ဖေဖေကိုယ်မှ သွေးတို့ ဖျန်းခနဲ ထွက်ကျသွားသည်။

သည်တစ်ခါ ခုန်လိုက်ခြင်းက မာတင်ကင်းထံသို့ဖြစ်၏။

လေကဲ့သို့ လျင်မြန်သော ဖေဖေ့ အခုန်က မာတင်ကင်းကိုယ်ပေါ်သို့တည့်တည့်ကျသည်။

စုံထောက်စိန်ဘန်းပင်လျှင် နောက်သို့လဲကျပြီး ဘေးသို့ လိမ့်ထွက်လိုက်ရသည်။

ထိုခဏသည်ကား ထိုနေရာကလေးမှာ ဖေဖေ၏ နာကြည်းသောဟိန်းသံ၊ ကိုက်ဝါးသံ...။ ဒေါက်တာမာတင်ကင်း နောက်ဆုံးထွက်သက်ဖြင့် အော်သံတို့က ကမ္ဘာပျက်မတတ်ပင် ဆူညံ၍သွားပေတော့သည်။

လှမြသွေး ငိုင်၍ကြည့်နေရာမှ...

ဖေဖေရှိရာသို့ ပြေးသွားခဲ့သည်။

အသက်ပျောက်နေသော မာတင်ကင်းကို ကိုက်ခဲလျက်ဖြင့်ပင် ဖေဖေမလှုပ်တော့။ ဖေဖေ သေဆုံးလေပြီ။

လှမြသွေးမှာ အမှောင်အတိ...။

* * * * * * *





## အခန်း ( ၁၃ )

## နိဂုံး

ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် မြန်မာနိုင်ငံအား ကက်စတီအစိုးရအုပ်ချုပ်နေစဉ် အင်းစိန်ဈေးကြီးရှေ့၌ ကျားရုပ်ကလေးတစ်ရုပ်၊ လူရုပ်ကလေး တစ်ရုပ်ကိုဆွဲကာ...

"ဟဲ့... ကျားဖြစ်လိုက်စမ်း"

"ဟဲ့... လူဖြစ်လိုက်စမ်း"

ဟု စေခိုင်းနေတတ်သော အသားဖြူဖြူ၊ ရုပ်ချောချော၊ အဝတ်အစား နွမ်းနွမ်းနှင့် အသက်သုံးဆယ်ခန့် အမျိုးသမီး စိတ်မနှံ့သူတစ်ဦးကို နေ့စဉ်လိုလိုပင် ဈေးရောင်းဈေးဝယ် လာသူတို့ တွေ့နိုင်မည်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးသည်ကား မိဘနှစ်ပါးစလုံး ဗိဝမိတ္တာကောင်းနာဗီဟာစ်တလာကို အလုပ်အကြွေးပြုလိုလှသော ဒေါက်တာမာတင်ကင်းကြောင့် ကြမ္မာဆိုးစွာ သေဆုံးသွားရပြီး၊ ဒုတိယကမ္ဘာစစ်အတွင်း အိမ်ကိုဗုံးမှန်၍ ဆွေမျိုးများသေ၊ ကယ်သူမဲ့ ရှုံးသွပ်သွားရရှာလေသော သနားစရာမိန်းကလေး 'လှမြသွေး'သာလျှင် ဖြစ်ပါတော့သည်။ ။

*စာချစ်သူအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။*

***ဆက်လက်ကြိုးစားပါဦးမယ်။***

**နန္ဒစိုး**

*(၁–၃–၂၀၁၃)*

BURMESE CLASSIC



www.burmeseclassic.com